www.burmeseclassic.com

# အမြတ်ဆုံးစစ်သည်နှင့်
# စကားစစ်ပွဲ

ပုံပြတရားတော်

မဟာစည်မွေ့ကထိက

ပြွန်တန်ဆာ **အရှင်သုန္ဒရ** ၊ ဘီအေ

အမျိုးသားပထမကျော်

အစိုးရဓမ္မာစရိယ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယအကြိမ်
၁၉၈၃-ခုနှစ်၊ ဇန်နဝါရီလ၊ အုပ်ရေ [ ၃၀၀၀ ]
မျက်နှာဖုံးပန်းချီနှင့် အတွင်းသရုပ်ဖော် ပန်းချီများ
ပန်းချီဆရာကြီး - ဦးကိုလေး။
မျက်နှာဖုံးရိုက် - မျိုးညွန့်

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် [ ၁၃၃၈ ]
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် [ ၀၅၈ ]

တန်ဖိုး - (          ) ကျပ်။

ထုတ်ဝေသူ ။ ။ ဒေါ်တီ (မြ-၀၀၆၈)၊ သီရိစာပေဖြန့်ချိရေး၊ အမှတ် ၃၈၊ ၈၇ လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်မြို့။
ပုံနှိပ်သူ ။ ။ ဒေါ်တီ (မြ-၀၁၂၆၁)၊ မျိုးညွန့်စာပုံနှိပ်တိုက်၊ အမှတ်-၃၈၊ ၈၇-လမ်း၊
ကန်တော်ကလေး ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

မဟာစည် နိုင်ငံခြားသာသနာပြု ဓမ္မကထိက

ပြွန်တန်ဆာအရှင် သုန္ဒရ (ဘီ-ဇေ)

အမျိုးသားပထမကျော် အစိုးရဓမ္မာစရိယ

# အမြွက်ဆုံးစစ်သည် နှင့် စကားစစ်ပွဲ

# ပုံပြတရားတော်

သီရိရတနာ စာပေတိုက်

အမှတ် ၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## အရှင်ပညာဒီပ၏ စကားလက်မှန်

ပြွန်တန်ဆာ အရှင်သုန္ဒရ (ဘီအေ-ဓမ္မာစရိယ-အမျိုးသားပထမကျော်) ကို စာရေးသူအနေနဲ့ စာဖတ်ပရိသတ်များအတွက် အထူးမိတ်ဆက်ပေးရန် မလိုတော့ပါ။ ဘာ့ကြောင့်လဲဆိုတော့ ဆရာတော် ရေးသားခဲ့သော (၁) ဒုစရိုက်အပြစ်ဘေး ကင်းလွတ်ရေးတရားတော်၊ (၂) ဒိဋ္ဌိတဏှာပယ်ခွာရေးတရားတော်၊ (၃) ကံနှင့်လူသားတရားတော်၊ (၄) လူ့ကျင့်ဝတ်တရားတော် စာအုပ်များ ထွက်ပြီးသား ဖြစ်နေသောကြောင့်ပါပဲ။

ပြွန်တန်ဆာ အရှင်သုန္ဒရနှင့် ဉာဏ်နိဒါန်းရေးသားသူတို့သည် မဟာစည် ဓမ္မကထိကအဖွဲ့ထဲမှာ ပါဝင်ကြပြီး ညောင်ကန်အရှင်ကုန္ဒက ခေါင်းဆောင်သော အဖွဲ့ငယ်တွင် အတူတကွ နယ်လှည့်တရား ဟောကြားခဲ့ကြသည့်အပြင် နှစ်ပါးတည်းတွဲပြီး ထရားဟောခဲ့တဲ့အခါမျိုးလည်း ရှိခဲ့ပါတယ်။ (၁၀) ရက်စခန်းများမှာလည်း အတူတွဲပြီး တရားဟော တရားပြခဲ့ကြပါတယ်။

အရှင်သုန္ဒရသည် သာမန်အချိန်များဆိုရင် စကားနည်းပြီး အေးအေးဆေးဆေး စာဖတ်နေတာပဲများပါတယ်။ ဒါပေမယ့် တရားဟောပြော ရေးသားတဲ့အခါမှာတော့ လူငယ်၊ လူလတ်၊ လူကြီးပရိသတ်အစားစား နားကြားနိုင်၊ ဖတ်ရှုနိုင်အောင် သွက်သွက်လက်လက် ဟောတတ်၊ ရေးသားတတ်တယ်ဆိုတာကိုတော့ အထူးရေးသားနေဖို့တောင် မလိုဘူးလို့ ထင်ပါတယ်။ ဆရာတော် ရေးသားခဲ့တဲ့ တရားတော်များအကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေဖြန့်ချိနေတာကိုက ပရိသတ်အများ စိတ်ဝင်စားကြတယ်ဆိုတာ သိသာထင်ရှားလှပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း 'အမြတ်ဆုံးစစ်သည်တရားတော်' နှင့် 'စကားစစ်ပွဲတရားတော်' နှစ်ပုဒ်တွဲပြီး တရားစာအုပ်တစ်အုပ် ထွက်၍ လာခဲ့ပြန်ပါပြီ။

## အမည်ဆန်းပေမယ့်

တရားတော်ရဲ့ နာမည်က ခေတ်ဆန်သလို ဖြစ်နေပေမယ့် တော်စွလျော်စွ တရားမျိုး မဟုတ်ပါ။ ပါဠိတော်အဋ္ဌကထာလာ အကြောင်းအရာများနှင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာအလုပ်ပေး တရားတော်များကို ပေါင်းစပ်ပြီး မဂ်ရောက်ဖိုလ်ဝင် နိဗ္ဗာန်မြင်နိုင်သည်အထိ ကျင့်ကြံနိုင်အောင် ဟောကြားထားတဲ့ တရားတော်များ ဖြစ်ပါတယ်။ အဲဒါကိုလည်း အရှင်သုန္ဒရကိုယ်တိုင် (ဒီလိုတရားခေါင်းစဉ်တပ်ထားပေမယ့် [လ] ပေါင်းစပ် ဟောကြားမည့် တရားဖြစ်ပါတယ်) ဟု ဝန်ခံထားပါတယ်။

ဒါကြောင့် (၁) အမြတ်ဆုံးစစ်သည်ဆိုတာ ဘယ်လို ပုဂ္ဂိုလ် (၂) အမြတ်ဆုံးစစ်သည်ဖြစ်အောင် ဘယ်လို ကျင့်ကြံအားထုတ် မှုလုပ်ရမလဲဆိုတာ ဤတရားစာအုပ်ကို ဖတ်ရှုလေ့လာခြင်းဖြင့် အပြည့်အစုံ သိရမှာ ဖြစ်ပါတယ်။

## တစ်မျိုးဖတ်စရာ

ထို့အတူ စကားစစ်ပွဲတရားတော်ကလည်း တရားရဲ့နာမည်ကိုက ဖတ်ချင်စရာ ဖြစ်နေပါတယ်။ တရားတော်ရဲ့နာမည်က စိတ်ဝင်စားစရာကောင်းသလို ဖတ်တဲ့အခါမှာလည်း စာဖတ်သူအား ဆွဲဆောင်သွားပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com


အဲဒါကို အနည်းငယ်မျှ ထုတ်ပြရမယ်ဆိုရင်. . .

မိလိန္ဒမင်းကြီးက ရှင်နာဂသိန်ကို ရိုသေစွာ ရှိခိုးပြီးတော့ အရှင်ဘုရားရဲ့ဘွဲ့တော် ဘယ်လို ခေါ်ပါသလဲလို့ မေးလျှောက်ပါတယ်။

ရှင်နာဂသိန်က ဒကာတော်မင်းမြတ်၊ ငါရဲ့သီတင်းသုံးဖော်တွေကတော့ ငါ့ကို နာဂသေနလို့ ခေါ်ကြတယ်။ မိဘတွေကတော့ သီဟသေန၊ ဝီရသေန၊ သူရသေနလို့လည်း ခေါ်ကြတယ်။ ဒါပေမယ့် ဒီနာဂသေနစတဲ့ အမည်တွေဟာ ပညတ်-အခေါ်မှန်မျှသာ ဖြစ်တယ် (လ) မေးတိုင်း မေးတိုင်း ရှင်နာဂသေနက လည်း မဟုတ်ဘူး၊ မဟုတ်ဘူးလို့ချည်း ထပ်ထပ်ဖြေတယ်၊ စသည်ဖြင့် စိတ်ဝင်စားဖွယ်ရာဖြစ်သည့်အပြင် ဓိပဿနာဘက်ကို ဦးတည်ပြီး ခန္ဓာငါးပါးဆိုတာ မြင်ဆဲ၊ ကြားဆဲ၊ နမ်းရှူဆဲ၊ စားသိဆဲ၊ ထိဆဲ၊ တွေးဆဲတွေမှာ ထင်ရှားရှိတဲ့ ရုပ်နာမ်တရားတွေပါပဲ စသည်ဖြင့် ခန္ဓာငါးပါး ဖြစ်ပုံကို ဆောင်ပုဒ်လင်္ကာများနှင့်တကွ အသေးစိတ် ဟောကြားထားပါတယ်။

ခန္ဓာငါးပါးတရားတွေကို မရှုမှတ်နိုင်ရင် ၎င်းတို့ကို တဏှာ၊ မာန၊ ဒိဋ္ဌိနှင့် စွဲလမ်းနိုင်တယ်။ ဒီတဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ တရားတွေဟာ သံသရာကို ချဲ့ထွင်တတ်တဲ့ နယ်ချဲ့တရားတွေ ဖြစ်တယ်။ ဒီတရားတွေ မကင်းသေးသမျှ သတ္တဝါတွေဟာ သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်ကြပါဘူး။ ဒီတဏှာ၊ မာန၊ ဒိဋ္ဌိတွေ မဝင်နိုင်အောင် လုံးဝကင်းလွတ်သွားအောင် ဘယ်လိုကျင့်ကြံအားထုတ်ရမယ်ဆိုတာကို စိတ်ဝင်စားဖွယ်ရာ ဟောကြားထားတဲ့ တရားတော် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အမှာနိဂုံး

ဤအမြတ်ဆုံးစစ်သည် တရားတော်နှင့် စကားစစ်ပွဲ တရားတော်များဟာလည်း ယခင် ဒုစရိုက် အပြစ်ဘေး ကင်းလွတ်ရေးတရားတော်၊ ဒိဋ္ဌိတဏှာ ပယ်ခွာရေးတရားတော်၊ ကံနှင့်လူသားတရားတော်၊ လူ့ကျင့်ဝတ်တရားတော်များလိုပင် ပရိသတ်နှစ်သက်မည့်တရားများ ဖြစ်လိမ့်မယ်လို့ ယုံကြည်ယူဆမိပါတယ်။

ဒါကြောင့် ဤအမြတ်ဆုံးစစ်သည် တရားတော်နှင့် စကားစစ်ပွဲ တရားတော်များကို ဖတ်ရှုလေ့လာပြီး ၎င်းတရားတော်များမှ လာတဲ့အတိုင်း ကျင့်ကြံပွားများ အားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အဆင့်ဆင့်တို့ဖြင့် အမြတ်ဆုံးနိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

အရှင်ပညာဒီပ
[သာသနဓဇသိရီပဝရဓမ္မာစရိယ]
ဝက်ပုတ်သာသနာ့ရိပ်သာ
ပေါင်းတည်မြို့။

၁၃၄၁-ခုနှစ်၊
နတ်တော်လဆန်း (၁၅) ရက်။

www.burmeseclassic.com

www.burmeseclassic.com

# အမြွတ်ဆုံးစစ်သည် တရားတော်

## ပ ထ မ

ယော ကိလေသေ ပဟန္တွာန၊ အပိဋ္ဌမ္ဘိ ဇယံဝရံ။
အမှာကမ္ဘိ ဝရံမမ္ဘ၊ ဒေသေသိတံ နမာမဟံ။ ။

ယောနာယကော၊ လူနတ်ဗြဟ္မာ သတ္တဝါအများတို့၏ ရှေ့သွားလမ်းညွှန် ခေါင်းဆောင်မှူးဖြစ်တော်မူသော အကြင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ကိလေသေ၊ ကိုယ်တွင်းပူဆာ ကိလေသာရန်သူ အဆိုးအယုတ်တို့ကို။ ပဟန္တွာန၊ သဗ္ဗညုဉာဏ် ရင့်သန်ကြည်ရာ အပရာဇိတ ဌာနအောင်ခန်းပလ္လင်နန်း၌ပင်လျှင် အရဟတ္တမဂ်ဉာဏ်တည်းဟူသော လက်သုံးတော်သန်လျက်မားဖြင့် အမျိုးမြတ်အောင်ထိုးခုတ်ပယ်သတ်ထားနိုင်ခဲ့ပြီး ဖြစ်ပါ၍။ ဇယံဝရံ၊ ဘယ်တော့မှ ပြန်လည် မဆုံးရှုံးနိုင်သည့် အရဟတ္တဂုဏ်

www.burmeseclassic.com

www.burmeseclassic.com

တည်းဟူသော အောင်ဆုအောင်ပန်းကုံးကို။ အပိဋကန္ဒီ၊ အမြဲတစေ ပန်ဆင်တော်မူနိုင်ခဲ့လေပြီ။ ပိဋကန္ဒီတွာဝ၊ ကိုယ်တော်တိုင် အောင်ပန်းကို ဆင်မြန်းတော် မူခဲ့ပြီးမှသာလျှင်။ အမှာစာမှို၊ ကိလေသာရန်သူနှင့် ယှဉ်ပြိုင်လျှင် အမြဲတမ်းပင် ရှုံးပွဲနှင့်ရင်ဆိုင်လာကြရသည့် လူနတ်ဗြဟ္မာ သတ္တဝါအများ အကျွန်ုပ်တို့အားလည်း။ ဝရုံခမ္မဲ၊ ကိလေသာမာရ် ကိုယ်တွင်းရန်ကို အောင်မြင်ရာအောင်မြင်ကြောင်း နည်းကောင်းလမ်းကောင်း မြတ်သောတရားအပေါင်းကို။ ဒေသေသိ၊ ကရုဏာရှေ့သွား ပညာအားဖြင့် ညွှန်ကြားဟောပြတော်မူခဲ့လေပြီ။ တံနာယကံ၊ လူနတ်ဗြဟ္မာ သတ္တဝါ အများတို့၏ ရှေ့သွားလမ်းညွှန် ခေါင်းဆောင်မွန် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ အဟံ၊ တရားနာသူ များပိုလ်လူတို့အား ကိလေသာ အညစ်အကြေးမှ ကင်းဝေးစင်ကြယ်စေရန် တစ်ခုတည်းသောလမ်းမှန် တစ်ကြောင်းတည်းသော လမ်းမှန်ဖြစ်သည့် မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို ဟောကြားတော့မည့် စိတ်ဓာရည်၍ ကြံစည်အားထုတ်အကျွန်ုပ်သည်။ နမာမိ၊ ဂုဏ်တော်ရွယ်ကိုး အားတော်ကိုး၍ ရှိခိုးကန်တော့လိုက်ပါသည်ဘုရား။ နမာမိ၊ တရားဟောတရားနာ များစွာသော ပရိသတ်အပေါင်း သူတော်ကောင်းတို့၏ ကိုယ်တွင်းကိုယ်ပ အိမ်တွင်းအိမ်ပ ရွာတွင်းရွာပ မြို့တွင်းမြို့ပပါမကျွန် ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ဟူသမျှ ကင်းပဝေကြောင်း ဆုမွန်တောင်းကာ ရှိခိုးကန်တော့ လိုက်ရပါတော့သည်ဘုရား။

သာဓု . . . သာဓု . . . သာဓု . . .။

www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓပဏာမစကား

ဒီပင်္ကရာမြတ်စွာဘုရား ထံတော်ပါးမှာ နိယတဗျာဒိတ်ပန်း ဆင်မြန်းတော်မူခဲ့တဲ့ သုမေဓာရှင်ရသေ့ ဘဝမှစပြီးတော့ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်ကျင့်တော်မူခဲ့ပြီးဖြစ်တဲ့ ဘုရားအလောင်းတော်ဟာ မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့် ညနေချမ်းမှာ ဗောဓိမဏ္ဍိုင်သို့ ကပ်ရောက်တော်မူပြီးတဲ့နောက် မိမိရဲ့ပါရမီအလျောက် ဖြစ်ထွန်းပေါ်ပေါက်လာတဲ့ အပရာဇိတပလ္လင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူပါတယ်။ ဘုရားမဖြစ်မချင်း ဒီအထိုင်ကို မဖျက်ဘူးဆိုတဲ့ ရည်စူးချက် အဓိဋ္ဌာန်နှင့် တရားအလုပ်အားထုတ်ဖို့ ထိုင်နေခြင်းပါပဲတဲ့။

အဲဒီနောက် နေမဝင်မီ မာရ်နတ်ရန်ကို အောင်မြင်တော်မူပြီး ညဉ့်ဦးယံမှာ ရှေးရှေးဘဝ ခန္ဓာအစဉ်ကို ပြန်လည်အောက်မေ့နိုင်. သတိရနိုင်တဲ့ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ကို ရရှိတော်မူပါတယ်။

သန်းခေါင်ယံကျတော့ ကြည့်လိုရာရာ အကြီးအသေး အနီးအဝေး ရှိရှိသမျှ သက်ရှိသက်မဲ့ အရာဝတ္ထုတွေကို ကြည့်နိုင်မြင်နိုင်တဲ့ နတ်မျက်စိနဲ့တူတဲ့ ဒိဗ္ဗစက္ခု အဘိညာဏ်ကို ရရှိတော်မူပါတယ်။

မိုးသောက်ယံမှာတော့ အာသဝက္ခယဉာဏ်ကို ရရှိတော်မူပြီး သဗ္ဗညုစင်စစ် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူပါတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားရဲ့ အာသဝက္ခယဉာဏ်ဆိုတာဟာ ကိလေသာမှန်သမျှကို ဝါသနာနှင့်တကွ အကြွင်းမဲ့ ပယ်သတ်တတ်တဲ့ အရဟတ္တမဂ်ဉာဏ်တော်ပဲ ဖြစ်ပါတယ်။

မြတ်စွာဘုရားဟာ အဲဒီ အရဟတ္တမဂ်ဉာဏ်ကို ရရှိလိုက်သည်နှင့်တစ်ပြိုင်နက် ကိလေသာ ခပ်သိမ်း အပြီးတိုင် ကင်းငြိမ်းသွားတော့တယ်။ ဘယ်တော့မှ ပြန်လည်မဆုံးရှုံးနိုင်တဲ့ အရဟတ္တဖိုလ်တည်းဟူသော အမြတ်ဆုံးအောင်ပန်းကို ထာဝစဉ် ဆင်မြန်းတော်မူရပါတယ်။

ဒါကြောင့် မြတ်စွာဘုရားဟာ မြင်ရာ၊ ကြားရာ၊ နမ်းရှူရာ၊ စားရာ၊ ထိတွေ့ရာ၊ ကြံသိရာတွေမှာ ဘာကိလေသာမျှ မပေါ်တော့ဘဲ ကိလေသာအညစ်အကြေးမှ ထာဝစဉ် ကင်းဝေးစင်ကြယ်တော်မူပါတယ်။ မာရ်နတ်ရဲ့ သမီးပျိုသုံးဦးတို့က အစွမ်းကုန် မြူဆွယ်လာတာတောင် မရတာဟာ ကိလေသာအညစ်အကြေး ကင်းဝေး စင်ကြယ်လို့ပဲ ဖြစ်ပါတယ်။

ဒီလို ကိလေသာ အညစ်အကြေး ထာဝစဉ် ကင်းဝေးစင်ကြယ်ရအောင် ကိုယ်တော်တိုင် ကျင့်ကြံ ကြိုးကုတ် အားထုတ်တော်မူခဲ့ရပါတယ်။ အားမထုတ်ဘဲ မကျင့်ကြံဘဲ အလကားနေရင်း ကိလေသာရန်ကို အောင်မြင်တာ မဟုတ်ပါဘူးတဲ့။

---

[၁] မာရ်နတ်၏ သမီးပျိုသုံးဦးတို့က အစွမ်းကုန် မြူဆွယ်ကြသော်လည်း မြတ်စွာဘုရားက တုန်လှုပ်ခြင်း အလျှင်းရှိတော်မမူပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ကိလေသာငြိမ်းအောင် ကိုယ်တိုင်လဲ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူခဲ့ရတယ်။ လူနတ်ဗြဟ္မာ သတ္တဝါတို့အားလဲ ကိလေသာငြိမ်းအောင် ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့ တိုက်တွန်းဟောကြားခဲ့ပါတယ်။ ကိလေသာငြိမ်းအောင် အားထုတ်ပုံ အားထုတ်နည်းတွေကိုလည်း ညွှန်ပြ ဟောကြားတော်မူခဲ့ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားဟာ လူနတ်ဗြဟ္မာ သတ္တဝါအများတို့ရဲ့ ရှေ့သွားလမ်းညွှန် ခေါင်းဆောင်မွန် ဖြစ်တော်မူပါတယ်။ ဒီလို ရှေ့သွားလမ်းညွှန် ခေါင်းဆောင်မွန် ဖြစ်တော်မူတဲ့ မြတ်စွာဘုရားကို ရှိခိုးပူဇော်တဲ့ ဗုဒ္ဓပဏာမစကားနှင့် ဒီနေ့ တရားပွဲကို စလိုက်ပါတယ်။

✱

www.burmeseclassic.com

www.burmeseclassic.com

## အမြတ်ဆုံးစစ်သည်တော်

ဒီနေ့ ဟောမယ့် တရားခေါင်းစဉ်ကတော့ 'အမြတ်ဆုံး စစ်သည်တော်' တဲ့။

ဒီလို တရားခေါင်းစဉ် တပ်ထားပေမယ်လို့ ဟောကြားမယ့် အကြောင်းအရာကတော့ ဓမ္မပဒ အဋ္ဌကထာ၊ သဟဿဝဂ်လာ၊ ကုဏ္ဍလကေသီထေရီမဝတ္ထုနှင့် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာ အလုပ်ပေးတရားတော်များကို ဆီလျော်အောင် ပေါင်းစပ်ဟောကြားမယ့် တရား ဖြစ်တယ်။ တစ်နည်းအားဖြင့် ကိလေသာ ပယ်သတ်နည်းတရားပါပဲ။ ကဲ. . တရားပွဲ စ,မယ်။

ယော သဟဿံ သဟဿေန၊ သင်္ဂါမေ မာနုသေ ဇိနေ။

ဧကံစ ဇေယျမတ္တာနံ၊ သ ဝေ သင်္ဂါမဇုတ္တမော။ ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို. . ချစ်သားတို့။ ယော၊ တိုက်ပွဲတိုင်း အောင်မြင်သည့် အကြင်သူရဲ ကောင်း စစ်သားသည်။ သင်္ဂါမေ၊ သူနိုင်ကိုယ်နိုင် အပြိုင်နွဲယှဉ် အသက်လုကာ တိုက်ပွဲဝင်ရသည့် စစ်မြေပြင်၌။ သဟဿေန သဟဿံ၊ ကိန်းဂဏန်းအားဖြင့် တစ်သန်းအရေအတွက်ရှိသော။ မာနုသေ၊ တစ်ဘက်ရန်သူ လူအပေါင်းတို့ကို။ ဇိနေ-ဇိနေယျ၊ အများနှင့်တစ်ယောက်ပင် ယှဉ်ပြိုင်ရပေမယ့် အောင်ပွဲဆင်နိုင်စွမ်းရာ၏။ ယော စ၊ ကျား-မ မဟူ မည်သူမဆို ဝိပဿနာရှုမှတ်နေသော အကြင်ယောဂီပုဂ္ဂိုလ်သည်လည်း။ အတ္တာနံ၊ မိမိ၏ ကိုယ်တွင်းပူဆော ကိလေသာကို။ ဧကံ၊ တစ်ကြိမ်တစ်ခါမျှ။ ဇေယျ၊ ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် အဆင့်ဆင့်ပယ်သတ်တာ အောင်စွမ်းနိုင်ရာ၏။ တေသု၊ ယောဂီနှင့် စစ်သား အောင်နိုင်သူ နှစ်မျိုးနှစ်စားတို့

တွင်။ ၀၀၊ စင်စစ်ဇကေန် အမှန်အားဖြင့်။ သ-သော အတ္တာနုဇိနော၊ မိမိ၏ ကိုယ်တွင်းမှဆာ ကိလေသာကို တစ်ကြိမ်တစ်ခါမျှ အနိုင်ရဖူးသော ထိုယောဂီပုဂ္ဂိုလ်သည် (သာလျှင်)။ သင်္ဂါမဇုတ္တမော၊ အောင်သူတကာတို့ ထက် မြတ်သည်။ (ဝါ) စစ်မြေပြင်၌ တကယ့် အောင်ပွဲသဘင်ကို ဆင်နွှဲနိုင်သည့် 'အမြတ်ဆုံး စစ်သည်တော်' သည်။ ယောဂီ၊ ထင်ရှားမသွေ ဖြစ်ပါပေသတည်း။

## စစ်သည် နှင့် ယောဂီ

ရှေးအခါက တစ်ဦးကောင်း တစ်ယောက်ကောင်းနှင့် တစ်ဘက်ရန်သူ အမြောက်အမြားကို ချေမှုန်း အနိုင်ယူနိုင်တဲ့ သူရဲကောင်းစစ်သည်တော်တွေ ပေါ်ထွန်းခဲ့ဖူးပါတယ်။

မြတ်စွာဘုရားလက်ထက်က သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလရဲ့ စစ်သူကြီး မဟာဗန္ဓုလဆိုရင် အလွန်ထင်ရှားပါတယ်။ တစ်ခါက မဟာဗန္ဓုလဟာ လိစ္ဆဝီမင်းသားငါးရာကို မြားတစ်စင်းတည်းဖြင့် ပစ်ခွင်းပြီး အနိုင်ယူခဲ့ဖူးပါတယ်တဲ့။

မဟာဝင်မှာလည်း သီဟိုဠ်ကျွန်း အနုရာဓပြည့်ရှင် ဘုရင်ဒုဋ္ဌဂါမဏိရဲ့ သူရဲကောင်း စစ်သားများ အစွမ်းထက်မြက်ပုံတွေ၊ တစ်ဦးကောင်း တစ်ယောက်ကောင်းနှင့် တစ်ဘက်ရန်သူ အမြောက်အမြားကို ချေမှုန်း သုတ်သင်နိုင်ပုံတွေကို ချီးကျူးဖော်ပြထားတာ တွေ့ရပါတယ်။

---

[၂] ရထားကိုယ်စီဖြင့် ဖမ်းဆီးရန်လိုက်လာသူ လိစ္ဆဝီမင်းငါးရာကို ဗန္ဓုလက မြားဖြင့် ပစ်ခွင်းနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



မြန်မာ့သမိုင်းမှာလဲ ကျန်စစ်သား၊ ထွေးရှု၊ လုံးလက်ဖယ် စတဲ့ သူရဲကောင်း စစ်သည်တော်တွေရဲ့ တိုက်စွမ်းရည် ထက်မြက်ပုံတွေကို တွေ့နိုင်ပါတယ်။

'တစ်ယောက်ကောင်းက၊ တစ်သောင်းဗိုလ်ခြေ၊ ညက်ညက်ကြေ' ဆိုတဲ့ ဆိုရိုးစကားဟာ ဒီလို တစ်ယောက်တည်းက ရန်သူအများကို ချေမှုန်းအနိုင်ယူနိုင်တဲ့ သူရဲကောင်းစစ်သည်တော်တွေ ပေါ်ထွန်းခဲ့ဖူးကြောင်းကို ဖော်ညွှန်းပြနေတဲ့ ဆိုရိုးစကားဟောင်းပါပဲ။ အဲဒီလို သူရဲကောင်း စစ်သည်တော်မျိုးဟာ သူနိုင်ကိုယ်နိုင် အပြိုင်နွှဲကာ အသက်လုတိုက်ပွဲဝင်ရတဲ့ စစ်မြေပြင်မှာ တစ်ဘက်လူအမြောက်အမြားကို မိမိတစ်ယောက်တည်းနှင့် အနိုင်ရသည်ပဲ ဆိုကြပါစို့။

မိမိရဲ့ကိုယ်ခန္ဓာတည်းဟူသော စစ်မြေပြင်မှာ ကိလေသာတည်းဟူသော ရန်သူတွေကို (ဝိပဿနာ လက်နက်ဖြင့်) တိုက်ဖျက်ချေမှုန်းနေတဲ့ ယောဂီသူရဲကောင်းဟာလည်း မိမိရဲ့ ကိုယ်တွင်းပူဆာ ကိလေသာကို တစ်ကြိမ်တစ်ခါမျှ အနိုင်ရဖူးတယ် ဆိုကြပါစို့။

အဲဒီ ပကတိစစ်မြေပြင်မှာ ပကတိရန်သူကို အနိုင်ရတဲ့ ပကတိစစ်သည်တော် သူရဲကောင်းရဲ့ အောင်မြင်မှုရယ်၊ ကိုယ်ခန္ဓာ စစ်မြေပြင်မှာ ကိလေသာရန်သူကို အနိုင်ရတဲ့ ယောဂီသူရဲကောင်းရဲ့ အောင်မြင်မှုရယ် ဒီအောင်မြင်မှု နှစ်မျိုးနှစ်စားမှာ ယောဂီသူရဲကောင်းရဲ့ အောင်မြင်မှုကသာ ပို၍ မြတ်တယ်၊ ပို၍ ချီးမွမ်းအပ်တယ်တဲ့။ အဲဒီအကြောင်းကို ဆိုရ မှတ်ရလွယ်အောင် ဆောင်ပုဒ်ကဗျာလေး စီထားတယ်။ ကဲ . . . ကြည့်ကြရအောင် . . .

www.burmeseclassic.com

www.burmeseclassic.com



## စစ်သည် နှင့် ယောဂီ

စစ်မြေပြင်မှာ ရန်သူများကို၊ အောင်နိုင်သွားတဲ့ စစ်သားရယ်။
ကိုယ်တွင်းပူဆာ ကိလေသာများကို၊ ပယ်နိုင်သွားတဲ့ ယောဂီရယ်။
စစ်သည်, ယောဂီ ထိုနှစ်ဦးမှာ၊ ဘယ်သူ အထူး ပိုမြတ်တယ်။
ကိလေသာနိုင်သူ အမြတ်ထားလို့၊ ရှင်တော်ဘုရား ဟောခဲ့တယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

ဒီလို ပကတိစစ်သည်နဲ့ **ယောဂီစစ်သည်**တို့ရဲ့ အောင်မြင်မှု နှစ်မျိုးနှစ်စားတွင် ယောဂီရဲ့ အောင်မြင်မှုကသာ ချီးမွမ်းအပ် မြတ်တဲ့အကြောင်းကို သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက သာဝတ္ထိပြည်မွန် ဇေတဝန်ရောင်မောင်း သူဌေးကျောင်း၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူစဉ် 'ကုဏ္ဍလကေသီထေရီမ' ကို **အကြောင်းပြု**ကာ ဟောကြားတော်မူခဲ့တယ်တဲ့။

## သမီးလေး မယ်ဘဒ္ဒါ

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ရာဇဂြိုဟ်ပြည်မှာ သူဌေးသမီးတစ်ဦး ရှိခဲ့ဖူးတယ်။ ရုပ်ရေအဆင်း လှပတင့်တယ်ပြီး ရှုမငြီးတဲ့ တစ်ဦးတည်းသော သမီးလေးကို မိဘများက 'မယ်ဘဒ္ဒါ' လို့ အမည်ပေးထားကြတယ်။ မယ်ဘဒ္ဒါလေးဟာ ၁၆ နှစ်အရွယ် ရောက်လာတဲ့အခါ အလှကျက်သရေတွေ ပို၍ဖြိုးဝေလာတယ်။ ၁၆ နှစ်အရွယ်ဆိုတာ အမျိုးသမီးများအတွက် အလှဆုံးအရွယ်ဖြစ်တယ်။ ဒီအရွယ်ဟာ

www.burmeseclassic.com

ဘဝကြောင်ဖော်ကို အထူး ငံ့မျှော်တဲ့အရွယ်လဲ ဖြစ်တယ်။ ယောကျ်ားလေးများနှင့် အရောတဝင် နေချင် ပြော ချင်တဲ့ အရွယ်လဲ ဖြစ်တယ်တဲ့။

ဒါကိုသိတဲ့ မိဘများဟာ အရွယ်ရောက်လာတဲ့ သမီးလေးကို စိတ်မချနိုင် ဖြစ်လာကြတယ်။ ဒါ့ကြောင့် ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်ရဲ့အထက်ဆုံးအထပ်မှာ သမီးကိုထားပြီး စောင့်ရှောက် ကြတယ်။ အလုပ်အကျွေး အဖြစ် အမျိုးသမီးအဖော်တစ်ဦးကိုသာ ပေးထားတယ်တဲ့။ ဒါပေမယ့် 'သမီးတစ်ကောင် နွားတစ်ထောင်' ဆိုတဲ့အတိုင်း ထိန်းကျောင်းစောင့်ရှောက်ရတာတော့ မလွယ်ဘူးပေါ့။

## ညဉ့်ပါရင် ဆရာမနိုင်

အဲဒီရာဇဂြိုဟ်ပြည်က ပုရောဟိတ်ပုဏ္ဏားကြီးမှာလဲ မယ်ဘဒ္ဒါနှင့် တစ်နေ့တည်း မွေးဖွားသူ သား တစ်ယောက်ရှိပါတယ်။ ဒီသူငယ်ဟာ သူခိုးနက္ခတ်နှင့်ယှဉ်ပြီး မွေးဖွားလာသူဖြစ်တယ်။ အများပြည်သူရဲ့ ရန် သူဖြစ်လာမှာကို သိတဲ့ ဖခင်ပုဏ္ဏားကြီးက သူ့သားငယ်ကို 'သတ္တုက' လို့ နာမည်မှည့်ထားပါတယ်။

သတ္တုကလေးဟာ ပြေးနိုင် လွှားနိုင် ဆော့ကစားနိုင်တဲ့ အရွယ်ကစပြီး ရောက်လေရာရာအရပ်မှ တွေ့ရာမြင်ရာ ပစ္စည်းတွေကို အိမ်သို့ ခိုးယူလာလေ့ရှိတယ်။ ဖခင်ပုဏ္ဏားကြီးက သားဆိုးကို သူများပစ္စည်း မခိုးဖို့ အမျိုးမျိုး ဖျောင်းဖျနားချတယ်။ ဆုံးမစကား ပြောကြားတယ်။

---

[၃] အရွယ်ရောက်လာသူ မယ်ဘဒ္ဒါလေးကို မိဘများက ဘုံ ၇-ဆင့်ရှိ ပြာသာဒ်၏ အထက်ဆုံးထပ်မှာ စောင့်ရှောက် ထားကြပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မွေးကတည်းက သူခိုးစိတ်ပါလာတဲ့ သားက ဖခင်စကားကို လုံးဝနားမထောင်ဘူး။ 'ညဉ့်ပါ အိမ်ရာမနိုင်' ဆိုတဲ့ စကားဟာ ဒီလိုမွေးရာပါ ဆိုးသွမ်းစိတ်ရှိသူကို ဆုံးမ၍ မရနိုင်ကြောင်း ဖော်ပြတဲ့ ဆိုရိုးစကားပါပဲ။

## ဖောက်ထွင်းဝိဇ္ဇာ သတ္တုက

ဒီလိုနဲ့ သတ္တုကဟာ အရွယ်ရောက်လာတယ်။ ဖခင်ပုဏ္ဏားကြီးဟာ ဆုံးမ၍ မရတော့တဲ့ သားကို ပစ္စည်းသုံးမျိုးပေးပြီး အိမ်မှ နှင်ထုတ်လိုက်တယ်။ အဲဒီပစ္စည်းတွေကတော့ (၁) ပုဆိုးမည်းကနစ်ထည်၊ (၂) ကြိုးလှေကားက တစ်ချောင်း၊ (၃) အိမ်ဖောက်ကိရိယာက တစ်ခုတို့ ဖြစ်ကြတယ်။ ပြောမရတဲ့အဆုံး သားဆိုးကို ခိုးစားဖို့ အရင်းအနှီးထောင်ပေးလိုက်တဲ့ သဘောပါပဲ။

သတ္တုကဟာ အိမ်မှနှင်ချခံရတဲ့အတွက် အလွန်ပျော်သွားတယ်။ စိတ်တိုင်းကျ ခိုးစားဖို့ ဆုံးဖြတ်တယ်။ ညအခါ ပုဆိုးမည်းတစ်ထည်ကို ဝတ်၊ တစ်ထည်ကို ခြုံ၊ အိမ်ပေါ်ကို ကြိုးလှေကား ပစ်တင်ပြီး တွယ်တက်၊ သူ့ဖခင်ကပေးလိုက်တဲ့ အိမ်ဖောက်ကိရိယာနဲ့ ဖောက်ထွင်းဝင်ရောက်ပြီး သူများပစ္စည်းကို မိမိပိုင်ပစ္စည်းလို ယူငင်တယ်။ ခိုးရတဲ့ပစ္စည်းတွေကို ထုခွဲရောင်းချပြီး အရက်ဆိုင်မှာ သောက်စားပျော်ပါးလေ့ရှိတယ်တဲ့။

---

[၄] သူခိုးနက္ခတ်နှင့်ယှဉ်ပြီး မွေးဖွားလာသူ သတ္တုကသည် ငယ်စဉ်မှစ၍ သူများပစ္စည်းကို ခိုးယူလာလေ့ရှိရာ ဖခင်ပုရောဟိတ် ပုဏ္ဏားကြီးက မခိုးရန် ဆုံးမနေပုံ၊

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်မြို့တွင်းက အိမ်ကြီးအိမ်ကောင်းမှန်သမျှဟာ သတ္တုကရဲ့ ဖောက်ထွင်းမှုခံရလို့ အပေါက်နဲ့ချည်း ဖြစ်နေတယ်တဲ့။

## ရာဇဝတ်သား ပြေးမလွတ်

တစ်နေ့မှာ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ကြီးဟာ မြို့ထဲ လှည့်လည်ရှုစားတော်မူပါတယ်။ အဲဒီအခါ အိမ်ကြီးအိမ်ကောင်းမှန်သမျှ အပေါက်နဲ့ချည်းဖြစ်နေတာ တွေ့သွားတယ်။ စုံစမ်းမေးမြန်းကြည့်တော့ သတ္တုက သူခိုးရဲ့လက်ချက်မှန်း၊ သတ္တုက သောင်းကျန်းနေမှန်း ဘုရင် သိသွားတယ်။

ဒါနဲ့ မြို့ဝန်ကိုဆင့်ခေါ်ပြီး သတ္တုကကို လက်ရဖမ်းဖို့ အမိန့်ပေးတယ်။ သူခိုးကိုမမိရင် မြို့ဝန်ကို မင်းဒဏ်တပ်မယ်လို့ ပြင်းပြင်းထန်ထန် ရာဇသံပေးပြီး ခိုင်းစေတယ်။

ဒီတော့မှ မြို့ဝန်လည်း မင်းပြစ်မင်းဒဏ်ခံရမှာ ကြောက်တာနဲ့ တစ်မြို့လုံး အစောင့်ချပြီး ဖမ်းဆီးတဲ့အခါ သတ္တုကကို ခိုးထုပ်ခိုးထည်နဲ့ လက်ပူးလက်ကြပ်မိပါတယ်။

ဘုရင့်ထံ ဆက်သတဲ့အခါ 'သတ္တုကကို နှောင်ကြိုးတည်း၊ မြို့ထဲလည်ပြ၊ လမ်းဆုံလမ်းခွရောက်တိုင်း ကြိမ်ဒဏ်ခတ်၊ နောက်ဆုံးကျမှ ခိုးသူတွေကို တွန်းချသတ်ရာ တောင်ချောက်ထဲ တွန်းချသတ်လိုက်' လို့ ဘုရင်က အမိန့်ပေးတယ်။

---

[၅] အရွယ်ရောက်လာသည်အထိ ဆိုဆုံးမ၍မရဘဲ သူများပစ္စည်းခိုးတတ်သူ သတ္တုကကို ဖခင်ပုဏ္ဏားကြီးက ပစ္စည်း ၃-မျိုးပေးပြီး အိမ်မှ နှင်ချနေပုံ။

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ချစ်ခြင်းအစ မျက်စိက

မြို့ဝန်နှင့်အဖွဲ့ဟာ သတ္တုကကို နှောင်ကြိုးတည်း၊ ကြိမ်ဒဏ်ခတ်ကာ မြို့ထဲလှည့်ပြရင်း မယ်ဘဒ္ဒါရဲ့ ပြာသာဒ်နား ရောက်လာပါတယ်။

မယ်ဘဒ္ဒါလဲ ပြာသာဒ်ဆောင် အထက်ဆုံးအထပ် လေသာပြတင်းကိုဖွင့်ပြီး လမ်းဘက် ကြည့်နေခိုက် သတ္တုကကို မြင်လိုက်တယ်ဆိုရင်ပဲ ဘဝကြင်ဖော်အဖြစ် လိုချင်စိတ် ဖြစ်ပေါ်လာတယ်။ မရရင် မနေနိုင်အောင် စွဲလမ်းလာတယ်။ စွဲလမ်းတော့ ရရာရကြောင်း အကြံထုတ်တယ်။ အစာမစားဘဲ ခုတင်ပေါ်မှာ မှောက်ပြီး မထမ်း အိပ်နေတယ်။ အစာငတ်ခံ ဆန္ဒပြတဲ့သဘောပေါ့။

### မရှုမိရင် ကိလေသာဝင်

လိုချင်တာက **တဏှာ** တဲ့။
မရရင် မနေနိုင်အောင် စွဲလမ်းတာက **ဥပါဒါန်** တဲ့။
ရရာရကြောင်း ကြံစည်တာ၊ အစာငတ်ခံတာ၊ ခုတင်ပေါ် မှောက်အိပ်နေတာတွေက **အကုသိုလ်ကံ** တဲ့။

---

[၆] သတ္တုကသည် ခိုးယူ၍ရသော ပစ္စည်းများကို ရောင်းချကာ မူးယစ်သောက်စား ပျော်ပါးနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဒီစိတ်နဲ့သာ သေသွားမယ်ဆိုရင် အပါယ်ကျဖို့ သေချာတယ်။

ဒါဟာ မြင်တာကို ဝိပဿနာ မရှုလို့ တဏှာ၊ ဥပါဒါန်၊ ကံ စတဲ့ အကုသိုလ်တရားတွေ အဆင့်ဆင့် ဖြစ်ပေါ်လာခြင်းပါပဲ။

## မြင်တိုင်းမှတ်ရင် ကိလေစင်

ဒါကြောင့် မြင်ရာကိုအကြောင်းပြုပြီး မဖြစ်သေးတဲ့ အကုသိုလ်တရားတွေ မဖြစ်ရအောင်၊ အကယ်၍ အကုသိုလ်တရားတွေ ဖြစ်ပေါ်လာရင်လဲ ပယ်သတ်နိုင်အောင် အားထုတ်ရမယ်။

ဒီနေရာမှာ အဆင်းရယ်၊ မျက်စိအကြည်ရယ်၊ မြင်သိစိတ်ရယ်၊ မြင်တွေ့မှုရယ်၊ မြင်ခံစားမှုရယ်၊ ဒီတရားငါးပါး အညီအညွတ်ဖြစ်ခိုက်ကို 'မြင်ဆဲခဏ' လို့ ခေါ်ပါတယ်။ အဲဒီမှာ အဆင်းနဲ့ မျက်စိအကြည်က ရုပ်တရား၊ မြင်သိစိတ်၊ မြင်တွေ့မှုနှင့် မြင်ခံစားမှုတို့က နာမ်တရားများ ဖြစ်ကြတယ်။ ဒါကြောင့် မြင်ဆဲမှာ ရုပ်နဲ့နာမ်ဟာ တကယ် ထင်ရှားရှိပါတယ်။


အဲဒီ ရုပ်နာမ်တွေကို ဝိပဿနာရှုရတယ်။ ရှုတဲ့အခါ တစ်ခုစီ တစ်ခုစီ အသီးသီးလိုက်ပြီး ရှုနေဖို့တော့ မလိုပါဘူး။ မြင်တာတစ်ခုကို မှတ်လိုက်ရင် ကျန်လေးခုအပေါ် ရှုမှတ်မှုဟာလဲ အလိုလို အကျုံးဝင်သွားပါတယ်။

---

[၇] သတ္တုတကို ဖမ်းဆီးပြီး ဘုရင့်ထံ ဆက်သနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဤသို့လိုတာက 'မြင်တိုင်းမြင်တိုင်း မြင်တယ်မြင်တယ်' လို့ မပြတ်ရှုမှတ်ရင် ပြီးပါတယ်။ ဒီလို ရှုမှတ်ရင် မဖြစ်ပေါ်သေးတဲ့ အကုသိုလ်တွေ မဖြစ်ပေါ်နိုင်ပါဘူး။ တကယ်လို့ အကုသိုလ်တရားတွေ ဖြစ်ပေါ်လာရင်လဲ 'လိုချင်ရင် လိုချင်တယ်၊ နှစ်သက်ရင် နှစ်သက်တယ်၊ စွဲလမ်းရင် စွဲလမ်းတယ်' စသည်ဖြင့် စိတ်ဖြစ်ပေါ်စဉ်အတိုင်း ဆက်မှတ်သွားရုံပါပဲ။

ဒီလိုမှတ်သွားရင် မှတ်တိုင်းမှတ်တိုင်း ကိလေသာတွေ အခိုက်အတန့်အားဖြင့် ငြိမ်းငြိမ်းသွားပါတယ်။ ဖြစ်ပေါ်လာတဲ့ အကုသိုလ်ကို အကြောင်းပြုပြီး ဝိပဿနာကုသိုလ်တောင် ရနိုင်ပါတယ်။ ဒါဟာ အရှုံးထဲက အမြတ်ထွက်တဲ့ သဘောပါပဲ။

## သူလဲလေ လောကီသားပေမို့

အခုတော့ မယ်ဘဒ္ဒါလေးမှာ မြင်ရာကို အကြောင်းပြုပြီး အကုသိုလ်မဖြစ်အောင် ရှုနည်းမှတ်နည်းတွေကို မသိရှာဘူး။ မလာကီသားပီပီ သူ့သန္တာန်မှာ အကုသိုလ်တရားတွေ ဖြစ်ပွားနေတာကိုလဲ သိရှာဟန်မတူဘူး။ သူ့အဖို့ မြင်ရတဲ့အာရုံ ရရှိရေးတစ်ခုတည်းကိုသာ စွဲလမ်းကြံစည်နေရှာတယ်။


ဒါပေမယ့် သူဟာ ခေသူတော့မဟုတ်ပါဘူး။ ဟို . ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တော်မှပြီး ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်လာခဲ့ပြီးသူ ဖြစ်တယ်။

---

[၈] သတ္တုကကို နှောင်ကြိုးတည်း ကြိမ်ဒဏ်ခတ်ကာ မြို့ထဲလှည့်လည်ပြသစဉ် မယ်ဘဒ္ဒါက ပြာသာဒ်ပေါ်မှ လှမ်းမြင်ရပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ကဿပမြတ်စွာဘုရားလက်ထက် ကိကီမင်းကြီးရဲ့သမီးတော် ခုနစ်ဖော်အနက် စတုတ္ထမြောက်သမီးတော် ဘိက္ခုဒါယိကာ ဖြစ်စဉ်ကဆိုရင် အခြားအစ်မတော် ညီမတော်များနှင့်အတူ တစ်သက်လုံး အိမ်ထောင်ဘက်မရှာဘဲ အပျိုစင်ဘဝနှင့် အနှစ်နှစ်သောင်းတိုင်တိုင် ၁၀-ပါးသီလ ဆောက်တည်ပြီး မြတ်သောအကျင့်ကို ကျင့်လာခဲ့သူ ဖြစ်တယ်တဲ့။

ဒါပေမယ့် ပုထုဇဉ်လောကီသားဆိုတာ ဘာကိလေသာမှ ကုန်သေးတာမဟုတ်ဘူး။ ဒါကြောင့် မယ်ဘဒ္ဒါလေးဟာလဲ လောကီသားဖြစ်နေသေးလေတော့ ကိလေသာရန်သူကို အနိုင်တိုက်ဖို့ သတိမရသေးဘူး။ ကိလေသာရန်သူရဲ့ အနိုင်ခံနေရတာကိုပဲ အကောင်းထင်နေဟန် တူပါတယ်။

## မိဘမေတ္တာ ကြီးမားတာ

ဒီလို သမီးဖြစ်သူ အစာငတ်ခံအိပ်နေတာကို တွေ့တော့ မိခင်ဖြစ်သူက အကျိုးအကြောင်း မေးတယ်။ သမီးက 'သူခိုးသတ္တုကကို ဘဝကြင်ဖော်အဖြစ်ရရင် အသက်ရှင်မယ်၊ မရရင်တော့ အသေခံတော့မယ်' လို့ ယတိပြတ် ဖွင့်ပြောတယ်။ သမီးရဲ့စကားကို ကြားရတော့ မိခင်မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတယ်။ အခြားအမျိုးတူ စည်းစိမ်တူ အမျိုးသားနဲ့ ရှာကြံပေးစားပါ့မယ်။ သူခိုးကိုတော့ ဘဝကြင်ဖော် မလုပ်ပါနဲ့လို့ အမျိုးမျိုးတောင်းပန်ပြောကြားပါတယ်။ ဒါပေမယ့် သမီးက မိခင်စကားကို လုံးဝ နားမဝင်ဘူးတဲ့။

ဒါနဲ့ မိခင်က သူဌေးကြီးကို သူ့သမီးအကြောင်း ပြောပြတိုင်ပင်တယ်။ သူဌေးကြီးကလဲ သမီးကို အမျိုးမျိုး တောင်းပန်ချော့မော့ပြောရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မရတဲ့အခါ တစ်ဦးတည်းသော သမီးကလေး အသက်ရှင်ရင် တော်ပြီဆိုတဲ့ အကြံနဲ့ မြို့ဝန်ထံသွားတယ်။ မြို့ဝန်ကို အသပြာတစ်ထောင်ပေးပြီး သတ္တုကကို တိတ်တဆိတ် ရွေးယူတာယ်။

မြို့ဝန်လဲ အသပြာတစ်ထောင်ယူပြီး သတ္တုကကို လူအလစ်မှာ သူဌေးအား ပေးလိုက်တယ်။ သတ္တုက အစား ထောင်သားတစ်ဦးကို တောင်ပေါ်ခေါ် တွန်းချသတ်ပစ်ပြီး သတ္တုကကို သတ်ပြီးကြောင်း ဘုရင့်ထံ လိမ်လည်လျှောက်တင်လိုက်တယ်တဲ့။

သူဌေးကြီးလဲ သတ္တုကကို တိတ်တဆိတ် ခေါ်ဆောင်ပြီး အဝတ်တန်ဆာ ဆင်ပြင်ပေးကာ သမီး အလိုကျ သမီးနဲ့ ပေးစားလိုက်ရတယ်။

## ခွေးမြီးကောက် ကျည်တောက်စွပ်

မယ်ဘဒ္ဒါလေးဟာ သူအလိုရှိသူ သတ္တုကကို ရတယ်ဆိုရင်ပဲ အလွန်ပျော်သွားတာပေါ့။ သူ့ကိုယ်သူ ခါတိုင်းထက် ပိုလှအောင် ပြုပြင်ဆင်ယင်တယ်။ အရင်က ခြေမွေးမီးမလောင် လက်မွေးမီးမလောင်နဲ့ သူများ ခူးပေးခပ်ပေးမှ အရှံသင့် ထစားတဲ့ သူဌေးသမီးဟာ အခုတော့ သူခိုးလင်ကျေနပ်အောင် ကိုယ်တိုင်ပြင်ဆင် ပြီး ကျွေးမွေးတယ်။ အစွမ်းကုန် ပြုစုယုယတယ်တဲ့။

ဒါပေမယ့် သတ္တုကဟာ ခွေးမြီးကောက် ကျည်တောက်စွပ် ဆိုသလို ၂-ရက် ၃-ရက်လောက်ကြာ တယ်ဆိုရင်ပဲ ဗွေဖောက်လာတယ်။ မယ်ဘဒ္ဒါရဲ့ လက်ဝတ်လက်စားတွေကို ယူချင်လာတယ်။ မရရင် မနေနိုင် အောင် ဖြစ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ သူ့ဇနီးအပေါ် အကောက်ကြံတယ်။ သူ့အကြံက အခွင့်သာရင် မယ်ဘဒ္ဒါကိုသတ်ပြီး အဖိုးတန် လက်ဝတ်လက်စားတွေကို ယူပြေးမယ်။ အဲဒီပစ္စည်းတွေကို ရောင်းချပြီး အရက်ဆိုင်မှာ သောက်စားပျော်ပါးမယ်တဲ့။ တကယ့်ကို ယုတ်မာပက်စက်တဲ့ အကြံပါပဲ။

## တဏှာ့ကျွန်ဖြစ်မှန်း မသိရှာ

ဒါနဲ့ သတ္တုကဟာ မစားမသောက်ဘဲ သုန်သုန်မှုန်မှုန် ပြုနေတယ်။ မယ်ဘဒ္ဒါက နေမကောင်းလို့လားမေးတော့ မဟုတ်ဘူးဖြေတယ်။ သူ့မိဘတွေ ဆူလို့ပူလို့များလားလို့ မေးတော့လဲ မဟုတ်ဘူး ဖြေတယ်။ နောက်ဆုံး မရမက မေးတဲ့အခါ 'မယ်ဘဒ္ဒါ၊ ငါ့ကို သင်ရတာ တောင်စောင့်နတ် မ,လို့ဖြစ်တယ်။ သင် ကယ်လို့ ငါအသက်ရှင်ရတာ မဟုတ်ဘူး။ ငါ့ကို ဖမ်းဆီးပြီး သတ်ဖို့ ခေါ်ဆောင်သွားတဲ့နေ့က အသက်ဘေးမှ ချမ်းသာရာရရင် တောင်စောင့်နတ်မင်းကို ပူဇော်ပသပါ့မယ်လို့ တိုင်တည်ခဲ့တယ်။ အခု တောင်စောင့် နတ်မင်းကို ပူဇော်ချင်တယ်' လို့ လိမ်လည် ပြောဆိုပါတယ်။

မယ်ဘဒ္ဒါကတော့ သူလိမ်ပြောမှန်း မသိရှာဘူး။ တောင်စောင့်နတ်မင်းကို ပူဇော်ဖို့ ချက်ချင်း စီစဉ်တယ်။ ခိုးသူဝစ်ချရာတောင်သို့ ယာဉ်ရထားနဲ့သွားတဲ့အခါ မယ်ဘဒ္ဒါရဲ့ဆွေမျိုးတွေကို သတ္တုကက မလိုက်ပါစေဘူး။ တောင်ခြေရောက်တဲ့အခါ ရထားနှင့်အခိုင်းအစေတွေကို ပြန်လွှတ်လိုက်တယ်။

---

[၉] သူခိုးသတ္တုကကိုမရရင် အသေခံတော့မယ်ဟုဆိုကာ အစာမစားဘဲ ညောင်စောင်းပေါ်မှာ မယ်ဘဒ္ဒါ မှောက်အိပ် နေပုံ။

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



သတ္တုကရဲ့အစီအစဉ်အရ သူတို့နှစ်ယောက်တည်း တောင်ပေါ်တက်လာကြတယ်။ နတ်ပူဇော်ဖို့ ကန်တော့ပွဲကို မယ်ဘဒ္ဒါကိုယ်တိုင်ရွက်ပြီး တက်ရှာတယ်။ မောရမှန်း ပန်းရမှန်းမသိဘဲ ချစ်လင်နဲ့တွဲပြီး သွားရတာကိုပဲ ကျေနပ်နေတယ်။ အပျော်ကြီး ပျော်နေရှာတယ်။ သူ့ကိုယ်သူ တဇကျော့ကျွန်ဖြစ်လို့လဲ ဖြစ်မှန်း မသိရှာဘူးပေါ့။

## ကျော့မယ်များတော့ မကြဲလိုက်လေနဲ့

တောင်ပေါ်ရောက်တယ်ဆိုရင်ပဲ သတ္တုကဟာ သုန်သုန်မှုန်မှုန်ဖြစ်လာတယ်။ မယ်ဘဒ္ဒါလည်း ဒီတော့မှ သူ့အကြံကို ရိပ်စားမိလာတယ်။ နတ်ပူဇော်ရင် မြန်မြန်ပူဇော်ဖို့ ပြောတယ်။

အဲဒီအခါ သတ္တုက က 'ငါ့လိုလူစားဟာ တောင်စောင့်နတ်ကို ပူဇော်ဖို့မပြောနဲ့၊ တောင်စောင့်နတ်ရဲ့အသည်းကိုရရင် ထုတ်ယူစားဝံ့သူဖြစ်တယ်။ အင့်တို့ ခေါ်လာတာ လူသတ်ပြီး ပစ္စည်းယူဖို့ ခေါ်လာခြင်း ဖြစ်တယ်' လို့ မိုက်ရိုင်းစွာ ဖွင့်ပြောတယ်။

မယ်ဘဒ္ဒါလေးဟာ အသက်ဘေးမှ ချမ်းသာပေးဖို့၊ ဇနီးအဖြစ်မပေါင်းချင်ရင် ကျွန်အဖြစ် ခိုင်းစေဖို့ အမျိုးမျိုး တောင်းပန်ရှာပါတယ်။ ဒါပေမယ့် လူသတ်ပြီးမှ ပစ္စည်းလိုချင်တဲ့ လောဘဘီလူး ပူးဝင်ခံနေရသူ သတ္တုကဟာ မယ်ဘဒ္ဒါပြောသမျှကို နားမဝင်ဘူး။

---

[၁၀]သူဌေးကြီးက မြို့ဝန်အား အသပြာတစ်ထောင် တိတ်တဆိတ် ပေးပြီး သတ္တုကကို လူမသိအောင်ရွေးယူကာ သမီးနှင့် ပေးစားလိုက်ရပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ တောင်းပန်လို့ မရတဲ့အဆုံးမှာ မယ်ဘဒ္ဒါဟာ သူခိုးကို အနိုင်ယူဖို့ အကြံထုတ်တယ်။ သူခိုးကို နောက်ဆုံးအနေနဲ့ ပွေ့ဖက်ယုယခွင့် တောင်းတယ်တဲ့။

အဲဒီနောက် ချောက်ကမ်းပါးထိပ်မှာ ရပ်နေတဲ့ ခိုးသူမိုက်ကို ပွေ့ဖက်ယုယဟန်ဆောင်ပြီး အလစ်မှာ ချောက်ထဲ တွန်းချလိုက်ပါတယ်။ အားနွဲ့သူ အမျိုးသမီးဆိုပြီး ကျောမယ်ကြံတဲ့ သူခိုးယုတ်ဟာ မြေပြင်မရောက်ခင်မှာပဲ အပိုင်းပိုင်းပြတ်တာ လူမိုက်ဇာတ်သိမ်းသွားရတော့တာပေါ့။

သူတို့နှစ်ဦးရဲ့ အဖြစ်အပျက်ကို မြင်တွေ့ရတဲ့ တောင်စောင့်နတ်က မယ်ဘဒ္ဒါကို ဒီလို ကောင်းချီးပေးတယ်တဲ့။

နဟိ သဗ္ဗသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ တတ္ထ တတ္ထ ဝိစက္ခဏာ။

သဗ္ဗေသု ဌာနေသု၊ အလုံးစုံသော အရာဌာနမှန်သမျှတို့၌။ ပုရိသောဟိ၊ အတောင် ၂၀-ဝတ် မင်းယောကျ်ားသည်သာလျှင်။ ပဏ္ဍိတော၊ ကျိုးကြောင်းမြင်သိ ပညာရှိသည်။ နဟောတိ၊ ဖြစ်သည်မဟုတ်ပါချေ။ တတ္ထ တတ္ထ၊ ထိုထိုအရာဌာန မှန်သမျှတို့၌။ ဝိစက္ခဏာ၊ အခြေအနေ အချိန်အခါနှင့် ကိုက်ညီအောင် ဉာဏ်စား

---

[၁၁]တောင်စောင့်နတ်ကို ပူဇော်ရန်သွားမည်ဟု သတ္တုက က လိမ်ပြောသည်ကို အဟုတ်ထင်ပြီး မယ်ဘဒ္ဒါက ကန်တော့ပွဲကို ကိုယ်တိုင်ရွက်ကာ တောင်ပေါ်တက်နေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင် မြော်မြင်နိုင်စွမ်းသော။ ကုတ္တိုပိ၊ သုံးတောင်ဇတ် အမျိုးသမီးကလဲပဲ။ ပဏ္ဍိတာဟောတိ၊ ကျိုးကြောင်း မြင်သိ ပညာရှိသူ ဖြစ်နိုင်ပါပေသတည်း။

## ခြေဦးတည့်ရာ သွားတဲ့ခါ

မယ်ဘဒ္ဒါဟာ ခိုးသူမိုက်ကို တွန်းချလိုက်ပြီးနောက် အိမ်ပြန်ရမှာ ကြောက်လာတယ်။ 'သူခိုးကို ယူချင်တုန်းကလဲ သင်ပဲ၊ တားမရ ဆီးမနိုင် အဖြစ်သဲခဲ့တယ်၊ အခုတော့လဲ သင်ကိုယ်တိုင်ပဲ သူခိုးကို သတ်ပစ်ပြန်ပြီ' လို့ ဆွေမျိုးတွေက အမျိုးမျိုး နှုတ်လှုံ့ထိုးပြီး အပြစ်တင်ကြမှာကို တွေးကြောက်လာတယ်။ သတ္တုကရဲ့ အကောက်ကြံပုံတွေကို ပြောပြလို့လဲ ယုံကြည်ကြမှာ မဟုတ်ဘူးဆိုတာ တွေးမိလာတယ်တဲ့။

ဒါနဲ့ လက်ဝတ်လက်စားတွေကို တောင်ပေါ်မှာပဲ ချွတ်ထားခဲ့ပြီး အိမ်မပြန်တော့ဘဲ နဖူးနဲ့ဒူး ခြေဦးတည့်ရာ ထွက်ခဲ့တယ်။ နောက်ဆုံးမှာ ပရိဗိုဇ်အရာမ်တစ်ခုကို ရောက်သွားပြီး သူ့ကို ပရိဗိုဇ်မဝတ်ပေးဖို့ ပရိဗိုဇ်ဆရာကြီးများထံ တောင်းပန်ပြောကြားတယ်။

သူတို့ပရိဗိုဇ်သာသနာမှာ ရဟန်းပြုနည်းက နှစ်မျိုးရှိတယ်။ (၁) ဆံပင်ကို ကတ်ကြေးတို့ ဓားတို့နဲ့ ရိတ်ဖြတ်ပြီး ရဟန်းပြုတဲ့ အညံ့စား ရဟန်းပြုနည်းက တစ်မျိုး၊ (၂) ဆံပင်ကို ထန်းစေ့မှုတ်နဲ့ တစ်ပင်ချင်း လိမ်နှုတ်ပြီး ရဟန်းပြုတဲ့ အမြတ်စား ရဟန်းပြုနည်းက တစ်မျိုး၊ ဒီလို နှစ်မျိုး ရှိတယ်တဲ့။

---

[၁၂]ဓိဓိကိုသတ်ပြီး ပစ္စည်းယူရန်ကြံသူ သတ္တုကကို မယ်ဘဒ္ဒါက ပရိယာယ်သုံးပြီး တောင်ချောက်ထဲ တွန်းချလိုက်ပုံ၊

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


## ကုဏ္ဍလကေသီ ဘွဲ့နာမည်

မယ်ဘဒ္ဒါဟာ စိတ်ဓာတ် ထက်မြက်သူပီပီ အမြွတ်ဆုံးရဟန်းပြုနည်းနဲ့သာ သူ့ကို ပရိဗိုဇ်မ ပြုပေးဖို့ တောင်းပန်ပါတယ်။

ဒါကြောင့် တိတ္ထိဆရာများက သူ့ဆံပင်ကို ထန်းစေ့မှုတ်နဲ့ လိမ်နုတ်ပြီး ပရိဗိုဇ်မ ပြုပေးကြတယ်။

ဒီလို အနာခံကာ ထန်းစေ့မှုတ်နှင့် ဆံပင်ကိုအနုတ်ခံပြီး ပရိဗိုဇ်မပြုခဲ့လို့ ဆံပင်ပြန်ပေါက်တဲ့အခါ မိမွေးတိုင်း ဖမွေးတိုင်း ပြန်မပေါက်တော့ဘူး။ ဆံပင်တွေဟာ ရှေးခေတ် ဖက်လိပ်နားတောင်းများလို အစုလိုက်အစုလိုက် ဝိုင်းပြီး ပြန်ပေါက်လာတယ်။

နားတောင်းလို ဝန်းဝိုင်းတဲ့ ဆံပင်ရှိသူဖြစ်လို့ သူ့ကို ပါဠိဘာသာဖြင့် 'ကုဏ္ဍလကေသီ' လို့ ခေါ်ကြတယ်တဲ့။

## သပြေခက်ကိုင်ကာ ပြိုင်ဘက်ရှာ

အဲဒီနောက် သူ့ဆရာများအား ပရိဗိုဇ်သာသနာမှာ အားထုတ်ပြုလုပ်ရမည့် အလုပ်ကို မေးပါတယ်။

---

[၁၃] ဆံပင်ကို ထန်းစေ့မှုတ်ဖြင့် လိမ်နုတ်ကာ မယ်ဘဒ္ဒါ ပရိဗိုဇ်မအဖြစ် ခံယူနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


သူ့ဆရာများက (၁) ဈာန်ရနိုင်တဲ့ ကသိုဏ်း ၁၀-ပါး ပွားများအားထုတ်ရန် အလုပ်၊ (၂) ဝိဒတစ်ထောင်သင်ယူရန် အလုပ်ရယ်လို့ အလုပ် ၂-ခုရှိကြောင်း ပြောပြတယ်။

အဲဒီအခါ ကုဏ္ဍလကေသီဟာ သူ့ဆရာတွေထံမှာ နည်းခံကာ ဝါဒတစ်ထောင် သင်ယူတယ်။ မကြာမီ ဝါဒတစ်ထောင် တတ်မြောက်သူ ဖြစ်လာတယ်။

သူ့ဆရာများက သူ့ကို သပြေခက်တစ်ခက် ပေးအပ်တယ်။ ဒီခေတ်မှာ သင်တန်းတစ်ခုခုတက်လို့ အောင်မြင်ရင် သင်တန်းဆင်း အောင်လက်မှတ် ချီးမြှင့်တဲ့ သဘောပေါ့။ အဲဒီနောက် ဇမ္ဗူဒိပ်ကျွန်းမှာ လှည့်လည်ပြီး ဝါဒပြိုင်ဖို့ ကုဏ္ဍလကေသီကို သူ့ဆရာများက စေလွှတ်ကြတယ်တဲ့။

ကုဏ္ဍလကေသီလဲ သပြေခက် လက်မှာကိုင်စွဲပြီး သူနှင့်ဝါဒပြိုင်နိုင်သူကို ရှာဖွေရင်း လှည့်လည်သွားလာတယ်။ 'သပြေ' ကို ပါဠိလို 'ဇမ္ဗူ' လို့ ခေါ်တယ်။ ဒါကြောင့် သပြေခက် ကိုင်စွဲသူ ပရိဗိုဇ်မကိုလဲ 'ဇမ္ဗူပရိဗိုဇ်မ' လို့ နာမည်တစ်မျိုး တိုးခေါ်ကြတယ်တဲ့။

ဇမ္ဗူပရိဗိုဇ်မဟာ ရွာနိဂုံးတစ်ခုခုကို မဝင်ခင် ရွာတံခါးနားမှာ သဲပုံ ပုံတယ်။ ပါလာတဲ့ သပြေခက်ကို အဲဒီသဲပုံပေါ်မှာ စိုက်ထူတယ်။ အဲဒီနောက် 'ငါနဲ့ ဝါဒပြိုင်ရဲသူရှိရင် ထွက်ခဲ့ကြ၊ ဒီသပြေခက်ကို နင်းခြေဖျက်ဆီးကြ' လို့ ကြွေးကြော်ပြီးမှ ရွာထဲ ဝင်တယ်တဲ့။

---

[၁၄] သပြေခက်ကိုင်ကာ ဝါဒပြိုင်ဘက်ကိုရှာရင်း ဇမ္ဗူပရိဗိုဇ်မအဖြစ်ဖြင့် လှည့်လည်သွားလာနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

၇-ရက်ကြာလို့မှ သူ့သပြေခက်ကို နင်းချေဖျက်ဆီးဝံ့သူ မပေါ်ရင် တစ်နေရာ ပြောင်းတယ်။ သပြေခက်တစ်ခက် ဟောင်းနွမ်းခြောက်သွေ့သွားရင် တခြားအသစ်တစ်ခက်ရှာပြီး လှည့်လည်သွားလာတယ်တဲ့။

အများအားဖြင့် ပညာရှိအမည်ခံသူတွေဟာ ဇမ္ဗူပရိဗိုဇ်မလာပြီဆိုတဲ့အသံ ကြားရုံနဲ့ အမေးအမြန်းခံရမှာစိုးပြီး တိမ်းရှောင်ပြေးကြပါသတဲ့။

## ကျွတ်တမ်းဝင်ရန် အချိန်တန်

ဒီလိုနဲ့ ဝါဒပြိုင်ဘက်ကိုရှာရင်း လှည့်လည်လာလိုက်တာ သူဟာ သာဝတ္ထိနေပြည်တော်ကို ဆိုက်ရောက်လာပါတယ်။ အဲဒီအချိန်မှာ မြတ်စွာဘုရားဟာ သာဝတ္ထိမှာ သီတင်းသုံးနေခိုက် ဖြစ်ပါတယ်။

ပရိဗိုဇ်မဟာ ထုံးစံအတိုင်း မြို့ထဲမဝင်မီ မြို့တံခါးနားမှာ သဲပုံ ပုံပြီး သပြေခက် စိုက်ထူတယ်။ သူနှင့် ဝါဒပြိုင်သူရှိရင် သပြေခက်ကို နင်းချေဖျက်ဆီးဖို့ ကြွေးကြော်ပြီး မြို့ထဲဝင်တယ်။

ကလေးသူငယ်များဟာ သပြေခက်စိုက်ထူထားတဲ့ သဲပုံကို ဝိုင်းအုံပြီး ကြည့်နေကြတယ်။ ရုံးစုရုံးစု ဖြစ်နေကြပါတယ်။ အဲဒီအခိုက်မှာ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးဟာ မြို့ထဲ ဆွမ်းခံကြွဝင်ရင်း အဲဒီ သဲပုံနား ဆိုက်ရောက်လာပါတယ်။

---

[၁၅] ပရိဗိုဇ်မလေးက ရှင်သာရိပုတ္တရာအား ပြဿနာမေးလျှောက်နေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


ရုံးစုရုံးစုဖြစ်နေတဲ့ ကလေးတွေကို မေးကြည့်တော့ အကြောင်းစုံ သိသွားတယ်။ ဒါနဲ့ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ကလေးများအား သပြေခက်ကို နှင်းခြေဖျက်ဆီးပစ်ခိုင်းပါတယ်။

ကလေးများဟာ အရှင်မြတ်ရဲ့ ခိုင်းစေချက်အရ သပြေခက်ကို နင်းချေဖျက်ဆီးပစ်ကြပါတယ်။ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးလဲ အရိပ်ကောင်းတဲ့ သစ်ပင်အောက်က စောင့်ဆိုင်းကြည့်ရှုတော်မူနေတယ်ပဲ။ မကြာမီ ဇမ္ဗူပရိဗိုဇ်မ ရောက်လာတဲ့အခါ သူ့သပြေခက်အဖျက်အဆီးခံရတာကို အကြောင်းပြုပြီး အရှင်မြတ်နဲ့ ဝါဒပြိုင်ပွဲ ဖြစ်လာတယ်။ သူ့ရဲ့ ပြောကြားမှုကြောင့် ပရိသတ်တွေလဲ ဝိုင်းအုံရောက်လာကြပြီး နားထောင်ကြတယ်။

ဇမ္ဗူပရိဗိုဇ်မဟာ သူသင်ယူလာတဲ့ ဝါဒတစ်ထောင်ကုန်အောင် ရှင်သာရိပုတ္တရာကို ပြဿနာ မေးပါတယ်။ သူမေးသမျှတွေကို အရှင်မြတ်က ပြေလည်အောင် ဖြေကြားတော်မူပါတယ်။

ပရိဗိုဇ်မလေး မေးစရာမကျန်တော့မှ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်က 'ဧကနာမကိံ - နှမငယ် တစ်ခုသောတရားဆိုတာ ရှိတယ်။ အဲဒါ ဘာတရားလဲ' လို့ မေးပါတယ်။ ပရိဗိုဇ်မလေးဟာ မဖြေနိုင်ရှာဘူး။ ဒါနဲ့ ဒီပြဿနာက ဘာပြဿနာလဲလို့ ပြန်မေးပါတယ်။

ဒီတော့မှ အရှင်မြတ်က 'ဒါ ဗုဒ္ဓပြဿနာ ဖြစ်တယ်၊ သင်ဟာ ငါ့ကို ပြဿနာတွေ အများကြီးမေးပြီး ငါမေးတဲ့ ပြဿနာလေးတစ်ခုကျတော့ ပြေအောင် မဖြေနိုင်ဘူး။ ငါတို့သာသနာမှာ ဒီပြဿနာမျိုးကို ကိုရင်ငယ်ကလေးများပင် သိတယ်' လို့ မိန့်ကြားတော်မူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားကို ကြားရတဲ့အခါ ကျွတ်တမ်းဝင်ချိန် ရောက်နေပြီဖြစ်တဲ့ ကုဏ္ဍလကေသီဟာ မာနကျသွားတယ်။ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကို ဆရာအဖြစ် ကိုးကွယ်ဆည်းကပ်ကြောင်း လျှောက်ထားတယ်။

အဲဒီအခါ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်က မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ဖို့ ပြောဆိုပြီး ဘုရားရှိရာ စေလွှတ်လိုက်ပါတယ်။

## တရားနာစဉ် ကျွတ်တမ်းဝင်

ကုဏ္ဍလကေသီဟာ မြတ်စွာဘုရားထံမှောက် ရောက်တဲ့အခါ ရှိသေစွာ ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ရိုရိုသေသေ ရပ်တည်နေပါတယ်။

အဲဒီအခါ သူ့ရဲ့ ဣန္ဒြေ ရင့်ကျက်နေပြီဖြစ်ကြောင်း သိရှိတော်မူတဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က. . .

'သဟဿမပိ စေဂါထာ' စတဲ့ တရားဂါထာတစ်ပုဒ်ကို ထုတ်ဖော် ဟောကြားတော်မူပါတယ်။

ကုဏ္ဍလကေသီဟာ တရားနာရင်း အာသဝေါ ကုန်ခန်းပြီး 'ရဟန္တာမ' ဖြစ်သွားတယ်တဲ့။

နောင် ဧတဒဂ်ပေးတဲ့အခါ ဘိက္ခုနီမများအနက် တရားထူးကို 'အမြန်ဆုံး' ရတဲ့နေရာမှာ 'အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူး' ကို ဆွတ်ခူးရရှိသွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကုဏ္ဍလကေသီဟာ မယ်ဘဒ္ဒါအဖြစ်နှင့်ရှိစဉ် သတ္တုကကို လိုချင်တဲ့အခါ၊ သတ္တုကနှင့် ပျော်ပျော်ပါးပါးနေခဲ့တဲ့အခါတွေမှာ လောဘကိလေသာ လွှမ်းကဲတဲ့ အကုသိုလ်ရန်သူဆိုးတွေက သူ့အပေါ် အမျိုးမျိုး အနိုင်ယူနေခဲ့တယ်။

သတ္တုကကို တောင်ပေါ်က တွန်းချလိုက်တဲ့အခါမှာတော့ ဒေါသကိလေသာ လွှမ်းကဲတဲ့ အကုသိုလ်ရန်သူဆိုးတွေက သူ့ကို လွှမ်းမိုးအနိုင်ရခဲ့ပြန်တယ်။

ပရိဗိုဇ်မအဖြစ်နဲ့ သပြေခက်ကိုင်ကာ ဝါဒပြိုင်ဘက်ကိုရှာဖွေရင်း လှည့်လည်သွားလာတဲ့အခါ အများအားဖြင့် မာနကိလေသာ လွှမ်းကဲတဲ့ အကုသိုလ်တရားဆိုးတွေက သူ့ကို လွှမ်းမိုးအနိုင်ရနေခဲ့တယ်။

နောက်ဆုံး မြတ်စွာဘုရားရဲ့ တရားတော်ကို နာယူရင်း အသိဉာဏ်အထူးတွေ အဆင့်ဆင့်ပေါ်ပေါက်ပြီး ရဟန္တာမဖြစ်တဲ့အထိ ရောက်သွားတော့မှပဲ တစ်လျှောက်လုံးက သူ့အပေါ် အနိုင်ယူလာခဲ့ကြတဲ့ ကိုယ်တွင်းပူဆာ ကိလေသာရန်သူမှန်သမျှကို အပြီးတိုင် ပယ်သတ်ကာ ထာဝစဉ် အနိုင်ရသွားခြင်းပါပဲ။

## တရားဟူသည်

အဲဒီနေ့ တရားသဘင်မှာ ရဟန်းတော်အချင်းချင်း ကုဏ္ဍလကေသီထေရီမအကြောင်း ပြောဆိုနေကြပါတယ်။ 'ငါ့ရှင်တို့၊ ကုဏ္ဍလကေသီဟာ တရားဂါထာလေး တစ်ပုဒ်လောက် နာရရုံနဲ့ အရဟတ္တဖိုလ်ပေါက်ဆိုက်ရောက်သွားတယ်၊ ရဟန္တာမ ဖြစ်သွားတယ်၊ သူဟာ လူ့ဘဝတုန်းကလည်း နာမည်ကြီး သူခိုး သတ္တုကကို အနိုင်ယူခဲ့ဖူးတယ်ဆိုပဲ' စသည်ဖြင့် ပြောဆိုနေကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခိုက် မြတ်စွာဘုရား ဆိုက်ရောက်တော်မူလာပါတယ်။ ရဟန်းတော်များအား ဘယ်လို တရားစကားများ ဆွေးနွေးနေကြပါသလဲလို့ မေးမြန်းတော်မူတယ်။

ရဟန်းတော်များက 'ကုဏ္ဍလကေသီ တရားထူးအရမြန်တဲ့အကြောင်း၊ သတ္တုကသူခိုးအပေါ် အနိုင်ယူခဲ့ဖူးတယ်ဆိုတဲ့အကြောင်း ပြောဆိုနေကြပါတယ်ဘုရား' လို့ လျှောက်ထားကြပါတယ်။

အဲဒီအခါ မြတ်စွာဘုရားက 'ချစ်သားတို့၊ သင်တို့ဟာ ငါဘုရား ဟောကြားတဲ့ တရားစကားကို နည်းတယ်များတယ်လို့ မဝေဖန်ကြနဲ့၊ တရားဆိုတာ ကိလေသာ ငြိမ်းရာငြိမ်းကြောင်းနဲ့ သက်ဆိုင်ရင် တစ်ပုဒ်တစ်ဂါထာတည်းနဲ့လဲ မြတ်ပါတယ်'။

ကိလေသာ ငြိမ်းရာငြိမ်းကြောင်းနဲ့ မသက်ဆိုင်ဘဲ တောဘွဲ့တောင်ဘွဲ့ မယ်ဘွဲ့မောင်ဘွဲ့ စတဲ့ အကျိုးမရှိတဲ့ စကားတွေချည်းဖြစ်နေရင် ဂါထာတစ်ထောင်မျှ များပြားအောင် ဟောကြားတဲ့ တရားဟာလဲ အလကားပဲ၊ အချည်းအနှီးပဲ ဖြစ်တယ်။

အဲဒီအကြောင်းကို ဒီလို ရှင်းလင်းမိန့်ကြားတော်မူပါတယ်။

သဟဿမပိ စေ ဂါထာ၊ အနတ္ထပဒသညှိတာ။
ဧကံဂါထာ ပဒံသေယျော၊ ယံသုတွာ ဥပသမ္မတိ။

www.burmeseclassic.com

www.burmeseclassic.com



ဘိက္ခဝေ၊ ရဟန်းတော်များ-အို-ချစ်သားတို့။ ယာဂါထာ၊ အကြင် ဟောကြားအပ်တဲ့ တရားဂါထာ ဒေသနာသည်။ သဟဿမပိ၊ အရေအတွက်အားဖြင့် တစ်ထောင်မျှပင် များပြားပါသော်လည်း။ အနတ္ထပဒ သညိတာ၊ တောဘွဲ့တောင်ဘွဲ့ မောင်ဘွဲ့မယ်ဘွဲ့ အစရှိသော အကျိုးမရှိသော ပုဒ်အက္ခရာနှင့်ယှဉ်သည်။ စေဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ သာဂါထာ၊ ထို တရားဂါထာ ဒေသနာသည်။ နသေယျော၊ အဘယ်နည်းနှင့်မျှ မချီးမွမ်းအပ် မမြတ်ပါချေ။ ယံ၊ အကြင် 'အပမာဒေါ အမတံပဒံ' စသော ဂါထာပိုဒ်ကို။ ဥပသမ္မတိ၊ ကိလေသာ ဟူ အပူခပ်သိမ်း အပြီးတိုင် ကင်းငြိမ်း၏။ တံ ဧကံဂါထာပဒံ၊ ကိလေသာ ငြိမ်းရာငြိမ်းကြောင်းနှင့် စပ်သည့် ထိုတရားဂါထာ တစ်ပိုဒ်ကသာလျှင်။ သေယျော၊ အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှပါပေတော့ သတည်း။

သာဓု. . .သာဓု. . . သာဓု။

အထက်ပါ မြတ်စွာဘုရားရဲ့ စကားတော်ဟာ ဒီခေတ် တရားဟောသူများရော၊ တရားနာသူများပါ အထူး သတိပြုသင့်တဲ့ စကားပါပဲ။

ဘာဖြစ်လို့လဲဆိုရင် ဒီခေတ် တရားနာသူ တော်တော်များများဟာ အဆိုအငိုတွေ အလွမ်းအသော တွေနှင့် ဖက်ပြီး ဂီတဆန်ဆန် အသံကောင်းကောင်းနှင့် ဟောတဲ့ တရားမျိုးကိုသာ နာချင်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိလေသာငြိမ်းရာငြိမ်းကြောင်းနဲ့စပ်တဲ့ အဖိုးတန် ဝိဓသနာတရားမျိုးကို ရိုးရိုးဟောကြားရင် မနာချင်ကြဘူး။ 'ပျင်းစရာကောင်းတယ်၊ တရားခြောက်ကြီးပဲ' စသည်ဖြင့် ဝေဖန်ပြောဆိုလေ့ရှိကြတယ်။

တရားဟော ပုဂ္ဂိုလ်များကလည်း အဆိုတွေ အငိုတွေ အရွှမ်းတွေ အသောတွေနဲ့ ဂီတဆန်ဆန်မဟောကောင်းမှန်း သိကြပေမယ့် ပရိသတ်အခြေအနေကိုကြည့်ပြီး တရားနာချင်အောင် ဆွဲဆောင်တဲ့အနေနဲ့ ဘုရားမကြိုက်တဲ့နည်းကိုပဲ မလွှဲသာမကင်းသာ ထည့်သွင်း ပြောဟောနေကြရပုံပေါ်ပါတယ်။

ဒီလိုဟောတာမျိုးဟာ ဘုရားအလိုကျ မဟုတ်ဘူးဆိုတာကိုတော့ အထက်ပါ ဘုရားဟောဂါထာနဲ့ပဲ သိသာလောက်ပါပြီ။ ကဲ-ဒီအကြောင်း အသာထားပြီး ရှေ့ဆက်ကြဦးစို့။

## ဒါမျိုးမှကွယ် ချီးမွမ်းဖွယ်

ဒါ့အပြင် ကုဏ္ဍလကေသီက ခိုးသူအပေါ် အနိုင်ရခဲ့ဖူးတယ်ဆိုတဲ့ စကားကို အကြောင်းပြုပြီး 'ယော သဟဿံ (လ) သင်္ဂါမဇုတ္တမော' ဆိုတဲ့ ဂါထာကို ဟောကြားတော်မူပါတယ်။

'အပြင်အပ သူခိုးတို့ ရန်သူတို့ကို အောင်မြင်တာဟာ ချီးမွမ်းစရာမဟုတ်ဘူး။ မိမိရဲ့ ကိုယ်တွင်းရန်သူဖြစ်တဲ့ ကိလေသာကို အောင်မြင်တာ၊ ပယ်သတ်နိုင်တာဟာ ချီးမွမ်းစရာဖြစ်တယ်'။

'စစ်မြေပြင်မှာ ရန်သူအမြောက်အမြားကို အောင်မြင်တဲ့ စစ်သည်တော်ရဲ့ အောင်မြင်မှုဟာ မိမိရဲ့ ကိုယ်တွင်းအပူ ကိလေသာရန်သူကို တစ်ကြိမ်တစ်ခါလောက် အောင်မြင်သူ ယောဂီရဲ့ အောင်မြင်မှုလောက် မချီးမွမ်းအပ်ဘူး၊ ချစ်သားရဟန်းတို့' တဲ့။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါတယ်။ ပကတိစစ်သည်တော်ရဲ့ အောင်မြင်မှုဟာ လောကအမြင်နဲ့ကြည့်ရင် ချီးကျူးစရာ ဖြစ်ပေမယ့် ပညာမျက်စိနဲ့ကြည့်ရင် ချီးကျူးစရာအစစ် မဟုတ်သေးဘူး။ ဘာ့ကြောင့်လဲဆိုရင် သူ့ရဲ့အောင်မြင်မှုဟာ အပါယ်ဘေးက မကင်းဝေး မလွတ်မြောက်နိုင်သေးဘူး။ စစ်မြေပြင်မှာ တိုက်ခိုက် သတ်ဖြတ်ထားတဲ့ အကုသိုလ်ကံက အကျိုးပေးခွင့်ကြုံရင် အပါယ်ကျအုံးမယ်တဲ့။

မိမိရဲ့ကိုယ်တွင်းပူဆာ ကိလေသာကို အောင်မြင်သူ ယောဂီကတော့ အောက်ထစ်ဆုံး ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာလောက် ပယ်နိုင်တယ်ဆိုရင်ပဲ အပါယ်လေးပါးဘေးက လုံးဝကင်းဝေး လွတ်မြောက်သွားနိုင်ပါတယ်။

ဒါ့ကြောင့် ကိလေသာရန်သူကို အနိုင်ယူ ပယ်သတ်နိုင်တဲ့ ယောဂီရဲ့ အောင်မြင်မှုကသာ တကယ်တမ်း ချီးမွမ်းအပ်ပါတယ်။

## ကိလေသာဆိုင်ရာ သိစရာ

ဒီလောက်ဆိုရင် ကိလေသာကို ပယ်သတ်သင့်ကြောင်းကတော့ သိသာပြီဖြစ်လို့ အခုချိန်ကစပြီး 'ကိလေသာရဲ့ အဓိပ္ပါယ်၊ ကိလေသာ အရေအတွက်နဲ့ ကိလေသာပယ်နိုင်ရန် အားထုတ်ပုံ အားထုတ်နည်း' တွေကို ဆက်လက်ဟောကြားမယ်။

[၁၅]ကဿပဘုရားရှင်လက်ထက် ကိကီမင်းကြီး၏ သမီးတော် ဘိက္ခုဒါယိကာ ဖြစ်ခဲ့စဉ်က မယ်ဘွဲ့ဟောလောင်းသည် အနှစ် ၂-သောင်းတိုင်တိုင် တစ်သက်လုံး အိမ်ထောင်ဘက်မရှာဘဲ ဆယ်ပါးသီလ စောင့်ရှိနေခဲ့ပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ကိလေသာဆိုတာ 'စိတ်ကို ပူပန်စေတတ်၊ ညစ်နွမ်းစေတတ်တဲ့ တရားဆိုး' ပင် ဖြစ်တယ်။

ဒီကိလေသာတရားဆိုးဟာ အရေအတွက် အကျယ်အားဖြင့် တစ်ထောင့်ငါးရာကောင် ရှိပါတယ်။

ကိလေသာ တစ်ထောင့်ငါးရာ ရေတွက်ပုံရေတွက်နည်းကတော့ စိတ်က တစ်ခု၊ စေတသိက်က ၅၂-ခု၊ နိပ္ဖန္နရုပ်က ၁၈-ခု၊ လက္ခဏာရုပ်က ၄-ခု၊ ဒါတွေကို ပေါင်းရင် ၇၅-ခု ရပါတယ်။

အဲဒီ ၇၅-ခုကို အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန်ဆိုတဲ့ သန္တာန် ၂-ပါးနှင့်မြှောက်ရင် ၁၅၀ (တစ်ရာ့ငါးဆယ်) ရပါတယ်။

အဲဒီ ၁၅၀-ကို ကိလေသာ ၁၀-ပါးနှင့်မြှောက်ရင် 'ကိလေသာ တစ်ထောင့်ငါးရာ' ဖြစ်လာပါတယ်။

ဒါပေမယ့် တရားအားထုတ်တဲ့အခါ အရေအတွက်မသိလဲ ဖြစ်ပါတယ်။ ဒီအရေအတွက်တွေကတော့ စာမေးပွဲဖြေမည့်ပုဂ္ဂိုလ်များ၊ ဗဟုသုတလိုက်စားသူများနှင့် တရားဟောပုဂ္ဂိုလ်များအတွက်သာ အဓိက လိုအပ်မယ် ထင်ပါတယ်။

သာမန်ပုဂ္ဂိုလ်တွေအတွက်ကတော့ ကိလေသာ ၁၀-ပါးလောက်သိရင်ပဲ တော်လောက်ပြီ ထင်ပါတယ်။ ဒါ့ကြောင့် ကိလေသာ ၁၀-ပါးအကြောင်းကို ဆောင်ပုဒ်များနဲ့သိသာရုံ ဆက်ဟောမယ်။ ဒါပေမယ့် ဒီတစ်ခါတော့ သပြေသီးကောက် ကဗျာသွားအတိုင်း ဆောင်ပုဒ်မစီဘဲ သံပေါက်စီထားတယ်။ ကဲ. ဆိုကြည့်ကြရအောင်။

www.burmeseclassic.com

www.burmeseclassic.com


## ၁၀-ပါးကိလေသာ ကျက်မှတ်ပါ

### [၁] လောဘ

'နှစ်သက်လိုချင်၊ တပ်စွဲခင်၊ ခုံမင် လောဘကိလေသာ'

အလိုရှိအပ် ကောင်းမြတ်တဲ့ 'အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိနှင့် တွေးစရာ' ဆိုတဲ့ လောကီအာရုံများနှင့် ဒီအာရုံများရဲ့ တည်ရာမှီရာ သက်ရှိသက်မဲ့ အရာဝတ္ထုတွေကို နှစ်သက်၊ တွယ်တာ၊ သာယာ၊ တပ်မက်၊ စုံမက်၊ ချစ်ခင်၊ ခုံမင်၊ လိုချင်တဲ့သဘောဟာ လောဘကိလေသာ ဖြစ်ပါတယ်။

### [၂] ဒေါသ

'စိတ်ဆိုးပြစ်မှား၊ အမျက်ပွား၊ ကြိုးထား ဒေါသကိလေသာ'

အလိုမရှိအပ် မကောင်းမြတ်တဲ့ 'အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိနှင့် တွေးစရာ' ဆိုတဲ့ လောကီအာရုံများနှင့် ဒီအာရုံများရဲ့ တည်ရာမှီရာ သက်ရှိသက်မဲ့ အရာဝတ္ထုတွေကို မနှစ်သက်တဲ့ သဘော၊ စိတ်ဆိုးပြစ်မှား အမျက်ပွားတဲ့သဘောဟာ ဒေါသကိလေသာ ဖြစ်ပါတယ်။

### [၃] မောဟ

'အမှန်မသွား၊ အမှားသိလေ၊ ဖုံးလွှမ်းပေ၊ တွေဝေ မောဟကိလေသာ'

www.burmeseclassic.com

www.burmeseclassic.com



အာရုံနှင့် ဒွါရ ဆုံခိုက်မှာ ထင်ရှားရှိတဲ့ ရုပ်နာမ်ဒုက္ခသစ္စာ စသည်တို့ရဲ့ သဘော၊ ပဋိစ္စသမုပ္ပါဒ် သဘော၊ အတိတ်ဘဝ အနာဂတ်ဘဝတို့ ရှိခြင်းသဘော၊ အကုသိုလ် ဒုစရိုက်တို့ရဲ့ မကောင်းဆိုးရွားသော သဘော၊ ကုသိုလ်သုစရိုက်တရားတို့ရဲ့ ကောင်းသောသဘော စသည်တွေကို အမှန်အတိုင်း မသိအောင် လွှဲမှားသိရအောင် ဖုံးလွှမ်းတတ်တဲ့တရားဆိုးဟာ မောဟကိလေသာ ဖြစ်ပါတယ်။

## [၄] မာန

'ငါသာတော်လှ၊ ထောင်လွှားက၊ မာနကိလေသာ'

ရုပ်နာမ်ကို ငါထင်ပြီး ငါသာတော်တယ်၊ ငါသာမြင်တယ်၊ ငါမို့လို့ ကြည့်နိုင်တယ်၊ မြင်နိုင်တယ် စသည်ဖြင့် ဘဝင်မြင့်တာ၊ စိတ်ကြီးဝင်တာ၊ ထောင်လွှားတာဟာ မာနကိလေသာ ဖြစ်ပါတယ်။

## [၅] ဒိဋ္ဌိ

'ရုပ်နာမ်ကိုပဲ၊ ငါကောင်စွဲ၊ ထင်လွဲဒိဋ္ဌိကိလေသာ'

မြင်ခိုက်၊ ကြားခိုက်၊ နမ်းရှုခိုက်၊ စားခိုက်၊ ထိခိုက်၊ တွေးသိခိုက်တွေမှာ တကယ်ရှိတာဟာ သိတတ်တဲ့သဘော နာမ်နဲ့ မသိတတ်တဲ့သဘော ရုပ်၊ ဒီရုပ်နာမ် ၂-ပါးမျှသာ ရှိပါတယ်။

အဲဒီ ရုပ်နာမ်ကို ငါပဲ၊ သူပဲ၊ ယောက်ျားပဲ၊ မိန်းမပဲ၊ အသက်ကောင်ပဲ စသည်ဖြင့် အကောင်အထည် ထင်တာဟာ မှားယွင်းတဲ့ ဒိဋ္ဌိကိလေသာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


[၆] ဝိစိကိစ္ဆာ

'ဘုရားစသား၊ ယုံဖွယ်များတွင်၊ ယုံမှားဝင်၊ ဆင်ခြင် ဝိစိကိစ္ဆာသာ'

ယုံသင့်ယုံထိုက်သော ဘုရားစစ်ဘုရားမှန်၊ တရားစစ်တရားမှန်၊ သံဃာစစ် သံဃာမှန်တွေကို မယုံချင်တာ၊ သံသယဖြစ်တာ၊ အကျင့်သိက္ခာ, ခန္ဓာ, အာယတနဓာတ်, ပဋိစ္စသမုပ္ပါဒ်တို့၌ ယုံမှားသံသယ ဖြစ်တာ၊ မယုံချင်၍ ဆင်ခြင်နှိုင်းညှိ ဝေဖန်ကြည့်တာဟာ ဝိစိကိစ္ဆာကိလေသာ ဖြစ်ပါတယ်။

[၇] ထိန

'ထိုင်းမှိုင်းပျင်းလှ၊ တွန့်ဆုတ်က၊ ထိနကိလေသာ'

ထိုထို ကောင်းသောအမှုကိစ္စများ၌ ထိုင်းမှိုင်းပျင်းရိတွန့်ဆုတ်တာဟာ ထိနကိလေသာ ဖြစ်ပါတယ်။ သမထ (သို့မဟုတ်) ဝိပဿနာတရား အားထုတ်တဲ့အခါ ထိုင်းမှိုင်းပျင်းရိတာ၊ တွန့်ဆုတ်တာ၊ ငိုက်မြည်းတာတာ ထိနကိလေသာ ဝင်တာပါပဲ။

[၈] ဥဒ္ဓစ္စ

'စိတ်မငြိမ်လှုံ၊ ပျံ့လွင့်က၊ ဥဒ္ဓစ္စကိလေသာ'

သမထကမ္မဋ္ဌာန်း စီးဖြန်းတဲ့အခါ (သို့မဟုတ်) ဝိပဿနာရှုမှတ်တဲ့အခါ မှတ်စရာအာရုံအပေါ်မှာ မှတ်စိတ်မတည်ငြိမ်တာ၊ စိတ်ပျံ့လွင့်တာဟာ ဥဒ္ဓစ္စကိလေသာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



[၉] **အဟိရိက**

'မကောင်းမှုမှ မရှက်က၊ အဟိရိကကိလေသာ'

သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့သားမယားကို ဖြစ်မှားကျူးလွန်ခြင်း၊ အရက်သေစာ သောက်စားခြင်း၊ သူတစ်ပါးအကျိုးပျက်အောင် လိမ်လည်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း စတဲ့ မကောင်းမှု အကုသိုလ် ဒုစရိုက်တွေကို ပြုလုပ်ရမှာ မရှက်တဲ့သဘောဟာ အဟိရိက ကိလေသာ ဖြစ်ပါတယ်။

[၁၀] **အနောတ္တပ္ပ**

'မကောင်းမှုမှ မကြောက်က၊ အနောတ္တပ္ပကိလေသာ'

မကောင်းမှု အကုသိုလ်ဒုစရိုက်တရားဆိုး အမျိုးမျိုးတွေကို ပြုလုပ်ရမှာ မကြောက်တတ်တဲ့ သဘောဟာ အနောတ္တပ္ပ ကိလေသာ ဖြစ်ပါတယ်။

၁၀-ပါး ရှိသွားပါပြီ။ ကဲ. . နိဂုံးသံပေါက် ဆိုကြရအောင်။

'စိတ်ကိုညစ်စေ၊ ပူပန်စေ၊ ဆယ်တွေ ကိလေသာ'

**အမျိုးအစားမှာ သုံးပါးသာ**

ယခုဖော်ပြခဲ့တဲ့ ကိလေသာတရားဆိုးတွေကို အမျိုးအစားခွဲလိုက်ရင်. . .

(၁) ကိုယ်နှင့်ဖြစ်စေ၊ နှုတ်နှင့်ဖြစ်စေ လွန်ကျူးလောက်အောင်ဖြစ်တဲ့ အကြမ်းစား ကိလေသာက. တစ်မျိုး၊ ဒါကို ပါဠိလို 'ဝီတိက္ကမ' ကိလေသာလို့ ခေါ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၂) လွန်ကျူးလောက်အောင်မဖြစ်ဘဲ စိတ်ထဲမှာ လှုပ်ရှားထကြွရုံလောက်သာဖြစ်တဲ့ **အလတ်စား** ကိလေသာက တစ်မျိုး၊ ဒါကို 'ပရိယုဋ္ဌာန' ကိလေသာလို့ ခေါ်ပါတယ်။

(၃) လွန်ကျူးလောက်အောင်လည်း မဖြစ်၊ လှုပ်ရှားထကြွရုံလောက်တောင် မဖြစ်သေးပေမယ့် မင်ဖြင့် မပယ်ရသေးသမျှ နောင် အကြောင်းတိုက်ဆိုင်ရင် ဖြစ်ပေါ်လာမယ့် အနုစားကိလေသာက တစ်မျိုး၊ ဒါကို 'အနုသယ' ကိလေသာလို့ ခေါ်ပါတယ်။

ကိလေသာ ၁၀-ပါးထဲက ထိန၊ ဥဒ္ဓစ္စ၊ အဟိရိကနှင့် အနောတ္တပ္ပတို့မှာ အနုသယ မဖြစ်ကြပါ။ ကျန် ၆-ပါးသာ 'အနုသယ' ဖြစ်ကြပါတယ်။

အခုဟောခဲ့ပြီးတဲ့ ကိလေသာအကြောင်းတွေကို အကျဉ်းချုပ် ဆောင်ပုဒ်ကဗျာလေး စီထားပါတယ်။ ကဲ. . ဆိုကြဦးစို့။

### ကိလေသာ

စိတ်ကိုညစ်စေ ပူစေမွှားတဲ့၊ တရားဆိုးပင် ဖြစ်ပါတယ်။
ထောင့်ငါးရာပင် အကျယ်ရှိလဲ၊ အကျဉ်းသိဖို့ ဆယ်ပါးကွယ်။
အမျိုးအစားမှာ သုံးပါးရှိရဲ့၊ သေချာသိအောင် မှတ်ကြကွယ်။
မှတ်ကွယ်. . . မှတ်ကွယ်။



www.burmeseclassic.com

 www.burmeseclassic.com 

## ကိလေပယ်ခြဲ သုံးသိက္ခာ

အခုသိက္ခာသုံးပါးဖြင့် ကိလေသာပယ်ပုံပယ်နည်းတွေကို ဆက်ပြောမယ်။ သီလကို လုံခြုံအောင် စောင့်ထိန်းထားရင် 'အကြမ်းစား ကိလေသာတွေ' ကို တားဆီးနိုင်ပါတယ်။ ဒါက သီလသိက္ခာဖြင့် ပယ်သတ်နည်းပါပဲ။

'အလတ်စား ကိလေသာတွေ' ကိုတော့ သီလအခြေခံပြီး သမထသမာဓိနှင့်ဖြစ်စေ၊ ဝိပဿနာသမာဓိနှင့်ဖြစ်စေ ပယ်ဖျောက်နိုင်ပါတယ်။ ဒါက သမာဓိသိက္ခာဖြင့် ပယ်နည်းပဲ။

သမထဖြင့် ပယ်အပ်တဲ့ ကိလေသာဟာ ရှာန်ရသလောက် ကြာကြာငြိမ်းပါတယ်။ ဝိပဿနာဖြင့် ပယ်အပ်တဲ့ ကိလေသာကတော့ မှတ်တိုင်းမှတ်တိုင်း အခိုက်အတန့်အားဖြင့် ငြိမ်းပါတယ်။

'အနုစားဖြစ်တဲ့ အနုသယ ကိလေသာ' ကတော့ ဝိပဿနာဉာဏ်နှင့် ပယ်လို့ရတာလဲ ရှိတယ်။ မဂ်ဉာဏ်နှင့်မှ ပယ်လို့ရတာလဲ ရှိပါတယ်။

အာရမ္မဏာနုသယ ကိလေသာလို့ခေါ်တဲ့ မရှုမိတဲ့ အာရုံပေါ်မှာ ဖြစ်ခွင့်ရှိတဲ့ အနုစားကိလေသာကို ဝိပဿနာဉာဏ်က ပယ်သတ်နိုင်ပါတယ်။ ဒီ အနုစားကိလေသာငြိမ်းရင် ကျန် အလတ်စား၊ အကြမ်းစား ကိလေသာတွေလဲ ဖြစ်ပွားခွင့် မရှိတော့ဘဲ ငြိမ်းသွားပါတယ်။

သန္တာနနုသယလို့ ခေါ်တဲ့ ပုဂ္ဂိုလ်သန္တာန်အစဉ်မှာ ကိန်းတဲ့ အနုစား ကိလေသာမျိုးကိုတော့ ဆိုင်ရာ မဂ်ဉာဏ်ကသာ ပယ်သတ်နိုင်ပါတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖြင့် ကိလေသာပယ်နည်းကတော့ ပညာသိက္ခာဖြင့် ပယ်နည်းတဲ့။

ကဲ. . ဟောခဲ့ပြီးတဲ့ အကြောင်းအရာလေး ပြန်မှတ်မိသွားအောင် ဆောင်ပုဒ် ကဗျာလေးတွေ ဆိုကြဦးစို့။

သီလသိက္ခာ စောင့်ထိန်းထားရင်၊ အကြမ်းစားတော့ ငြိမ်းပါတယ်။
သမာဓိသိက္ခာ အမှန်မြဲတော့၊ အလတ်စားလဲ ငြိမ်းပါတယ်။
ဝိပဿနာဉာဏ် မဂ်ဉာဏ်များက၊ အနုစားကို ပယ်ပါတယ်။
အနုစားငြိမ်းရင် ကျန်နှစ်ပါးလဲ၊ မဖြစ်မပွား ငြိမ်းပါတယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

## သတိပဋ္ဌာန်မပါ ဘာဝနာမဖြစ်

အထက်ပါ ကိလေသာပယ်နည်းများအနက် မဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်တဲ့ ကိလေသာမှသာလျှင် အမြစ်ပြတ် ချုပ်ငြိမ်းပါတယ်။ အဲဒီ မဂ်ဉာဏ်တွေ ဆိုက်ရောက်အောင် ဆိုတာမှာလဲ ဝိပဿနာမရှုဘဲ မဖြစ်နိုင်ပါဘူး။

တရားတစ်ပုဒ်လောက် နာရုံနဲ့ အကျွတ်တရားရသွားတဲ့ အရိယာများဟာလဲ တရားနာရင်းနေ သတိပဋ္ဌာန် ၄-ပါးထဲက တစ်ပါးပါးကိုတော့ အနည်းအကျဉ်းလောက်ပဲဖြစ်ဖြစ် နှလုံးသွင်း ရှုမှတ်သွားကြရဘာချည်းပါပဲတဲ့။

www.burmeseclassic.com

www.burmeseclassic.com


သတိပဋ္ဌာန် တစ်ပါးပါးမှမပါရင် ဝိပဿနာမဖြစ်ဘူး၊ ဝိပဿနာမဖြစ်ရင် မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်ဘူးလို့ ဆိုလိုပါတယ်။ ဒီအချက်က အလွန်အရေးကြီးတယ်။ ဒါကြောင့် သီးခြားဆောင်ပုဒ်လေး စီထားတယ်။ ကဲ. . ဆိုကြည့်ကြရအောင်။

တရားနာစဉ် ကျွတ်သူများလဲ၊ သတိပဋ္ဌာန်တစ်ပါးပါး ပွားရတယ်။
သတိပဋ္ဌာန်မပါ ဘာဝနာမဖြစ်ဟု၊ အဋ္ဌကထာစိစစ် ဖွင့်ပြတယ်။
မှတ်ဖွယ်. . . မှတ်ဖွယ်။

## လက်တွေ့ရှုရန် နည်းလမ်းမှန်

ဒါကြောင့် ဆိုင်ရာဆိုင်ရာ မဂ်ဉာဏ်အထိဆိုက်ရောက်ပြီး ဆိုင်ရာကိလေသာတွေကို အမြစ်ပြတ်ပယ်သတ်နိုင်ရေးအတွက် အခုအချိန်ကစပြီး 'မဟာစည် သတိပဋ္ဌာန် ဝိပဿနာရှုမှတ်ပုံ ရှုမှတ်နည်း' ကို သိသာရုံလောက် ဖော်ပြပါဦးမယ်။

ဒီနေရာမှာ သတိပြုမိဖို့က 'မဟာစည်နည်း၊ မဟာစည်နည်း' ဆိုပေမယ့် မဟာစည်ဆရာတော်က သူ့သဘောအတိုင်း ထင်ရာမြင်ရာတွေကို ကျမ်းဂန်လွတ် ပြောဟောထားတာ မဟုတ်ပါဘူး။

ဘုရားဟော ပါဠိတော်များနှင့် အဖွင့်အဋ္ဌကထာများ၊ အထူးသဖြင့် မဟာသတိပဋ္ဌာနသုတ်မှာ မြတ်စွာဘုရား ဟောကြားထားတဲ့ တရားအားထုတ်ပုံ အားထုတ်နည်းတွေကို ကိုယ်တွေ့နှင့် ယှဉ်ဟပ်ပြီး လူတိုင်းနားလည်နိုင်အောင် ရပ်သုံးရွာသုံးစကားနှင့် ဘာသာပြန်ပြီး ဟောပြထားတဲ့နည်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် 'မဟာစည်နည်း၊ မဟာစည်နည်း' ဆိုပေမယ့် အမှန်ကတော့ ဘုရားဟောတဲ့ နည်းပါပဲ။ ဒါကို သတိပြုပြီး ယုံယုံကြည်ကြည် ရှုမှတ်ဖို့ အရေးကြီးပါတယ်။

## ရှေးဦးပြုဖွယ်

ဝိပဿနာ အားထုတ်မည့်ပုဂ္ဂိုလ်ဟာ လူပုဂ္ဂိုလ်ဖြစ်မယ်ဆိုရင် ရှေးဦးစွာ လူနဲ့ဆိုင်တဲ့ သီလကို ဆောက်တည်ထားရပါတယ်။ ရဟန်းတော် ဖြစ်မယ်ဆိုရင်လဲ ရဟန်းဆိုင်ရာ သီလကို စင်ကြယ်စေရတယ်။

အဲဒီနောက် ဆိတ်ငြိမ်ရာအရပ်သို့ဖြစ်စေ၊ သစ်ပင်အောက်သို့ဖြစ်စေ၊ တောထဲသို့ဖြစ်စေ၊ သွားရောက်ပြီး နေရာယူရပါတယ်။ ထိုင်တဲ့အခါ တင်ပျဉ်ခွေဖြစ်စေ၊ မိန်းမထိုင်ဖြစ်စေ ကြာကြာထိုင်နိုင်မယ့် အထိုင်တစ်မျိုးမျိုးနဲ့ဖြစ်စေ ထိုင်ရပါတယ်။

တရားမထိုင်ခင် မိမိခန္ဓာကိုယ်ကို မြတ်စွာဘုရားအား လှူထားချင်ရင်လဲ လှူထားနိုင်ပါတယ်။ နောက်ပြီး ကိုယ်စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ် စသည်တွေကိုလည်း မေတ္တာပို့ထားပါ။ မိမိရဲ့သီလဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အထောက်အပံ့ဖြစ်ပါစေလို့လဲ စိတ်က ညွတ်ထားရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ထိုင်တဲ့အခါ မှတ်စရာ

အဲဒီနောက် မျက်စိမှိတ်ထား၊ အသက်ကို မှန်မှန်ရှူ စိတ်က ဝမ်းဗိုက်ကို အာရုံပြုထားပါ။ အသက်ရှူသွင်းတိုင်း ရှူသွင်းတိုင်း ဝမ်းဗိုက်ဖောင်းတက်လာတဲ့အခါ၊ ဖောင်းတာကို အာရုံပြုပြီး 'ဖောင်းတယ်' လို့ မှတ်ပါ။

အသက်ရှူထုတ်တိုင်း ရှူထုတ်တိုင်း ဝမ်းဗိုက်ပိန်ကျသွားတဲ့အခါ ပိန်တာကို အာရုံပြုပြီးတော့ 'ပိန်တယ်' လို့ မှတ်ပါ။ စိတ်နဲ့သာမှတ်ပါ၊ နှုတ်က လိုက်ဆိုစရာမလိုပါဘူး။ ဖောင်းအောင် ပိန်အောင် ဆိုပြီးတော့လဲ အသက်ကို တမင် ပြင်းပြင်းမရှူပါနဲ့။ မှတ်တဲ့အခါမှာလဲ တကယ်ဖောင်းမှသာ 'ဖောင်းတယ်' လို့ မှတ်ပါ။ တကယ် ပိန်မှသာ 'ပိန်တယ်' လို့ မှတ်ပါ။

ဒီတော့ မှတ်ရမယ့်အမှတ်ဟာ 'ဖောင်းတယ် ပိန်တယ်၊ ဖောင်းတယ် ပိန်တယ်' ဖြစ်ပါတယ်။ အသက်ရှူမြန်ရင် 'ဖောင်းတယ် ပိန်တယ်' ၂-ချက်သာ မှတ်ပါ။

အသက်ရှူနည်းနည်းနှေးရင်တော့ မိမိထိုင်နေတဲ့အမူအရာကိုပါ အာရုံပြုပြီးတော့ 'ထိုင်တယ်' လို့ ထည့်မှတ်ပါ။ ဒီတော့ အမှတ်ဟာ 'ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်' ၃-ချက် ဖြစ်ပါတယ်။

အသက်ရှူ သိပ်နှေးရင် အထိအများဆုံးနေရာကိုပါ အာရုံပြုပြီးတော့ 'ထိတယ်' လို့ ထည့်မှတ်ပါ။ ဒီတော့ အမှတ်ဟာ 'ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်' ၄-ချက် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဘာမှ ထွေထွေထူးထူး မှတ်စရာမရှိတဲ့အခါ ဒီ 'ဖောင်းမှု၊ ပိန်မှု၊ ထိုင်မှု၊ ထိမှု' တွေကိုပဲ မပြတ်ရှုမှတ်ရပါတယ်။

အဲဒီလိုမှတ်နေတုန်း တစ်နေရာရာက နာလာမယ်၊ ကျင်လာမယ်၊ ကိုက်လာမယ်၊ ယားလာမယ်ဆိုရင် နာတဲ့သဘော၊ ကျင်တဲ့သဘော စသည်ကို အာရုံပြုပြီးတော့ 'နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ယားတယ်' စသည်ဖြင့် အရပ်သုံးစကားနဲ့ပဲ မှတ်ပါ။ လက်၊ ခြေ၊ ခေါင်း၊ ပေါင်စတဲ့ ပုံသဏ္ဌာန်တွေကို ထည့်မမှတ်ပါနဲ့။

နာတာ၊ ကျင်တာ ပျောက်သွားရင် ပင်တိုင်အမှတ်ဖြစ်တဲ့ 'ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်' ကို ပြန်မှတ်ပါ။

နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ယားတာတွေကို မှတ်လို့ မပျောက်တာနဲ့ နေရာပြင်ချင်ရင် 'ပြင်ချင်တယ်၊ ပြင်ချင်တယ်' လို့ မှတ်။ ယားတာ မပျောက်လို့ ကုတ်ချင်ရင်လဲ 'ကုတ်ချင်တယ်၊ ကုတ်ချင်တယ်' စသည်ဖြင့် အရပ်သုံးစကားအတိုင်းပဲ မှတ်ပါ။

နေရာပြင်ထိုင်ရင်လဲ 'ပြင်တယ်၊ ရွှေ့တယ်' စသည်ဖြင့် မှတ်ပါ။ တံတွေး ထွေးချင်ရင် 'ထွေးချင်တယ်' မှတ်၊ ထွေးရင် 'ထွေးတယ်' မှတ်၊ တံတွေးမျိုချင်ရင် 'မျိုချင်တယ်' မှတ်၊ မျိုရင် 'မျိုတယ်' မှတ်။

ဘာမှ မှတ်စရာမရှိရင် ပင်တိုင်အမှတ်ဖြစ်တဲ့ 'ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်' ကို ပြန်မှတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမှတ်နေရာမှ စိတ်က တခြားကို ရောက်သွားမယ်ဆိုရင် 'ရောက်တယ်၊ ရောက်တယ်' လို့ မှတ်။ စိတ်ကူးရင် 'စိတ်ကူးတယ်၊ စိတ်ကူးတယ်' လို့မှတ်၊ စိတ်ကူးထဲမှာ တစ်ယောက်ယောက်နဲ့ တွေ့ရင်လဲ 'တွေ့တယ်၊ တွေ့တယ်' လို့ မှတ်၊ စိတ်ဆိုးရင် 'ဆိုးတယ်' လို့ မှတ်၊ ပျော်ရင် 'ပျော်တယ်' လို့ မှတ်၊ ပျင်းရင် 'ပျင်းတယ်' လို့ မှတ်၊ စိတ်ထဲမှာရှိသမျှ အကုန်မှတ်ပါ။

ဘာမှ မှတ်စရာမရှိရင် အခြေခံဖြစ်တဲ့ 'ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်' ကို ပြန်မှတ်ပါ။

အဲဒီလိုမှတ်နေရာက မျက်စိထဲမှာ တစ်ခုခုမြင်လာရင် မြင်တာကိုအာရုံပြုပြီးတော့ 'မြင်တယ်၊ မြင်တယ်' လို့မှတ်ပါ။ မြင်တာပျောက်သွားရင် အခြေခံအမှတ်ဖြစ်တဲ့ 'ဖောင်းမှု၊ ပိန်မှု၊ ထိုင်မှု၊ ထိမှု' တွေကို အာရုံပြုပြီးတော့ 'ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်' ကို ပြန်မှတ်ပါ။

အဲဒီလိုမှတ်နေရာက နားထဲမှာ ထူးထူးခြားခြားကြားလာရင် ကြားတာကို အာရုံပြုပြီးတော့ 'ကြားတယ်၊ ကြားတယ်' လို့ မှတ်ပါ။

နှာခေါင်းထဲမှာ အနံ့တစ်ခုခု နံလာရင်လဲ နံတာကို အာရုံပြုပြီးတော့ 'နံတယ်၊ မွှေးတယ်' စသည်ဖြင့် အရပ်စကားအတိုင်း မှတ်ပါ။

ကြားတာ၊ နံတာ ပျောက်သွားလို့ ဘာမှ မှတ်စရာမရှိရင် မူလ မှတ်နေကျအတိုင်း 'ဖောင်းတယ်၊ ပိန်တယ်' စသည်ဖြင့် ပြန်မှတ်ပါ။

အခု ပြောခဲ့တာတွေကတော့ ထိုင်တဲ့အခါ မှတ်ပုံ မှတ်နည်းတွေပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## သွား၊ ရပ်ဆဲမှာ မှတ်စရာ

ထိုင်မှတ်နေရာမှ ထချင်လာရင် 'ထချင်တယ်၊ ထချင်တယ်' လို့မှတ်။ ထတဲ့အခါ ခန္ဓာကိုယ် တဖြည်းဖြည်း ကြွတက်လာတဲ့ အမူအရာကို အာရုံပြုပြီးတော့ 'ထတယ်၊ ထတယ်' လို့ မှတ်ပါ။

ရပ်တဲ့အခါ 'ရပ်တယ်' လို့ မှတ်။

လှမ်းချင်ရင် 'လှမ်းချင်တယ်၊ လှမ်းချင်တယ်' လို့မှတ်။ လှမ်းရင် 'လှမ်းတယ်၊ လှမ်းတယ်' လို့ မှတ်။ ဒါမှမဟုတ် 'ဗယ်လှမ်းတယ်၊ ညာလှမ်းတယ်' လို့ မှတ်။

ဒီနောက် 'ကြွတယ်၊ လှမ်းတယ်' နှစ်ချက်မှတ်။ ဒီလိုနှစ်ချက်မှတ်နိုင်ရင် ခြေကြွတာ၊ လှမ်းတာ၊ ခြေချတာကို အာရုံပြုပြီးတော့ 'ကြွတယ်၊ လှမ်းတယ်၊ ချတယ်' သုံးချက် မှတ်ပါ။

သုံးချက်မှတ်နိုင်လာရင် ဒါမှမဟုတ် စိတ်အထွက်များလာရင် 'ကြွတာ၊ လှမ်းတာ၊ ချတာ၊ ထိတာ' ကိုပါ အာရုံပြုပြီးတော့ 'ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ထိတယ်' လို့ လေးချက်မှတ်ပါ။

အဲဒီလို အမှတ်နဲ့ သွားနေရာက ရပ်ရင် 'ရပ်တယ်၊ ရပ်တယ်' လို့ မှတ်။ လှည့်ချင်ရင် 'လှည့်ချင်တယ်၊ လှည့်ချင်တယ်'။ လှည့်ရင် 'လှည့်တယ်၊ လှည့်တယ်' လို့ မှတ်။ မှတ်တဲ့အခါ ကိုယ်အမူအရာကို အာရုံပြုပြီးတော့ စိတ်နဲ့သာ မှတ်ပါ။

အဲဒီနောက် ဆက်သွားရင် 'ကြွတယ်၊ လှမ်းတယ်' စသည်ဖြင့် ပြန်မှတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com


ရေသောက်ချင်ရင် 'သောက်ချင်တယ်' မှတ်။ ရေခွက်ဘက်သို့ လက်လှမ်းရင် 'လှမ်းတယ်' မှတ်။ ရေခွက်ကို ကိုင်ရင် 'ကိုင်တယ်၊ ထိတယ်' စသည်ဖြင့် မှတ်။ သောက်ရင် 'သောက်တယ်' မှတ်။ မျိုရင် 'မျိုတယ်' မှတ်။ လည်ချောင်းထဲမှာ အေးသွားရင် 'အေးတယ်' မှတ်။ ရေခွက်ပြန်ထားရင် 'ထားတယ်' မှတ်။

ပြန်သွားရင် 'ကြွတယ်၊ လှမ်းတယ်' စသည်ဖြင့် မှတ်ပါ။

သွားရင်း မှတ်နေရာက ကြည့်ချင်ရင် 'ကြည့်ချင်တယ်'။ ကြည့်ရင် 'ကြည့်တယ်'။ မြင်ရင် 'မြင်တယ်' မှတ်။ ထိုင်ချင်လာရင် 'ထိုင်ချင်တယ်၊ ထိုင်ချင်တယ်' လို့မှတ်။ ထိုင်ရင်လဲ ခန္ဓာကိုယ် တဖြည်းဖြည်း နိမ့်ကျသွားတာကို အာရုံပြုပြီးတော့ 'ထိုင်တယ်၊ ထိုင်တယ်' လို့မှတ်။ ထိုင်ပြီးလို့ ဆက်မှတ်ချင်ရင် အရင်မှတ်သလိုပဲ 'ဖောင်းတယ်၊ ပိန်တယ်' စသည်ဖြင့် ပြန်မှတ်ပါ။

## အိပ်တဲ့အခါ မှတ်စရာ

ဒီလိုမှတ်နေရာက အိပ်ချင်ရင် 'အိပ်ချင်တယ်၊ အိပ်ချင်တယ်' မှတ်။ အိပ်တဲ့အခါ ခန္ဓာကိုယ် တဖြည်းဖြည်း ထိုင်ကျသွားတဲ့အမူအရာကို အာရုံပြုပြီးတော့ 'လှဲတယ်၊ အိပ်တယ်' စသည်ဖြင့် မှတ်။ လက်ထောက်ရင် 'ထောက်တယ်'။ ခေါင်းအုံးနဲ့ ခေါင်းနဲ့ထိရင် 'ထိတယ်၊ ထိတယ်' လို့ မှတ်ပါ။

အိပ်တဲ့အခါမှာလဲ မှတ်ရင်းနဲ့ပဲ အိပ်ပျော်စေရမယ်။ ဘယ်လိုလဲဆိုတော့ အသက်ကိုရှုနဲ့မှန်ရှူ ဝမ်းဗိုက်ကို အာရုံပြုပြီးတော့ ထိုင်မှတ်တုန်းကလိုပဲ 'ဖောင်းတယ်၊ ပိန်တယ်' လို့ မှတ်။

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူနေးရင် အိပ်တဲ့အမူအရာနဲ့ အထိများတဲ့နေရာကိုပါ အာရုံပြုပြီးတော့ 'အိပ်တယ်၊ ထိတယ်' လို့ မှတ်။ ဒီတော့ အမှတ်ဟာ 'ဖောင်းတယ်၊ ပိန်တယ်၊ အိပ်တယ်၊ ထိတယ်' ဖြစ်ပါတယ်။

ဒီကြားထဲ 'စိတ်ကူးမှု၊ စဉ်းစားမှု၊ နာကျင်မှု' စသည်တွေ ဖြစ်လာရင် အရင် ထိုင်မှတ်တုန်းကလိုပဲ 'စိတ်ကူးတယ်၊ စဉ်းစားတယ်၊ နာတယ်၊ ကျင်တယ်' စသည်ဖြင့် မှတ်။

ဘာမှမှတ်စရာမရှိရင် 'ဖောင်းတယ်၊ ပိန်တယ်၊ အိပ်တယ်၊ ထိတယ်' ပြန်မှတ်။ အိပ်ပျော်သွားတဲ့အထိ ဆက်မှတ်သွားပါ။

အိပ်ရာကနိုးလာလို့ မျက်စိဖွင့်ချင်ရင် 'ဖွင့်ချင်တယ်'။ ဖွင့်ရင် 'ဖွင့်တယ်'၊ ထချင်ရင် 'ထချင်တယ်'။ ထရင် 'ထတယ်'။ ယိမ်းရင် 'ယိမ်းတယ်'။ လက်ထောက်ရင် 'ထောက်တယ်' စသည်ဖြင့် မှတ်ရပါတယ်။

စားတဲ့အခါ၊ ရေချိုးတဲ့အခါ၊ ကွေးတဲ့အခါ၊ ဆန့်တဲ့အခါတွေမှာလဲ 'ကွေးတယ်၊ ဆန့်တယ်၊ စားတယ်၊ ဝါးတယ်၊ မျိုတယ်၊ ကိုင်တယ်၊ ထိတယ်' စသည်ဖြင့် မပြတ်မှတ်ရပါတယ်။

## အကျဉ်းချုပ်မှာ ဤမျှသာ

အချုပ်အားဖြင့် ပြောရရင် တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ အိပ်ပျော်နေချိန်မှတစ်ပါး ကျန်အချိန်တွေမှာ -

(၁) ကိုယ်အမူအရာမှန်သမျှ ကြီးကြီး သေးသေး အကုန်မှတ်ရပါတယ်။

(၂) ခံစားမှုမှန်သမျှ ကောင်းကောင်း ဆိုးဆိုး အကုန်မှတ်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၃) စိတ်ကူးတိုင်း၊ ကြံစည်တိုင်း၊ စဉ်းစားတိုင်း ကောင်းတာပဲဖြစ်ဖြစ် မကောင်းတာပဲ ဖြစ်ဖြစ် အကုန်မှတ်ရပါတယ်။

(၄) စိတ်ထဲမှာထင်လာတဲ့ အာရုံမှန်သမျှ အကုန်မှတ်ရပါတယ်။ မြင်ရ၊ ကြားရ၊ နံရတဲ့ သဘောတွေကိုလဲ အကုန်မှတ်ရပါတယ်။

## သိသာရုံမျှ ဉာဏ်စဉ်ပြ

ကဲ. . . 'ရှုမှတ်ပုံ၊ ရှုမှတ်နည်း' တွေကတော့ အတော်အသင့် စုံသွားပါပြီ။ ဒါကြောင့် အခုအချိန်က စပြီး 'ဉာဏ်စဉ်တက်ပုံ' ကို အကျဉ်းသဘောလောက် သိသာရုံ ဖော်ပြပါဦးမယ်။ ဆောင်ပုဒ်ကို အရင်ဆိုကြည့်ကြရအောင်။

(၁) 'မှတ်စရာမှတ်တာ ပိုင်းခြားမိတော့၊ နာမ်ရုပ်သိတဲ့ဉာဏ် ဖြစ်တယ်'

အထက်ကဖော်ပြခဲ့တဲ့ ရှုမှတ်နည်းတွေအတိုင်း စနစ်တကျ ယုံယုံကြည်ကြည် ဆက်မှတ်သွားမယ်ဆိုရင် 'မှတ်တိုင်း မှတ်တိုင်း' မှတ်စရာနှင့် မှတ်သိတာ၊ ဒီနှစ်မျိုးပဲ ရှိတယ်။ ဒီနှစ်မျိုးကလွဲလို့ ဘာမှ မရှိဘူးလို့ ဆိုတာကို ပိုင်းပိုင်းခြားခြား မိမိရရ သိလာကြမယ်။ ဒီအသိဟာ နာမ်ရုပ်ကို ပိုင်းခြားသိတဲ့ ဉာဏ်ပါပဲ။

(၂) 'ကြောင်းကျိုးရုပ်နာမ် ဉာဏ်မြင်မိတော့၊ ကြောင်းကျိုးသိတဲ့ဉာဏ် ဖြစ်တယ်'

မှတ်တိုင်း မှတ်တိုင်း 'မှတ်စရာရှိလို့ မှတ်သိမှုဖြစ်တာပဲ။ မှတ်စရာမရှိရင် မှတ်သိမှု မဖြစ်ဘူး။ သွားချင်တဲ့စိတ်ကြောင့် သွားရုပ်ဖြစ်တယ်။ သွားချင်တဲ့စိတ်မရှိရင် သွားရုပ်မရှိဘူး စသည်ဖြင့် အာရုံရှိလို့ မှတ်

www.burmeseclassic.com

www.burmeseclassic.com


စိတ်ဖြစ်ပုံ၊ စိတ်ကြောင့် ရုပ်ဖြစ်ပုံတွေကို မှတ်ဆဲမှာ ဉာဏ်ဖြင့် မိမိရရ သိမြင်လာပါတယ်။ ဒါဟာ **ကြောင်းကျိုး** သိတဲ့ ဉာဏ်ပါပဲ။

(၃) 'မမြဲဆင်းရဲ သဘောပဲသိတော့၊ သုံးသပ်မိတဲ့ဉာဏ် ဖြစ်တယ်'

မှတ်တိုင်း မှတ်တိုင်း မှတ်စရာအာရုံတွေရဲ့ မမြဲတဲ့သဘော၊ အသစ်အဟောင်း ပြောင်းလဲဖြစ်ပျက်နေမှု ဆင်းရဲသဘော၊ အကောင်အထည်မဟုတ်တဲ့ သဘောတွေကို သုံးသပ် ဆင်ခြင်မိလာပါတယ်။ ဒါဟာ ရုပ်နာမ်ကို သုံးသပ်ဆင်ခြင်တဲ့ (သမ္မသန) ဉာဏ်ပါပဲ။

(၄) 'ဖြစ်ပျက်ရုပ်နာမ် ဉာဏ်မြင်မိတော့၊ ဖြစ်ပျက်သိတဲ့ဉာဏ် ဖြစ်တယ်'

မှတ်တိုင်း မှတ်တိုင်း မှတ်စရာအာရုံနဲ့ မှတ်စိတ်တို့ရဲ့ ပေါ်မှု ပျောက်မှုတွေကို ဉာဏ်ဖြင့် မိမိရရ သိမြင်လာမယ်။ ပေါ်တာဟာ ဖြစ်တာပဲ၊ ပျောက်သွားတာက ပျက်တာပဲ၊ ဒါကြောင့် အာရုံနှင့် မှတ်စိတ်တို့ရဲ့ ပေါ်တာ ပျောက်တာကို သိတာဟာ ဖြစ်ပျက်သိတဲ့ (ဥဒယဗ္ဗယ) ဉာဏ်ပါပဲ။

(၅) 'ရှုမှတ်တိုင်းမှာ အပျက်သာသိတော့၊ ဘင်ဉာဏ်ထိ ရောက်လာတယ်'

ဒီအတိုင်း ဆက်မှတ်သွားလို့ မှတ်တိုင်းမှတ်တိုင်း မှတ်စရာအာရုံနှင့် မှတ်သိစိတ်တို့ ရှေ့ဆင့်နောက်ဆင့် လျှင်လျှင်မြန်မြန် တစ်ပျက်တည်း ပျက်ပျက်သွားတာကိုချည်း သိမြင်လာတာဟာ အပျက်ကိုသိတဲ့ (ဘင်္ဂ) ဉာဏ် ဖြစ်ပါတယ်။

www.burmeseclassic.com

(၆/၇) 'ရုပ်နာမ်ကြောက်ဖွယ် မကောင်းတာပဲဟု၊ သိမြင်တာလဲ ဉာဏ်ဖြစ်တယ်'

မှတ်တိုင်း မှတ်တိုင်း တစ်ပျက်တည်း ပျက်နေတဲ့ ရုပ်နာမ်သဘောတွေကိုချည်း မြင်နေရတော့ ကြောက်စရာအဖြစ် သိမြင်လာတယ်။ မကောင်းတဲ့ ရုပ်နာမ်တွေပဲလို့လဲ အပြစ်မြင်လာတယ်။ ဒီအသိအမြင်တွေဟာ ကြောက်ဖွယ်ထင်တဲ့ (ဘယ) ဉာဏ်၊ အပြစ်မြင်တဲ့ (အာဒီနဝ) ဉာဏ်တွေပါပဲ။

(၈) 'မှတ်ဆဲရုပ်နာမ် မပျော်မွေ့တော့၊ ငြီးငွေ့ဉာဏ်ထိ ရောက်လာတယ်'

မှတ်တိုင်း မှတ်တိုင်း တစ်ပျက်တည်း ပျက်နေတဲ့ ရုပ်နာမ်တွေကို ကြောက်ဖွယ်ထင်လာရင် အပြစ်မြင်လာရင် ရုပ်နာမ်အပေါ် မပျော်မွေ့တော့ဘဲ ငြီးငွေ့တဲ့ (နိဗ္ဗိဒါဉာဏ်) ဖြစ်ပေါ်လာတော့တာပါပဲတဲ့။

(၉/၁၀) 'လွတ်မြောက်လိုကာ တဖန်မှတ်တော့၊ လွတ်လိုထပ်ရှု ဉာဏ်ဖြစ်တယ်'

မှတ်တိုင်း မှတ်တိုင်း တစ်ပျက်တည်း ပျက်နေတဲ့ ရုပ်နာမ်အပေါ် ငြီးငွေ့မှုဉာဏ်အမြင် ဖြစ်လာတော့ ငြီးငွေ့စရာ ရုပ်နာမ်မှ လွတ်မြောက်လိုတဲ့ (မုဉ္စိတုကမျတာ) ဉာဏ်၊ လွတ်မြောက်အောင် ကြောင့်ကြပြုကာ ထပ်မံရှုမှတ်တဲ့ (ပဋိသင်္ခါ) ဉာဏ်တွေ ဖြစ်ပေါ်လာမယ်တဲ့။

(၁၁) 'ကောင်းဆိုးအာရုံ ညီတူရှုတော့၊ လျစ်လျူပြုတဲ့ ဉာဏ်ဖြစ်တယ်'

ဒီအတိုင်း ကြိုးစားဆက်မှတ်သွားရင် မှတ်စရာအာရုံကလဲ အလိုက်သင့် ပေါ်လို့ မှတ်ဒိဋ္ဌိကလဲ အလိုက်သင့် မှတ်လို့ ကြောင့်ကြမစိုက်ရဘဲ အမှတ်အသိ လွယ်ကူလာမယ်။ ကောင်းတဲ့အာရုံပဲဖြစ်ဖြစ်၊

www.burmeseclassic.com

www.burmeseclassic.com



မကောင်းတဲ့အာရုံပဲဖြစ်ဖြစ် မှတ်စရာအာရုံ မှန်သမျှကို အညီအမျှ ရှုမှတ်နိုင်လာမယ်တဲ့၊ ဒါဟာ **အညီ့အမျှ** လျစ်လျူရှုတဲ့ (သင်္ခါရုပေက္ခာ) ဉာဏ်ပါပဲတဲ့။

(၁၂) 'အောက်ဉာဏ် ထက်ဉာဏ် လျော်ကန်လှတော့၊ အနုလောမဉာဏ် ဖြစ်တယ်'

ဖြစ်ပြီးသား အောက် အောက် ဝိပဿနာများနှင့်ရော၊ မဖြစ်သေးသည့် အထက် မဂ်ဉာဏ်ရှိ (ဗောဓိပက္ခိယတရားများ) နှင့်ပါ မဆန့်ကျင်ဘဲ လျော်ကန်တဲ့ ဉာဏ်ဟာ အနုလောမဉာဏ် ဖြစ်တယ်တဲ့။

(၁၃) 'ချုပ်ဆုံးရာဆီ ပြေးဝင်ကပ်တော့၊ အနွယ်ဖြတ်တဲ့ဉာဏ် ဖြစ်တယ်'

ရုပ်နာမ်အားလုံးတို့ရဲ့ ဖြစ်ပျက်မှု ချုပ်ဆုံးရာ နိဗ္ဗာန်အာရုံဆီသို့ ပြေးဝင်ကပ်ရောက်သွားတဲ့ ဉာဏ်ဟာ ပုထုဇဉ်အနွယ်ကိုဖြတ်တဲ့ (ဂေါတြဘူ) ဉာဏ် ဖြစ်တယ်တဲ့။

(၁၄) 'ချုပ်ဆုံးရာဝင် သိမြင်သွားတော့၊ မဂ်ဉာဏ်တရား ဖြစ်ပါတယ်'

(၁၅) မဂ်ဉာဏ်ပေါက်ရင် ဖိုလ်ဉာဏ်ရောက်လို့၊ နိဗ္ဗာန်မျက်မှောက် ပြုပါတယ်'

ရုပ်နာမ်တို့ရဲ့ ချုပ်ဆုံးရာ နိဗ္ဗာန်အာရုံထဲ ဆိုက်ရောက်သက်ဝင် သိမြင်သွားတဲ့ဉာဏ်ဟာ မဂ်ဉာဏ် ဖြစ်တယ်။ မဂ်ဉာဏ်ဖြစ်ရင် ဖိုလ်ဉာဏ် ဆက်တိုက် ဖြစ်လာတယ်တဲ့။ ဒီ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေဟာ နိဗ္ဗာန်ကို သိမြင်ဆိုက်ရောက် မျက်မှောက်ပြုတဲ့ ဉာဏ်တွေ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၁၆) 'မဂ်ဖိုလ်နိဗ္ဗာန် ပယ်ကျန်ကိလေ၊ ဆင်ခြင်မိပေ ဉာဏ်ဆုံးတယ်'

အဲဒီနောက် 'မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်နှင့် ပယ်ပြီးကိလေသာ၊ မပယ်ရသေးဘဲ ကျန်နေသေးတဲ့ ကိလေသာ' တွေကို ဆင်ခြင်တဲ့ (ပစ္စဝေက္ခဏာဉာဏ်) ဖြစ်လာတယ်တဲ့။ ဒီဉာဏ်ဖြစ်ရင် ဉာဏ်စဉ် ဆုံးတော့တာပါပဲ။ [ဒါပေမယ့် ဒီဉာဏ်က ပုဂ္ဂိုလ်တိုင်း အကုန်ဖြစ်ပုံမပေါ်ဘူးလို့ အဆိုရှိပါတယ်။]

## မဂ်ဉာဏ်နှင့် အပယ်ခံကိလေသာ

အထက်က ဖော်ပြခဲ့တဲ့အတိုင်း ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်ပြီး သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို သိမြင်ဆိုက်ရောက် မျက်မှောက်ပြုသွားမယ်၊ သောတာပန် ဖြစ်သွားမယ်ဆိုရင် သတ္တဝါတွေကို အပါယ်ဆိုက်အောင် ဆွဲချမယ့် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဆိုတဲ့ ကိလေသာ ရန်သူမိုက်တွေကို အဲဒီ မဂ်ဉာဏ်က အပြီးတိုင် ပယ်သတ်ချေမှုန်းကာ အနိုင်ရသွားပါတယ်။

ရှေ့တစ်ဆင့်တက်ပြီး သကဒါဂါမိပုဂ္ဂိုလ်ဖြစ်သွားမယ်ဆိုရင် ကာမရာဂခေါ် အာရုံငါးပါးကို နှစ်သက် [illegible]ဘာနှင့် ဗျာပါဒခေါ် ဒေါသကိလေသာ ရန်သူဆိုးတွေကို သကဒါဂါမိမဂ်ဉာဏ်က အားနည်းသွား [illegible] တိုက်ဖျက်ထိုးနှက်နိုင်သွားပြီ။ ကိလေသာ ရန်သူ့အပေါ် အသာစီး ရသွားပြီတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တစ်ဆင့်တက်ပြီး အနာဂါမိ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို သိမြင်ဆိုက်ရောက် မျက်မှောက်ပြုသွားမယ်၊ အနာဂါမ်ဖြစ်သွားမယ်ဆိုရင် ကာမရာဂခေါ် အာရုံငါးပါးကို နှစ်သက်တဲ့ လောဘနှင့် ဗျာပါဒခေါ် ဒေါသကိလေသာ ရန်သူဆိုးတွေကို အနာဂါမိမဂ်ဉာဏ်က အပြီးတိုင် ထိုးနှက်ပယ်သတ်ကာ ထာဝစဉ် အနိုင်ရသွားပြီတဲ့။

နောက်ဆုံးအဆင့် အရဟတ္တ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် ရုပ်နာမ်အားလုံး ချုပ်ဆုံးရာ နိဗ္ဗာန်ကို သိမြင်ဆိုက်ရောက် မျက်မှောက်ပြုသွားမယ်၊ ရဟန္တာဖြစ်သွားမယ်ဆိုရင် အောက် အောက် မဂ်ဉာဏ်များဖြင့် မပယ်ရသေးတဲ့ ရူပရာဂ အရူပရာဂခေါ် လောဘနှင့် မောဟ၊ မာန၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ ဆိုတဲ့ ကိလေသာရန်သူ အကြွင်းအကျန် မှန်သမျှကို အမြစ်လှန် အစဖြတ် အပြီးတိုင်ပယ်သတ်ကာ အမြတ်ဆုံး အောင်ပန်းကို ထာဝစဉ် ဆင်မြန်းသွားနိုင်ပြီတဲ့။

ဒီလို မိမိရဲ့ကိုယ်ခန္ဓာတည်းဟူသော စစ်မြေပြင်မှာ ကိလေသာတည်းဟူသော ရန်သူအဆိုးအယုတ်တွေကို အမျိုးပြုတ်အောင် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တည်းဟူသော လက်နက်ဓားတို့ဖြင့် ထိုးနှက် ခုတ်ဖြတ်ပယ်သတ်ချေမှုန်းကာ အနိုင်ယူအောင်ပွဲဆင်သွားတဲ့ ယောဂီစစ်သည်တော်များမှသာလျှင် အမြတ်ဆုံးစစ်သည်တော် ဖြစ်ပါတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကဲ . . 'အမြတ်ဆုံးစစ်သည်တော်' ခေါင်းစဉ်ဖြင့် ဟောကြားလာခဲ့တဲ့ ကိလေသာ ပယ်သတ်နည်း တရားကတော့ ဆုံးသွားပြီ။ အဆုံးသတ် နိဂုံးဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့။

ကိလေသာနိုင်ရန် ဘယ်တရားကို၊ ကြိုးစားအားထုတ် ကျင့်ရမယ်။
ဝိပဿနာခေါ် မြတ်တရားကို၊ ကြိုးစားအားထုတ် ကျင့်ရမယ်။
သိတတ်တာဟာ နာမ်သဘောကွဲ့၊ မသိတဲ့သဘော ရုပ်ဖြစ်တယ်။
ဖြစ်ပျက်ရုပ်နာမ် သိအောင်မှတ်တော့၊ ဝိပဿနာ ခေါ်ပါတယ်။
ဝိပဿနာ အလုပ်စခန်းမှာ၊ မဟာစည်နည်းလမ်း လိုက်သင့်တယ်။
ဖောင်းပိန်ကိုသာ အခြေခံထားလို့၊ ထင်ရှားရုပ်နာမ် ရှုခိုင်းတယ်။
စာသံ ပေသံ မပါပြားလဲ၊ ဉာဏ်စဉ်တိုးပွါး မဂ်ဆိုက်မယ်။
မဂ်ဖိုလ်ဆိုက်အောင် ရှုမှတ်ပွားတော့၊ ကိလေသာများ ပယ်နိုင်တယ်။
ကိလေသာပယ်သူ ယောဂီများမှ၊ အမြတ်ဆုံးစစ်သား ဖြစ်ပါတယ်။
မှတ်ကွယ် . . . မှတ်ကွယ်။

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံးဆုညွှန်း အမှာစကား

ဤသို့ 'အမြတ်ဆုံးစစ်သည်' ခေါ် ကိလေသာပယ်သတ်နည်း ဝိပဿနာ အလုပ်ပေးတရားတော်ကို ရှိသေစွာ နာကြားရသော မမွှသဝနကုသိုလ်ကံစေတနာကြောင့် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ကိုယ်တွင်းပူဆာ ကိလေသာရန်သူ အဆိုးအယုတ်တို့ကိုလည်း ဝိပဿနာဉာဏ် မဂ်ဉာဏ် တည်းဟူသော လက်နက်ဓားတို့ဖြင့် အမျိုးပြုတ်အောင် ထိုးခုတ်ပယ်သတ်နိုင်ကြပြီးလျှင် ဘယ်တော့မှ ပြန်လည် မဆုံးရှုံးနိုင်သည့် အရဟတ္တဖိုလ်တည်းဟူသော အောင်ဆုအောင်ပန်းကုံးကို ကိုယ်စီကိုယ်ငှ ပန်ဆင်နိုင်ကြပါစေလို့ ညွှန်းဆုပြုတဲ့ နိဂုံးဂါထာရွတ်ပြီး တရားပွဲရုပ်နားကြဦးစို့။

ဣမိနာ ပုညကမ္မေန၊ သုခိတာ ဟောထ သာဓဝေါ။
ဇေဂ္ဂဋ္ဌိယေ ပဟာန္တာန၊ ပိဋ္ဌနွထ ဓဇံ ဝရံ။ ။

သာဓဝေါ၊ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ တုမှေ၊ သင် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။ ဣမိနာပုညကမ္မေန၊ ဤသို့ အမြတ်ဆုံးစစ်သည်ခေါ် ကိလေသာပယ်သတ်နည်း တရားတော်ကို ရှိသေစွာ ကြားနာရသော မမွှသဝနကုသိုလ်ကံ စေတနာကြောင့်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ

www.burmeseclassic.com

ကျန်းမာချမ်းသာခြင်း ရှိကြကုန်သည်။ ဟောထ၊ စင်စစ်မသွေ ဖြစ်ကြပါစေကုန်သတည်း။ ဇေဂုတ္တိယေ၊ အရိယာတို့၏ ဉာဏ်အမြင်တွင် အမှန်တကယ်ပင် စက်ဆုပ်ရွံ့ရှာဖွယ် ဖြစ်ကုန်သော။ ကိလေသော၊ ကိုယ်တွင်းပူဆာ ကိလေသာရန်သူ အဆိုးအယုတ်တို့ကို။ ပဟန္တွာန၊ ဝိပဿနာဉာဏ် မဂ်ဉာဏ်တည်းဟူသော လက်နက်ဓားတို့ဖြင့် အမျိုးပြုတ်အောင် ထိုးခုတ်ပယ်သတ်သွားနိုင်ကြကုန်၍။ ဇယံဝရံ၊ ဘယ်တော့မှ ပြန်လည်မဆုံးရှုံးနိုင်သည့် အရဟတ္တဖိုလ်တည်းဟူသော အောင်ဆုအောင်ပန်းကုံးကို။ ပိဠန္ဓထ၊ အမြဲတစေ ကိုယ်စီကိုယ်ငှ ပန်ဆင်နိုင်ကြပါစေကုန်သတည်း။

သာဓု. . . သာဓု. . . သာဓု။

အမြတ်ဆုံးစစ်သည်တရားတော် ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



# စကားစစ်ပွဲ တရားတော်

## ပ ဏာ မ

ယော့ ကိလေသေ ပဟန္တွာန၊ အပိဋ္ဌန္တိ ဇယံဝရံ။
အမှာကမ္ပိ ဝရံမမ္ပံ၊ ဒေသေသိတံ နမာမဟံ။ ။

ယောနာဝဃကော၊ လူနတ်ဗြဟ္မာ သတ္တဝါအများတို့၏ ရှေ့သွားလမ်းညွှန် ခေါင်းဆောင်မွန် ဖြစ်တော်မူသော အကြင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ကိလေသေ၊ ကိုယ်တွင်းပူဆာ ကိလေသာ ရန်သူ အဆိုးအယုတ်တို့ကို။ ပဟန္တွာန၊ သဗ္ဗညုဉာဏ် ရင့်သန်ကြည်ရာ အပရာဇိတ ဌာနအောင်ခန်း ပလ္လင်နန်း၌ပင်လျှင် အရဟတ္တမဂ်ဉာဏ်တည်းဟူသော လက်သုံးတော်သန်လျက်ဓားဖြင့် အမျိုးပြုတ်အောင် ထိုးခုတ်ပယ်သတ်ထားနိုင်ခဲ့ပြီး ဖြစ်ပါ၍။ ဇယံဝရံ ဘယ်တော့မှ ပြန်လည် မဆုံးရှုံးနိုင်သည့် အရဟတ္တဖိုလ်

www.burmeseclassic.com

www.burmeseclassic.com

တည်းဟူသော အောင်ဆုအောင်ပန်းကုံးကို။ အပိဋကနို၊ အမြတ်စေ ပန်ဆင်တော်မူနိုင်ခဲ့လေပြီ။ ပိဋကနိတွာဝ၊ ကိုယ်တော်တိုင် အောင်ပန်းကို ဆင်မြန်းတော်မူခဲ့ပြီးမှ သာလျှင်။ အမှာကမ္ဗိ၊ ကိလေသာရန်သူနှင့် ယှဉ်ပြိုင်လျှင် အမြတ်မ်းပင် ရှုံးပွဲနှင့်ရင်ဆိုင်လာကြရသည့် လူနတ်ဗြဟ္မာ သတ္တဝါအများ အကျွန်ုပ်တို့အား လည်း။ ဝရံမမွံ၊ ကိလေသာမာရ် ကိုယ်တွင်းရန်ကို အောင် မြင်ရာအောင်မြင်ကြောင်း နည်းကောင်းလမ်းကောင်း မြတ်သောတရားအပေါင်းကို။ ဒေသေသိ၊ ကရုဏာရှေ့သွား ပညာအားဖြင့် ညွှန်ကြားဟောပြတော်မူခဲ့လေပြီ။ တံနာယကံ၊ လူနတ်ဗြဟ္မာ သတ္တဝါအများတို့၏ ရှေ့သွားလမ်းညွှန် ခေါင်းဆောင်မွန်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ အဟံ၊ တရားနာသူ များဗိုလ်လူတို့အား ကိလေသာ အညစ်အကြေးမှ ကင်းဝေးစင်ကြယ်စေရန် တစ်ခုတည်းသောလမ်းမှန် တစ်ကြောင်းတည်းသော လမ်းမှန်ဖြစ်သည့် မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို ဟောကြားတော့မည့် စိတ်ကရည်၍ ကြံစည်အားထုတ် အကျွန်ုပ်သည်။ နမာမိ၊ ဂုဏ်တော်ရှယ်ကိုး အားတော်ကိုး၍ ရှိခိုးကန်တော့လိုက်ပါသည် ဘုရား။ နမာမိ၊ တရားဟောတရားနာ များစွာသော ပရိသတ်အပေါင်း သူတော်ကောင်းတို့၏ ကိုယ်တွင်း ကိုယ်ပ အိမ်တွင်းအိမ်ပ ရွာတွင်းရွာပ မြို့တွင်းမြို့ပပါမကျန် ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ် ဟူသမျှ ကင်းပစေကြောင်း ဆုမွန်တောင်းကာ ရှိခိုးကန်တော့ လိုက်ရပါတော့သည်ဘုရား။

သာဓု . . . သာဓု . . . သာဓု . . . ။

www.burmeseclassic.com

www.burmeseclassic.com

## စကားစစ်ပွဲ တရားတော်

ဒီနေ့ဟောမယ့် တရားခေါင်းစဉ်ကတော့ 'စကားစစ်ပွဲ တရားတော်' တဲ့။ မိလိန္ဒပဉှာနာမပဉ္စတ္တိ အခန်းနှင့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာ အလုပ်ပေး တရားတော်များကို ပေါင်းစပ်ဟောကြားမယ့်တရား ဖြစ်ပါတယ်။ တဲ. . တရားစမယ်။

ယထာဟိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ၊
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။

မဟာရာဇ၊ မြတ်သော မိလိန္ဒမင်းကြီး။ အင်္ဂသမ္ဘာရာ၊ ဘီးဝင်ရိုးရထားတံ စသည့် အင်္ဂါကြီးငယ် အဆောက်အဦရှိသောကြောင့်။ ရထော ဣတိ၊ ရထားဟူ၍။ သဒ္ဒေါ၊ ခေါ်ဝေါ်စရာ ဝေါဟာရသည်။ ဟောတိ ယထာ၊ ထင်ရှားမသွေ ဖြစ်ပေါ်၍ လာရပေသကဲ့သို့။ ဧဝံတထာ၊ ထိုနည်းနမူ အလားတူသာလျှင်။ ခန္ဓေသု၊ စွဲလမ်းစရာ ငါးပါးသော ခန္ဓာတို့သည်။ သန္တေသု၊ ထင်ရှားရှိကုန်လတ်သော်။ သတ္တောတိ။ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမဟူ၍။ သမ္မုတိ၊ ခေါ်ဝေါ်ပညတ် သမုတ်ခြင်းသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပေ ပေသတည်း။ ။

သာဓု. . . သာဓု. . . သာဓု။

www.burmeseclassic.com

www.burmeseclassic.com



## အမေး မိလိန် အဖြေ နာဂသိန်

မြတ်သော မိလိန္ဒမင်းကြီး၊ ဘီးဝင်ရိုးရထားတံ စတဲ့ ပစ္စည်းအစိတ်အပိုင်းတွေကို စုပေါင်း တပ်ဆင်လိုက်တဲ့အခါ 'ရထား' လို့ ခေါ်ဝေါ်စရာ ဝေါဟာရဖြစ်ပေါ် လာပါတယ်။ ဒီလိုပါပဲ။ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဆိုတဲ့ စွဲလမ်းစရာ ခန္ဓာငါးပါး ထင်ရှားဖြစ်ပေါ်လာရင် 'ငါပဲ၊ သူပဲ၊ ယောက်ျားပဲ၊ မိန်းမပဲ၊ ပုဂ္ဂိုလ်သတ္တဝါ' လို့ ခေါ်ဝေါ်စရာ ဖြစ်ပေါ်လာပါတယ်။

ဒီ 'ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ ဆိုတာတွေဟာ အပြောမှန်မျှသာ ဖြစ်တယ်၊ သဘောမှန်အားဖြင့် တကယ် မရှိပါဘူး' စသည်ဖြင့် မိလိန္ဒနှင့် ရှင်နာဂသိန်တို့ရဲ့ စကားစစ်ပွဲမှာ ရှင်နာဂသိန်မထေရ်မြတ်က မိလိန္ဒမင်းကြီးအား ရှင်းလင်း မိန့်ကြားတော်မူတယ်တဲ့။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် နှစ်ပေါင်းငါးရာလောက်အရောက်မှာ 'မိလိန္ဒနှင့် ရှင်နာဂသိန်' ဆိုတဲ့ ပညာချွန် ပုဂ္ဂိုလ်မွန်နှစ်ဦး ပေါ်ထွန်းခဲ့ဖူးပါတယ်။

မိလိန္ဒမင်းကြီးဟာ မေးတဲ့နေရာမှာ ရှာရှာဖွေဖွေ ကပ်ကပ်သပ်သပ် ကြွံကြွံဖန်ဖန် ခဲရာခဲဆစ် မေးတတ်သူ ဖြစ်တယ်။ အမေးအရာမှာ သရဖူဆောင်းသူပါပဲ။

အဲ-ရှင်နာဂသိန်မထေရ်မြတ်ကလည်း မိလိန္ဒမင်း မေးသမျှ အမေးတွေကို ပြေလည်အောင်ရှင်းလင်း ဖြေကြားနိုင်သူ ဖြစ်ပါတယ်။ အဖြေအရာမှာတော့ အရှင်မြတ်ဟာ ဗိုလ်တကာ့ဘုရင် ဆိုလောက်သူပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ရှေးမြန်မာ ပညာရှိများက 'အမေး မိလိန် - အဖြေ နာဂသိန်' လို့ ဆိုရိုးစကားတောင် ထားခဲ့ပါတယ်။

## ရှေးဆုတောင်း အကြောင်းကံ

သူတို့နှစ်ဦးဟာ ကဿပမြတ်စွာဘုရား သာသနာတော်တွင်းမှာ တရားဏသီပြည် ဂင်္ဂါမြစ်ကမ်း အနီးက ကျောင်းတိုက်ကြီးတစ်ခုမှာ အတူနေခဲ့ကြဖူးတယ်တဲ့။ အဲဒီအခါက မိလိန္ဒအလောင်းက ရှင်သာမဏေ၊ ရှင်နာဂသိန်အလောင်းက ရဟန်းငယ် ဖြစ်ခဲ့ကြဖူးပါတယ်။

တစ်နေ့နံနက်မှာ ရှင်နာဂသိန်အလောင်း ရဟန်းငယ်ဟာ အခြားရဟန်းတော်များနှင့်အတူ မြတ်စွာ ဘုရားရဲ့ ဂုဏ်တော် ကျေးဇူးတော်များကို အာရုံပြုရင်း ကျောင်းဝိုင်းအတွင်းမှာ တံမြက်လှည်း ရှင်းလင်းပါ တယ်။

လှည်းကျင်းပြီး စုပုံထားတဲ့ အမှိုက်သရိုက်တွေကို တစ်နေရာမှာ သွားစွန့်ပစ်ဖို့ ရှင်နာဂသိန်အလောင်း က မိလိန္ဒအလောင်း ကိုရင်အား ခိုင်းပါတယ်။ ကိုရင်ငယ်ဟာ ခိုင်းတာကို မကြားဟန်ဆောင်ပြီး ရှောင်ထွက် သွားပါတယ်။ နှစ်ကြိမ်မြောက် ခိုင်းလည်း မကြားဟန်ဆောင်နေပါတယ်။

ဒါနဲ့ 'ဒီကိုရင် တယ်ပြောရဆိုရ ခက်တဲ့ကိုရင်ပဲ' ဆိုပြီး ရဟန်းငယ်က ကိုရင်ကို တံမြက်စည်းနဲ့ ရိုက်ပြီး အမှိုက်စွန့်ခိုင်းပါတယ်။ ဒီတော့မှ ကိုရင်ငယ်ဟာ ငိုယိုကာ တံမြက်ချေးအမှိုက်တွေကို ကျုံးယူပြီး သွားစွန့်ပစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ငယ်ဟာ အမှိုက်စွန့်ရင်း 'ဤအမှိုက်စွန့်ရတဲ့ ဝေယျာဝစ္စကုသိုလ်ကြောင့် ဖြစ်လေရာရာဘဝ တိုင်းမှာ မွန်းတည့်နေကဲ့သို့ ဘုန်းတန်ခိုးကြီးရပါလို၏' လို့ ဆုတောင်းမှု ပြုတယ်တဲ့။ သူရဲ့ ဆုတောင်းပုံကို ထောက်ဆကြည့်ရင် အဲဒီအချိန်မှာ နေထော်တော် ပူနေပုံပေါ်ပါတယ်။

အဲဒီနောက် ရေချိုးဖို့ မြစ်ဆိပ်သွားတဲ့အခါ မြစ်ထဲမှာ လှိုင်းတံပိုးတွေ ထနေပါတယ်။ အဲဒီ လှိုင်းတံပိုးများကို ကြည့်ပြီး 'ဤအမှိုက်စွန့်ရတဲ့ ကုသိုလ်ကြောင့် ဖြစ်လေရာ ဘဝတိုင်းမှာ ဤမကုန်နိုင်သော လှိုင်းတံပိုးများလို မကုန်နိုင်သော ဉာဏ်ပညာနှင့် ပြည့်စုံရပါလို၏' လို့ ဒုတိယအကြိမ် ဆုတောင်းမှု ပြုပြန် တယ်တဲ့။

ဒီလို မိလိန္ဒအလောင်း ဆုတောင်းသံကို ရှင်နာဂသိန်အလောင်းက ကြားတဲ့အခါ 'ဒီကိုရင်ဟာ ငါ ရိုက်နှက်ခိုင်းလို့ အမှိုက်စွန့်သူ ဖြစ်တယ်။ သူ့ဆုတောင်း ပြည့်မယ်ဆိုရင် သူ့ကို တိုက်တွန်းစေခိုင်းရုံမျှမက ကိုယ်တိုင် တံမြက်လှည်းခဲ့သူ ငါ့အဖို့ ပို၍ ဆုတောင်းပြည့်နိုင်လိမ့်မယ်' လို့ တွေးမိပါတယ်။

ဒါနဲ့ 'ဤကောင်းမှုကြောင့် ဖြစ်လေရာ ဘဝတိုင်းမှာ မကုန်နိုင်သော ဉာဏ်ပညာနှင့် ပြည့်စုံရပါလို ၏၊ ဒီကိုရင် မေးသမျှ အမေးတွေကိုလည်း ပြေလည်အောင် ဖြေနိုင်ရပါလို၏' လို့ ဆုမွန်ကောင်း တောင် တယ်တဲ့။

---

[၁၇]မိလိန္ဒအလောင်း ကိုရင်ငယ်ကို ရှင်နာဂသိန်အလောင်း ရဟန်းငယ်က တံမြက်စည်းဖြင့် ရိုက်၍ အမှိုက်ကျုံးခိုင်း နေပုံ။

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးဟာ အဲဒီဘဝက သေလွန်တဲ့အခါ ဘုရားတစ်ဆူနှင့်တစ်ဆူ ကြားကာလတစ်လျှောက်လုံး လူ့ပြည် နတ်ပြည်တွေမှာ စုန်ချီဆန်ချီ ကျင်လည်ခဲ့ကြပါတယ်။

## စွယ်စုံ ပညာရှင် မိလိန္ဒဘုရင်

ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်ပြီးနောက် နှစ်ပေါင်း ငါးရာလောက်အရောက်မှာ ကဿပဘုရား သာသနာခေတ်က ကိုရင်ငယ်ဟာ ယောနကတိုင်း သာဂလမြို့မှာ မိလိန္ဒအမည်နှင့် ဘုရင် ဖြစ်လာခဲ့ပါတယ်။ မိလိန္ဒဘုရင်ဟာ ဟိုခေတ်က သင်ကြားရတဲ့ လောကီပညာရပ် ၁၈-မျိုးလုံးကို တတ်မြောက်တယ်။ ဘုရားဟော ပိဋကတ်သုံးပုံကိုလဲ အကုန်တတ်တယ်။ သူဟာ လောကီပညာရော ပိဋကတ်ပညာပါ တတ်မြောက်လို့ စွယ်စုံပညာရှင်တစ်ယောက် ဖြစ်ပါတယ်။

## မိလိန္ဒ နှင့် တိတ္ထိဆရာများ

တစ်နေ့မှာ မိလိန္ဒဘုရင်ဟာ ယောနကအမတ်များနှင့်အတူ ပူရဏကဿပ တိတ္ထိဆရာကြီးထံ ချဉ်းကပ်ပြီး ဒီလို ပြဿနာမေးတယ်တဲ့။

မိလိန္ဒမင်း။ ။ ကော ဘန္တေ ကဿပ လောကံပါလေတိ - အရှင်ကဿပ ဆရာကြီး၊ လူသားအပေါင်းကို ဘယ်သူက စောင့်ရှောက်ပါသလဲ။

တိတ္ထိဆရာ။ ။ ပထဝီ မဟာရာဇ လောကံပါလေတိ - အရှင်မင်းမြတ်၊ လူသားအပေါင်းကို မြေကြီးက စောင့်ရှောက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


တိတ္တိဆရာရဲ့ ဖြေကြားပုံဟာ တကယ်ရယ်စရာပါပဲ။ ဒါပေမယ့် ဗဟုသုတအဖြစ် မှတ်ရလွယ်အောင် အမေးနဲ့အဖြေကို ပေါင်းပြီး ရှစ်လုံးဘွဲ့ ကဗျာလေး စီထားတယ်။ ကဲ. . ဆိုကြည့်ကြရအောင်။

မေး။ ။ 'အို. . ကဿပ၊ မေးပါရစေ၊
လောက လူသား၊ ဘာများ စောင့်နေ'

ဖြေ။ ။ 'ဒကာမင်းမြတ်၊ မေးအပ်အနှုဖြေ၊
လူအများ. . . စောင့်ထားမြေကြီးပေ'

ကဿပရဲ့အဖြေကို ဘုရင်က သဘောမကျဘူး။ ဒါကြောင့် ထပ်ဆင့်မေးခွန်း ထုတ်တယ်။ အဲဒီမေးခွန်းအတွက် ရှစ်လုံးဘွဲ့ကဗျာကို အရင်ဆိုကြဦးစို့။

မေး။ ။ 'ငရဲကျသွား၊ များပြားလူတွေ၊
မြေကြီးကျော်လွှား၊ ရောက်သွားရှာချေ၊
အစောင့်မြေကြီး၊ တားဆီးသင့်ပေ၊
သို့ပါလျက်၊ ဘယ့်တွက် သူမေ့နေ'

'ကဿပ ဆရာကြီး၊ မြေကြီးက လူတွေကို စောင့်ရှောက်တယ်ဆိုရင် ငရဲကျသူများဟာ မြေကြီးကို ကျော်လွှန်ပြီး သွားကြရပါတယ်။ မြေကြီးက ထိုသူများကို ဘာကြောင့် တားဆီးပြီး မကယ်ဆယ်လိုက်ပါသလဲ' လို့ ထပ်မေးတယ်။

www.burmeseclassic.com

အဲဒီအခါ တိတ္ထိဆရာကြီးက ဘာမျှ ဆက်မဖြေနိုင်တော့ဘူးတဲ့။ ဦးခေါင်း ငိုက်စိုက်ချကာ မှိုင်နေတယ်တဲ့။

ဒီတော့ မိလိန္ဒမင်းက 'အချင်း ယောနကအမတ်တို့၊ ဇမ္ဗူဒိပ်ကျွန်းမှာ ပညာရှိမဲ့လေပြီ၊ အချည်းနှီးဖြစ်လေပြီ၊ ငါနဲ့ ယှဉ်ပြိုင်ဆွေးနွေးနိုင်သူ မရှိတော့ပြီ' စသည်ဖြင့် ကြွေးကြော် ပြောဆိုပါတယ်။

နောက်မကြာမီ မက္ခလိဂေါသာလတိတ္ထိဆရာကြီးထံ ချဉ်းကပ်ပြီး ဒီလို မေးပြန်တယ်။

'အတ္ထိ ဘန္တေ ဂေါသာလ ကုသလာ ကုသလာနိကမ္မာနိ၊ အတ္ထိ သုကတဒုက္ကတာနံ ကမ္မာနံ ဖလံဝိပါကော'

'အရှင်မက္ခလိဆရာကြီး၊ ကုသိုလ်ကံ အကုသိုလ်ကံဆိုတာ ရှိပါသလား။ အဲဒီ ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့ အကျိုးတရားကော ရှိပါရဲ့လား' တဲ့။

အဲဒီ အမေးကိုလဲ ရှုံ့လုံးဘွဲ့ စီထားတယ်။ ကဲ. . . ဆိုကြည့်ကြရအောင်။

---

[၁၈] ကဿပမြတ်စွာဘုရား သာသနာတော်ခေတ်က ကိုရင်ငယ်သည် ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် အနှစ်ငါးရာလောက်အရောက်မှာ ယောနကတိုင်း သာဂလမြို့မှာ မိလိန္ဒအမည်ဖြင့် ဘုရင်ဖြစ်လာပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မေး။ ။ 'အို-မက္ခလိ၊ မေးကြည့်ချင်တယ်၊
ကံကောင်း ကံဆိုး၊ နှစ်မျိုးနှင့်ရယ်၊
သူတို့အကျိုး၊ ထပ်တိုးဖြေကွယ်၊
ရှိ မရှိ၊ တိကျသိချင်တယ်။'

အဲဒီအမေးကို မက္ခလိက ဒီလိုဖြေတယ်။

'နတ္ထိ မဟာရာဇ ကုသလာ ကုသလာနိကမ္မာနိ၊ နတ္ထိ သုကတဒုက္ကတာနံ ကမ္မာနံ ဖလံဝိပါကော'။

'ဒကာတော်မင်းမြတ်၊ ကုသိုလ်ကံ အကုသိုလ်ကံဆိုတာ မရှိပါဘူး။ ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့ အကျိုးလဲ မရှိပါဘူး'

'မင်းမျိုး သေရင် မင်းမျိုး ပြန်ဖြစ်တယ်၊ ပုဏ္ဏားသေရင် ပုဏ္ဏားမျိုး ပြန်ဖြစ်တယ်၊ သူဌေးမျိုးသေရင် သူဌေးမျိုး ပြန်ဖြစ်တယ်၊ သူဆင်းရဲသေရင် သူဆင်းရဲပဲ ပြန်ဖြစ်တယ်၊ ဒါကြောင့် ကုသိုလ်ကံတို့၊ အကုသိုလ်ကံတို့ ကံအကျိုးတို့ ဘာတို့ဆိုတာ ဘယ်မှာရှိပါ့မလဲ' တဲ့။

မက္ခလိရဲ့ ဖြေပုံကလည်း အတော့်ကို ဉာဏ်ချွတ်ခြုံကျပုံ ပေါ်ပါတယ်။ ဒါပေမယ့် ဗဟုသုတအဖြစ် မှတ်ရအောင် ရှစ်လုံးဘွဲ့လေး စီထားတာကို ဆိုကြည့်ကြဦးစို့။

---

[၁၉]မိလိန္ဒမင်းက ပူရဏကဿပ တိတ္ထိဆရာကြီးတို့ ပြဿနာမေးရာ မဖြေနိုင်၍ တိတ္ထိဆရာကြီး ခေါင်းငိုက်စိုက်ကျ နေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဖြေ။ ။ 'ကံကောင်း ကံဆိုး၊ နှစ်မျိုးနှင့်ကွယ်၊
သူတို့အကျိုး၊ ဖြစ်ရိုးကင်းတယ်၊
မင်းသားသေက၊ ဖြစ်ရမင်းနွယ်၊
သူဌေးသား၊ ဖြစ်သွား သူဌေးကွယ်'

သူ့ကိုယ်သူ ဘုရားတစ်ဆူလုပ်နေတဲ့ ဒီမက္ခလိရဲ့ အဖြေကိုလဲ မိလိန္ဒက မကျေနပ်ဘူး။ ဒါကြောင့် အမြင်တပ်ကပ်နဲ့ ဒီလို ထပ်မေးတယ်။

'အို . မက္ခလိ၊ မင်းမျိုးသေလို့ မင်းမျိုးပြန်ဖြစ်ရင်၊ ပုဏ္ဏားသေလို့ ပုဏ္ဏားပြန်ဖြစ်ရင်၊ သူဌေးသေလို့ သူဌေးပြန်ဖြစ်ရင်၊ ဆင်းရဲသားသေလို့ ဆင်းရဲသားပြန်ဖြစ်ရင်၊ ခြေပြတ်လက်ပြတ်သူသေရင် ခြေပြတ် လက်ပြတ်သူ ပြန်ဖြစ်ရမှာပဲလား' တဲ့။

ဒီလိုထပ်မေးတဲ့အခါ တိတ္ထိဆရာဟာ ဘာမျှမဖြေနိုင်တော့ဘူး။ ဒါကြောင့် မိလိန္ဒက ထုံးစံအတိုင်း အနိုင်ယူ ကြွေးကြော်စကား ပြောကြားတယ်တဲ့။

## ရဟန်းတော်များ တိမ်းရှောင်ရှား

မိလိန္ဒမင်း အမေးအမြန်း ထူလွန်းသဖြင့် ပညာရှိအမည်ခံသူများဟာ သာဂလမြို့မှ တိမ်းရှောင်ပြေးကုန်ကြတယ်။ တချို့လည်း ရေငုံနှုတ်ပိတ် တိတ်တဆိတ် ခပ်လျှိုလျှိုနေကြရရှာတယ်။ ရဟန်းတော်များလည်း ဟိမဝန္တာသို့ သွားရောက်နေကြရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဒီလိုနဲ့ သာဂလမြို့မှာ ၁၂-နှစ်လုံးလုံး ပညာရှိများ ကင်းဆိတ်သွားတယ်။

မိလိန္ဒမင်းကြီးဟာ မိမိနှင့် တရားစကား ပြောဆို ဆွေးနွေးနိုင်သူ၊ မိမိရဲ့ ယုံမှားသံသယကို ပယ်ဖျောက်ပေးနိုင်သူ လူပညာရှိ ရဟန်းပညာရှိများကို ရှာမတွေ့တဲ့အခါ 'ဇမ္ဗူဒိပ်ကျွန်းဟာ အလကားကျွန်းကြီးပဲ၊ ပညာရှိကင်းမဲ့တဲ့ ကျွန်းကြီးပဲ' စသည်ဖြင့် ကြုံးဝါးပြောဆိုပါတယ်။

## နတ်ပြည်တက်ကာ သူ့ရဲကောင်းရှာ

မိလိန္ဒမင်းရဲ့ ကြုံးဝါးသံကို ဟိမဝန္တာတောင် ရက္ခိတအပြင်မှာ သီတင်းသုံးနေတဲ့ အဿဂုတ္တရဟန္တာမထေရ်မြတ်ကြီးက ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ကြားသိတော်မူပါတယ်။

ဒါနဲ့ ယုဂန္ဓိုရ်တောင်ထိပ်မှာ ရဟန္တာများကို စည်းဝေးစေပါတယ်။ အဲဒီ အစည်းအဝေးမှာ မိလိန္ဒဘုရင်ရဲ့ အယူဝါဒကို နှိမ်နင်းနိုင်သူကို စုံစမ်းရှာဖွေကြတယ်။ ရှာဖွေလို့မရတဲ့အခါ အဿဂုတ္တမထေရ်မြတ်ဟာ ရဟန္တာများကို ခေါင်းဆောင်ကာ တာဝတိံသာနတ်ပြည်သို့ ကြွပါတယ်။

နတ်ပြည်ရောက်တဲ့အခါ သိကြားမင်းရဲ့အကူအညီနဲ့ ကေတုမတီ နတ်ပြာသာဒ်ရှိ ရှင်နာဂသေနအလောင်း မဟာသေနနတ်သားထံ သွားရောက်ကြတယ်။ မိလိန္ဒမင်းရဲ့အယူကို နှိမ်နင်းပြီး မြတ်စွာဘုရားရဲ့ သာသနာတော်ကို ချီးမြှောက်ဖို့ လူ့ပြည်မှာ ပဋိသန္ဓေနေပါရန် အမျိုးမျိုး တောင်းပန်စကား ပြောကြားကြတယ်။ မဟာသေနနတ်သားက လက်ခံမှ ရဟန္တာများလည်း ဟိမဝန္တာသို့ ပြန်ကြွကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


## ရှင်ရောဟဏ ဒဏ်ခံရ

မဟာသေနနတ်သားဟာ နတ်ပြည်မှစုတေပြီး ဟိမဝန္တာတောင်ခြေအနီးက ဇဇင်္ဂလပုဏ္ဏားရွာ သောဏုတ္တရပုဏ္ဏားရဲ့ဇနီး ပုဏ္ဏေးမဝမ်းမှာ ပဋိသန္ဓေယူပါတယ်။

ရဟန္တာများ စည်းဝေးစဉ်က နိရောဓသမာပတ် ဝင်စားနေ၍ သံဃာ့အစည်းအဝေး မတက်ရောက်ခဲ့သူ ရှင်ရောဟဏ ရဟန္တာမထေရ်မြတ်ကို အဿဂုတ္တမထေရ်ကြီးက ဒဏ်ပေးတယ်။ 'နာဂသေန သူငယ် အလောင်း ပဋိသန္ဓေယူချိန်မှ မွေးဖွားပြီး ၇-နှစ်ကျော်တဲ့အထိ သောဏုတ္တရပုဏ္ဏားရဲ့အိမ်မှာ ဆွမ်းခံရမယ်၊ နာဂသေနကို ရှင်သာမဏေဖြစ်အောင် ပြုပေးပြီးမှ အပြစ်ဒဏ်မှ လွတ်မယ်' လို့ မိန့်ကြားတယ်တဲ့။

ဒါနဲ့ ရှင်ရောဟဏမထေရ်လဲ အဲဒီပုဏ္ဏားရဲ့အိမ်သို့ ၇-နှစ်နဲ့ ၁၀-လအထိ နေ့စဉ် ဆွမ်းခံကြွရပါတယ်။ နေ့တိုင်း ဆွမ်းမရတဲ့အပြင် ဆဲဆိုကြိမ်းမောင်းတာကိုသာ ခံရတယ်တဲ့။

## တစ်ခါသင်ရုံ အတတ်စုံ

နာဂသေနသူငယ် ၇-နှစ်သားအရွယ်မှာ သူ့ဖခင်က ပုဏ္ဏားဆရာတစ်ဦးကို အိမ်သို့ပင့်ခေါ်တယ်။ သူ့သားငယ်အား ပုဏ္ဏားများ တတ်သင့်တဲ့အတတ်ပညာကို သင်ပြစေတယ်။ နာဂသေနသူငယ်ဟာ ဆရာက ဗေဒင်သုံးပုံကို တစ်ခေါက်လောက် အကျဉ်းမျှ သင်ပြရုံနဲ့ အကုန်လုံး တတ်မြောက်သွားတယ်တဲ့။

---

[၂၀] တိတ္ထိဆရာ မက္ခလိကြီး မိလိန္ဒရဲ့အမေးကို မဖြေနိုင်ဘဲ ပါးစပ်အဟောင်းသား ဖြစ်နေပုံ၊

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



နာဂသေနဟာ ရှေ့ဆက်ပြီး သင်ယူစရာ မရှိတဲ့အခါ ဗေဒင်သုံးပုံလုံး ကုန်အောင် အစအဆုံး အပြန်အလှန် သုံးသပ်ကြည့်တယ်။ ဘာမှ အနှစ်သာရ ရှာမတွေ့တဲ့အခါ တစ်ယောက်တည်း စိတ်ပျက်စကား ပြောကြားပြီး မှိုင်နေပါတယ်။

## ၇-နှစ်ကျော်မှ ကန်တော့ဆွမ်းရ

နာဂသေနရဲ့ မိဘများဟာ အရင်က ရှင်ရောဟဏမထေရ်မြတ်ကို ဆွမ်းမလောင်းခဲ့ပေမယ့် နာဂသေန ပညာသင်ယူနေတဲ့အချိန်မှာတော့ အရှင်မြတ်ကို အိမ်ပေါ်ပင့်ပြီး နေ့စဉ် ဆွမ်းကပ်နေပါပြီ။ အရှင်မြတ်ဟာ ပုဏ္ဏားအိမ်ကို ဝင်နိုင်ထွက်နိုင်နေပြီတဲ့။ ဒီလို ဝင်နိုင်ထွက်နိုင်လာရတဲ့ အကြောင်းကလဲ စိတ်ဝင်စားစရာကောင်းလို့ နည်းနည်း ဆက်ပြောဦးမယ်။

တစ်နေ့မှာ ရှင်ရောဟဏဟာ ပုဏ္ဏားကြီးမရှိခိုက် ဆွမ်းခံကြွလာတယ်။ အဲဒီနေ့မှာမှ ပုဏ္ဏေးမက ထူးထူးဆန်းဆန်း 'ကန်တော့ဆွမ်းပါ' ဆိုတဲ့ စကားကို ပြောကြားတယ်။

လမ်းမှာ ပုဏ္ဏားကြီးနဲ့ တွေ့တဲ့အခါ 'ရှင်ရဟန်း၊ သင်ဟာ တို့အိမ်က တစ်ခုခု ရခဲ့သလား' လို့ မေးတယ်။ အရှင်မြတ်ကလည်း 'ရခဲ့တယ်' လို့ ဖြေပြီး ရှေ့ဆက်ကြွသွားတယ်။

---

[၂၁]မိလိန္ဒမင်း အမေးအဖြေန်းထူလွန်း၍ လူပညာရှိများသာမက ရဟန်းသံဃာများပါ သာဂလမြို့မှ ရှောင်တိမ်းသွားကြပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားကြီးဟာ အိမ်ပြန်ရောက်တဲ့အခါ 'ဟို ရဟန်းအား တစ်ခုခု လောင်းလိုက်သလား' လို့ ပုဏ္ဏေးမကို မေးတယ်။ မလောင်းလိုက်တဲ့အကြောင်း သိရတဲ့အခါ အရှင်မြတ်ကို မုသာဝါဒနဲ့ စွပ်စွဲမယ်ဆိုပြီး အသင့်စောင့်နေတယ်။

နောက်တစ်နေ့မှာ အရှင်မြတ် ရောက်လာတဲ့အခါ 'အသင် ရဟန်း၊ သင်ဟာ မနေ့က ငါတို့အိမ်မှ ဘာမျှမရဘဲနဲ့ ရတယ်လို့ ပြောခဲ့တယ်၊ ရဟန်းဆိုတာ မုသားပြောကောင်းပါသလား' လို့ ဖိနှိပ်ပြောကြားတယ်တဲ့။

အဲဒီအခါ အရှင်မြတ်က 'ပုဏ္ဏားကြီး၊ သင်တို့အိမ်မှာ ငါဆွမ်းခံလာတာ ၇-နှစ်ကျော်ပြီ၊ ဆွမ်းမရတဲ့အပြင် ဆဲဆိုကြိမ်းမောင်းတာကိုချည်း နေ့စဉ် ခံလာရတယ်၊ ဒါပေမယ့် မနေ့ကတော့ သင့်ဇနီးထံမှ 'ကန်တော့ ဆွမ်းဝါ' ဆိုတဲ့ စကားတစ်ခွန်းကို ရရှိခဲ့တယ်၊ အဲဒါကို ရည်ရွယ်ပြီး တစ်စုံတစ်ခု ရရှိခဲ့တယ်လို့ မနေ့က ငါ ဖြေဆိုခြင်းပါပဲ၊ မုသားပြောတာ မဟုတ်ပါဘူး' လို့ ရှင်းလင်းပြတယ်။

အဲဒီအခါ ပုဏ္ဏားကြီးဟာ တော်တော်ဝမ်းမြောက်သွားတယ်။ အစေ့အစပ် စကားလေးတစ်ခွန်းရတာနဲ့တောင် ရဟန်းတော်များဟာ သူတစ်ပါးကျေးဇူးကို ချီးမွမ်းပြောကြားတတ်ပါပေတယ်၊ ဆွမ်းစတဲ့ လှူဖွယ်

[၂၂]ရှင်နာဂသေနအလောင်း မဟာသေန နတ်သားအား မိလိန္ဒမင်းကို နှိမ်နင်းရန် လူ့ပြည်၌ ပဋိသန္ဓေယူဖို့ ရဟန္တာများက တောင်းပန်နေကြပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများရရင် သာ၍ ချိုးမွမ်းစကား ပြောကြားကြမှာပဲလို့ တွေးမိသွားတယ်။ အဲဒီအချိန်ကစပြီး အိမ်ပေါ်ပင့်ကာ နေ့စဉ် ဆွမ်းကပ်လှူတယ်တဲ့။

## အပြစ်ဒဏ်မှ လွတ်ခွင့်ရ

ဒါ့ကြောင့် ဗုဒ္ဓဘုရားအိမ်သို့ ဝင်နိုင်ထွက်နိုင်နေပြီဖြစ်တဲ့ ရှင်ရောဟဏမထေရ်မြတ်ဟာ နာဂသေနသူငယ်ရဲ့ စိတ်အကြံကို စေတောပရိယအဘိညာဉ်ဖြင့် သိတယ်ဆိုရင်ပဲ သပိတ်သက်န်းပြင်ကာ ဆွမ်းခံဝင်လာပါတယ်။

နာဂသေနသူငယ်ဟာ ရှင်ရောဟဏမထေရ်မြတ်ကို ခရီးဦးကြိုဆိုပြီး အိမ်ထဲပင့်ဆောင်သွားတယ်။ အဲဒီနောက် မထေရ်မြတ်ကို ရဟန်းရဲ့အမိပ္ပါယ်၊ ဖန်ရည်စွန်းအဝတ်ကို ဝတ်ရတဲ့အကြောင်း၊ ခေါင်းတုံး ရိတ်ထားရတဲ့အကြောင်းများကို လျှောက်မေးတယ်။ အရှင်မြတ်ကလည်း သူငယ် မေးသမျှကို စိတ်ရှည်ရှည်နဲ့ အကုန်လိုက်ဖြေတယ်။

မေးပုံဖြေပုံတွေက နည်းနည်းများလို့ အကုန်မဖော်ပြတော့ဘဲ လိုရင်းချုံးပြီး ရှစ်လုံးဘွဲ့ စီထားတယ် ကဲ. . . ဆိုကြည့်ကြရအောင်။

---

[၂၃] မဟာသေန နတ်သား နတ်ပြည်မှ စုတေပြီး ဟိမဝန္တာတောင်ခြေ ဂဇင်္ဂလ ပုဏ္ဏားရွာ သောနုတ္တရပုဏ္ဏား၏သားဖြစ်နေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မေး။ ။ ဖန်ဝါသက်န်း၊ ဆင်မြန်းကာရယ်၊
ဆံရှည်ဖယ်ရှား၊ ရိတ်ထားပြန်တယ်၊
လူ့အသွင်များ၊ ရှောင်ရှားပယ်တယ်၊
ဘာရည်မှန်း၊ ရဟန်းပြုခဲ့တယ်။

ဖြေ။ ။ အကုသိုလ်ယုတ်၊ မောင်းထုတ်ဖို့ကွယ်၊
ဖန်ဝါဆင်မြန်း၊ ရဟန်းပြုတယ်၊
ပြုဖွယ်ကြောင့်ကြ၊ နည်းရအောင်ကွယ်၊
လူ့သွင်များ၊ ရှောင်ရှားပယ်ပါတယ်။

နောက်ဆုံးမှာ အတတ်ပညာတစ်ခုခု တတ်မတတ် အရှင်မြတ်ကို ထပ်မေးပါတယ်။ မထေရ်မြတ်က 'သင်တို့တတ်တဲ့ လောကီအတတ်ပညာကိုလဲ တတ်တယ်၊ သင်တို့မတတ်တဲ့ လောကုတ္တရာပညာကိုလဲ တတ်တယ်' လို့ ဖြေပါတယ်။ နာဂသေနသူငယ်က လောကုတ္တရာပညာကို သူ့အားသင်ပြရန် ပြောတဲ့အခါ ရဟန်းပြုမှ သင်ပေးနိုင်မယ် ပြောပါတယ်။ ဒါနဲ့ နာဂသေနဟာ မိဘများထံ ခွင့်ပြုချက်ယူပြီး ရှင်ရောဟဏအထံ နောက် လိုက်သွားပါတယ်။

---

[၂၄]နေ့စဉ် ဆဲဆိုကြိမ်းမောင်းလွှတ်သူ သောနုတ္တရပုဏ္ဏားအိမ်သို့ သံဃာတော်များရဲ့ ဒကာပေးချက်အရ ရှင်ရောဟဏ ၇-နှစ်တော့်အောင် ဆွမ်းခံဝင်ရပုံ။

www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

မယ်ထေရ်မြတ်နှင့် နာဂသေနတို့ဟာ ဝတ္တနိယကျောင်းတိုက်မှာ တစ်ညနားပြီး ဟိမဝန္တာတော ရက္ခိတအဲပြင်သို့ အရောက်သွားကြတယ်။ ရဟန္တာများအလယ်မှာ နာဂသေနသူငယ်ကို ရှင်ပြုပေးပါတယ်။ အဲဒီအချိန်ကျမှပဲ ရှင်ရောဟဏလဲ သံဃာပေးတဲ့ဒဏ်မှ လွတ်ခွင့်ရသွားပါတယ်။

## ပညာကြီးကျယ် သာမဏေငယ်-

ရှင်ရောဟဏမထေရ်မြတ်ဟာ နာဂသေန ကိုရင်ငယ်အား အဘိဓမ္မာပိဋကတ်ကို ရှေးဦးစွာ သင်ပြပေးတယ်။ အဘိဓမ္မာ ၇-ကျမ်းကို အစဉ်အတိုင်း အကျဉ်းတစ်ခေါက်မျှ သင်ပြပြီးရင်လဲ နာဂသေန သာမဏေငယ်က ဆရာဖြစ်သူကို ခေတ္တရပ်ခိုင်းပါတယ်။

ထို့နောက် နာဂသေနဟာ ရဟန္တာများရဲ့အလယ်မှာ အဘိဓမ္မာ ၇-ကျမ်းကို အဋ္ဌကထာနှင့်တကွ အကျယ်ဝေဖန်ပြပါတယ်။ ၇-လအကြာမှာ ပြီးပါတယ်။ မြေကြီး ပဲ့တင်ထပ်တယ်။ နတ်များ ကောင်းချီးပေးတယ်။ ဗြဟ္မာတွေ လက်ပန်းပေါက် ခတ်ကြတယ်။ နတ်ပန်းမိုး၊ နတ်စန္ဒကူးမှုန့်မိုး ရွာသွန်းတယ်။

## ငယ်သူ့မာန်နှင့် အကြံများ

နာဂသေန အသက် ၂၀-ပြည့်တဲ့အခါ သံဃာတော်များက ရဟန်းပြုပေးကြတယ်။

---

[၂၅] သံဃာတော်များအလယ်၌ ၇-နှစ်အရွယ် နာဂသေနသူငယ်အား ရှင်ပြုပေးနေကြ

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ နာဂသေန ရဟန်းငယ်ဟာ ဥပဇ္ဈာယ်ဆရာ ရှင်ရောဟဏနှင့်အတူ ဆွမ်းခံဝင်တယ်။ သူ့ဆရာနောက်မှလိုက်ရင်း 'ငါ့ဆရာဟာ အလကားပဲ။ ငါ့ကို အဘိဓမ္မာ ပိဋကတ်သာ သင်သင်ပေးတယ်။ ကျန် သုတ်, ဝိနည်းကို မသင်ပေးဘဲ ချန်ထားတယ်။ ဒါ အသုံးမကျဘူး' လို့ အကြံမှားကို ကြံမိပါတယ်။

သူ့ဆရာက သူ့ကို အဘိဓမ္မာ အရင်သင်ပေးတာက ငယ်ငယ်ရွယ်ရွယ် ဉာဏ်ထက်စဉ်အချိန်မှာ ခက်ခဲတဲ့ ကျမ်းစာကို အရင်သင်ပေးရင် တတ်လွယ်မယ် ထင်လို့ပါပဲ။ ဒါကို သူက သဘောမပေါက်ဘူး။ ဒီလို ရှင်နာဂသေန အကြံမှား ကြံတာကို ရှင်ရောဟဏမထေရ်မြတ်က 'ပရစိတ္တဝိဇာနနဉာဏ်' ဖြင့် သိပါတယ်။ ဒီဉာဏ်က သူတစ်ပါးရဲ့ စိတ်အကြံကို သိနိုင်တဲ့ ဉာဏ်ထူးပါပဲ။

'နာဂသေန၊ သင်ဟာ မသင့်တဲ့ အကြံကို ဘာဖြစ်လို့ကြံတာလဲ' လို့ ဖွင့်မေးပါတယ်။ ဒီတော့မှ ရှင်နာဂသေနဟာ ထိတ်လန့်အံ့ဩပြီး သူ့အပေါ် သည်းခံပါရန် တောင်းပန်ပါတယ်။

ရှင်ရောဟဏက 'မိလိန္ဒမင်းကို သင်ဆုံးမနိုင်မှ သင့်ကို ငါသည်းခံမယ်၊ အခု သည်းမခံနိုင်၊ ခွင့်မလွှတ်နိုင်သေးဘူး' လို့ ပြောကာ မှာကြားသင့်ပြစရာများကို မှာကြားသင်ပြပြီး ရှင်နာဂသေနကို ဝတ္တနိယကျောင်းတိုက်ရှိ အရှင်အဿဂုတ္တမထေရ်မြတ်ကြီးထံ စေလွှတ်လိုက်တယ်တဲ့။

---

[၂၆]၇-နှစ်အရွယ် နာဂသေနသာမဏေငယ်က အဘိဓမ္မာ ၇-ကျမ်းကို အဋ္ဌကထာနှင့်တကွ ရဟန္တာများရှေ့၌ အကျယ်ဝေဖန်ပြစဉ် နတ်များကောင်းချီးပေးကာ နတ်ပန်းမိုး နတ်စန္ဒကူးမှုန့်မိုး ရွာချနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## နာသူအရင် တရားမြင်

ရှင်နာဂသေနဟာ အရှင်အဿဂုတ္တမထေရ်ကြီးထံမှာ ဝါတွင်းသုံးလပတ်လုံး ဝတ်ကြီးဝတ်ငယ် ပြုစုကာ နေထိုင်ပါတယ်။

တစ်နေ့မှာ မထေရ်မြတ်ကြီးအား အနှစ် ၃၀ တိုင်တိုင် ဆွမ်းကပ်လှူဒါန်းလာခဲ့သူ ဒါယိကာမကြီး တစ်ဦးက ဆရာတပည့် နှစ်ပါးလုံးကို ဆွမ်းစားစင့်ပါတယ်။

ဆွမ်းစားပြီးတဲ့အခါ မထေရ်မြတ်ကြီးက ရှင်နာဂသေနကို အနုမောဒနာတရား ဟောရန် ညွှန်ကြားခဲ့ပြီး ကျောင်းသို့ ပြန်ကြွသွားပါတယ်။

အဘွားအိုကြီးက 'ချစ်သား နာဂသေန၊ တပည့်တော်မှာ အသက်ကြီးပါပြီ။ နက်နဲတဲ့ တရားစကားကိုသာ နာကြားလိုပါတယ်' လို့ လျှောက်ထားပါတယ်။

ရှင်နာဂသေနဟာ အဘွားကြီးအား သုညတမဂ်ဖိုလ်နှင့်စပ်တဲ့ တရားစကားကို ဟောကြားပါတယ်။

တရားအဆုံးမှာ အဘွားအိုကြီးဟာ သောတာပန် တည်သွားတယ်။ ရှင်နာဂသေနကတော့ မိမိ ဟောကြားခဲ့တဲ့တရားကို ပြန်ပြီးနှလုံးသွင်း ဆင်ခြင်တဲ့အခါကျမှ သောတာပန် ဖြစ်သွားတယ်တဲ့။

---

[၂၇]အရှင်ဓမ္မရက္ခိတမထေရ်မြတ်က ရှင်နာဂသိန်ကို တရားအားထုတ်စေလိုသဖြင့် နွားကျောင်းသားနှင့် မာပြကာ သတိပေးစကား ပြောကြားနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

 www.burmeseclassic.com 

တရားတစ်ပုဒ်တည်းနဲ့ နာသူရော ဟောသူပါ ကျွတ်တမ်းဝင်ကြတာကို ပရစိတ္တဝိဇာနနညာဏ်ဖြင့် သိရှိတော်မူတဲ့ ရှင်အဿဂုတ္တမထေရ်မြတ်က 'တစ်ချောင်းတည်း ရိုက်အပ်သော ဆူးဖြင့် နှစ်ဖြာသော ကိုယ်တို့သည် ကွဲကုန်ပါပကောလား' ဆိုတဲ့ စကားဖြင့် ကောင်းချီးနုမော် သာဓုခေါ်ပါတယ်။

## နွားကျောင်းသားဝမှာ ခိုင်းနိုင်းကာ

ထို့နောက် ရှင်နာဂသေနကို ရှင်အဿဂုတ္တမထေရ်မြတ်က ပါဋလိပုတ်ပြည် အသောကာရုံကျောင်းတိုက်ရှိ အရှင်ဓမ္မရက္ခိတမထေရ်ထံမှာ ပိဋကတ်ကျမ်းဂန်များ ဆက်လက်သင်ယူရန် စေလွှတ်လိုက်ပါတယ်။

ဝတ္တနိယကျောင်းမှ ပါဋလိပုတ်ပြည်အထိ ယူဇနာတစ်ရာ ဝေးပါတယ်။ ရှင်နာဂသေနဟာ လမ်းခရီးမှာ ပါဋလိပုတ်ပြည်သား လှည်းကုန်သည် သူကြွယ်နှင့် တွေ့ပြီး ဆွမ်းကွမ်းအတွက် မပူရဘဲ ချမ်းချမ်းသာသာ သွားရပါတယ်။

ထိုသူကြွယ်လဲ လမ်းခရီးမှာ ရှင်နာဂသေနဟောတဲ့ အဘိဓမ္မာတရားကို နာရင်း သောတာပန် ဖြစ်သွားပါတယ်။ မြို့နားရောက်မှ အသောကာရုံကျောင်းတိုက်ကို ညွှန်ပြပြီး သူကြွယ်လဲ လမ်းခွဲသွားပါတယ်။

---

[၂၈] ရှင်နာဂသေနက ရဟန်းသံဃာများအား သာဂလမြို့သို့ ရဲရဲဝံ့ဝံ့ ကြွလာကြပါရန် လျှောက်ထားနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ရှင်နာဂသေနဟာ ဓမ္မရက္ခိတမထေရ်မြတ်ထံမှာ ပိဋကတ်သုံးပုံကို အကျဉ်းအားဖြင့် ၃-လ သင်ယူတယ်။ နောက် အဋ္ဌကထာနှင့်တကွ အကျယ်အားဖြင့် ၃-လကြာအောင် သုံးသပ်ဆင်ခြင်ပြန်တယ်။

တစ်နေ့မှာ အရှင်ဓမ္မရက္ခိတမထေရ်မြတ်က 'ငါ့ရှင် နာဂသေန၊ နွားကျောင်းသားဟာ နွားကို ကျောင်းရပေမယ့် နို့ကိုကျတော့ သူ မသုံးဆောင်ရဘူး။ ဒီလိုပဲ၊ သင်ဟာ ပိဋကတ်သုံးပုံတော့ တတ်ပါရဲ့၊ ပိဋကတ်ရဲ့ အနှစ်သာရဖြစ်တဲ့ တရားအရသာကိုတော့ သင် မသုံးဆောင်ရသေးချေ' လို့ နွားကျောင်းသားနှင့် ပမာပြကာ သတိပေးစကား ပြောကြားတယ်တဲ့။

## ရှင်နာဂသေန ရဟန္တာဖြစ်ခြင်း

ရှင်ဓမ္မရက္ခိတမထေရ်မြတ်ရဲ့ စကားကို ရှင်နာဂသေန ကြားတဲ့အခါ ရှေ့ဆက်မပြောဖို့ တောင်းပန်ပြီး၊ ဝိပဿနာတရားအလုပ်ကို အပြင်းအထန် အားထုတ်ပါတယ်။ တစ်နေ့နှင့် တစ်ညအတွင်းမှာပဲ ရဟန္တာဖြစ်သွားပါတယ်။

ရှင်နာဂသေန ရဟန္တာဖြစ်တဲ့အခါ မြေကြီး ပွဲ့တင်ဟီးတယ်။ နတ်များ ကောင်းချီးပေးတယ်။ ဗြဟ္မာတွေ လက်ပန်းပေါက် ခတ်ကြတယ်။ နတ်ပန်းမိုး၊ နံ့သာမိုးတွေ သွန်းဖြိုးရွာချတယ်တဲ့။

---

[၂၉] ရှင်နာဂသေနနှင့် ရဟန်းပရိသတ်ကို အဝေးမှ မြင်ရရုံနှင့် မိလိန္ဒမင်းကြီး ကြက်သီးမွေးညင်း ထပြီး ကြောက်ရွံ့ ...



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



## သာဂလပြည်မှာ ဝင်းဝင်းဝါ

ဟိမဝန္တာတော ရက္ခိတအပြင်မှ ရဟန္တာများက ရှင်နာဂသေန ရဟန္တာဖြစ်တာကို သိတဲ့အခါ ရှင်နာဂသေနထံ ချက်ချင်း တမန် စေလွှတ်ကြတယ်။ ရှင်နာဂသေန ရောက်လာတဲ့အခါ မိလိန္ဒမင်းကို သွားရောက်ဆုံးမရန် တာဝန်ပေးကြပါတယ်။

ရှင်နာဂသေန အရှင်မြတ်က သံဃာတော်များအား သာဂလမြို့သို့ ရဲရဲဝံ့ဝံ့ ကြွရောက်ကြဖို့ လျှောက်ထားပါတယ်။ သူကိုယ်တိုင်လည်း အခြံအရံပရိသတ် မြောက်မြားစွာနှင့်အတူ သာဂလမြို့သို့ ကြွပြီး သင်္ချေယျပရိဝုဏ်မှာ သီတင်းသုံးပါတယ်။

နှစ်ပေါင်းများစွာ ရဟန်းသံဃာ ကင်းဆိတ်နေတဲ့ သာဂလမြို့ကြီးဟာ ယခုတော့ သံဃာတော်များရဲ့ သင်္ကန်းရောင်ဖြင့် တဝင်းဝင်း တပြောင်ပြောင် ဖြစ်လာပြန်တယ်တဲ့။

## ဆုတောင်းဘက်ချင်း တွေ့ကြပြီ

တစ်နေ့မှာ မိလိန္ဒမင်းဟာ အာယုပါလရဟန္တာမထေရ်မြတ်ကြီးအား ရဟန်းပြုခြင်းရဲ့ ရည်ရွယ်ချက်ကို မေးမြန်းပါတယ်။

---

[၃၀] ရှင်နာဂသေနနှင့် မိလိန္ဒမင်းတို့၏ ပထမဆုံး စကားစစ်ပွဲမှာပင် မိလိန္ဒ ရှုံးနိမ့်သွားရပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မထေရ်မြတ်ကြီးက တရားအားထုတ်လို့ဖြစ်ကြောင်း ပြန်ဖြေပါတယ်။ လူဝတ်နှင့်ကော တရားအားထုတ်လို့ ရ မရ ထပ်မေးတယ်။ မထေရ်မြတ်ကြီးက ရိုးရိုးမေးတယ်ထင်ပြီး လူဝတ်နှင့်လည်း တရားအားထုတ်လို့ဖြစ်ကြောင်း သာဓကများနှင့်တကွ ဖြေကြားပါတယ်။

အဲဒီအခါမှာ အကွက်ချောင်းနေတဲ့ မိလိန္ဒက 'လူဝတ်နှင့် တရားအားထုတ်လို့ ရကောင်းရင် ရဟန်းပြုရတာ ဘာမျှ အကျိုးမရှိဘူး။ ဓုတင်အကျင့်တွေကို ကျင့်နေကြတဲ့ ရဟန်းတွေဟာလဲ ဝဋ်ရှိ၍ ခံနေရတာ ဖြစ်တယ်' စသည်ဖြင့် ဖိနှိပ် ပြောဆိုပါတယ်။

အာယုပါလမထေရ်မြတ်က ဘာမျှ ပြန်မပြောတဲ့အခါ မိလိန္ဒက 'ဇမ္ဗူဒိပ်ကျွန်းကြီးဟာ ပညာရှိ မဲ့ခဲ့ပြီ။ အချည်းနှီး ဖြစ်ခဲ့ပြီ။ ငါနှင့် ယှဉ်ပြိုင်ပြောဆိုနိုင်သူ တစ်ယောက်မျှ မရှိတော့' စသည်ဖြင့် ထုံးစံအတိုင်း ကြွေးကြော်ပါတယ်။

ထိုအခါ ယောနကအမတ်များက ရှင်နာဂသေနရဲ့ ဂုဏ်ပုဒ်တွေကို ချီးကျူးဖော်ပြောကြတယ်။ ရှင်နာဂသေနထံ ချဉ်းကပ်ပြီး ပြဿနာမေးဖို့ တိုက်တွန်းကြတယ်။ ဒါနဲ့ပဲ မကြာခင် 'မိလိန္ဒနှင့် ရှင်နာဂသိန်' ဆုတောင်းဘက်များ ဆုံတွေ့မိကြပါတယ်။

## စကားစစ်ပွဲ စလေပြီ

မိလိန္ဒမင်းဟာ ရှင်နာဂသေနရဲ့ ပရိသတ်ကို အဝေးမှ မြင်ရုံမျှနှင့် ကြက်သီးမွေးညင်း ထလာပါတယ်။ ဒီကတည်းက သူရှုံးတော့မယ်ဆိုတာ ရိပ်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိလိန္ဒမင်းက ရှင်နာဂသိန်ကို ရိုသေစွာ ရှိခိုးနှုတ်ဆက်ပြီး 'အရှင်ဘုရား၊ ဘွဲ့တော် ဘယ်လို ခေါ်ပါသလဲ' လို့ မေးလျှောက်ပါတယ်။

ရှင်နာဂသေနက 'ဒကာတော်မင်းမြတ်၊ ငါ့ရဲ့ သီတင်းသုံးဖော်တွေကတော့ ငါ့ကို နာဂသေနလို့ ခေါ်ကြတယ်။ မိဘတွေကတော့ သီဟသေန၊ ဝီရသေန၊ သူရသေနလို့လဲ ခေါ်ကြတယ်။ ဒါပေမယ့် ဒီ နာဂသေန စတဲ့အမည်တွေဟာ ပညတ် = အပြောမှန်မျှသာ ဖြစ်တယ်။ ပရမတ္ထ = သဘောမှန်အားဖြင့် တကယ် မရှိပါဘူး' လို့ ဖြေကြားပါတယ်။

အဲဒီအခါ မိလိန္ဒမင်းက 'အရှင်ဘုရား၊ နာဂသေန မရှိရင် ဘာ့ကို နာဂသေနံ ခေါ်ပါသလဲ' လို့ စ မေးတယ်။ ရှေ့ဆက်မေးပုံတွေကတော့ အသေးစိတ်ပါပဲ။

ဆံပင်၊ မွေးညင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေထူ အရေးပါး - (၅)
အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညို့ - (၅)
နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ် - (၅)
အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက် - (၅)
သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ - (၆)
မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ် - (၆)

www.burmeseclassic.com

 www.burmeseclassic.com 

ဆိုတဲ့ ဤကိုယ်ကောင်မှာရှိတဲ့ အဖို့အစု ၃၂-ခုကို ဖော်ပြပြီး 'ဆံပင်သက်သက်ကိုပဲ နာဂသေနလို့ ခေါ်ပါသလား၊ မွေးညင်းသက်သက်ကိုပဲ နာဂသေနလို့ ခေါ်ပါသလား' စသည်ဖြင့် ၃၂-မျိုးလုံးကုန်အောင် လိုက်မေးပါတယ်။

ရှင်နာဂသေနကလဲ မေးတိုင်း မေးတိုင်း 'မဟုတ်ဘူး၊ မဟုတ်ဘူး' လို့ချည်း ဖြေပါတယ်။

အဲဒီနောက် မိလိန္ဒမင်းက 'ရူပက္ခန္ဓာကိုပဲ နာဂသေနလို့ ခေါ်ပါသလား၊ ဝေဒနာက္ခန္ဓာကိုပဲ နာဂသေနလို့ ခေါ်ပါသလား၊ သညာက္ခန္ဓာကိုပဲ နာဂသေလို့ ခေါ်ပါသလား၊ သင်္ခါရက္ခန္ဓာကိုပဲ နာဂသေနလို့ ခေါ်ပါသလား၊ ဝိညာဏက္ခန္ဓာကိုပဲ နာဂသေနလို့ ခေါ်ပါသလား' လို့ ခန္ဓာငါးပါးလုံးကုန်အောင် တစ်ခုချင်း ထပ်မေးတယ်။

မေးတိုင်း မေးတိုင်း ရှင်နာဂသေနကလဲ 'မဟုတ်ဘူး၊ မဟုတ်ဘူး' လို့ချည်း ထပ်ထပ်ဖြေတယ်။

ဒီတော့ မိလိန္ဒက 'အရှင်ဘုရား၊ နာဂသေနမထေရ် ထိုင်နေပါလျက် မေးတော့လဲ မရှိဘူးချည်း ဖြေနေပါတယ်။ အရှင်ဘုရားတို့ ရဟန်းတော်များဟာ မုသားစကား ပြောကြားထိုက်ပါသလား' လို့ ဖိနှိပ်ပြောဆိုပါတယ်။

အဲဒီအခါ ရှင်နာဂသိန်က 'အရှင်မင်းမြတ်၊ သင်ဟာ နုနယ်သူ မင်းမျိုးမှ ဆင်းသက်လာသူဖြစ်တယ်။ အခုလာတဲ့အချိန်ကလဲ နေပူဆဲအချိန်ဖြစ်တယ်။ သင်ဟာ ကုန်းကြောင်းလာတာတော့ မဖြစ်နိုင်ဘူး။ ဘာနဲ့လာပါသလဲ' လို့ မေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အရှင်ဘုရား၊ ဒကာတော်ဟာ ရထားနဲ့ လာပါတယ်' လို့ မိလိန္ဒက ဖြေပါတယ်။ 'ရထားနဲ့ လာတာ မှန်သလား' လို့ ထပ်မေးတယ်။ 'မှန်ပါတယ်' လို့ ထပ်ဖြေတယ်။

အဲဒီအခါကျမှ 'အရှင်မင်းကြီး၊ ရထားဆိုတာ ဘီး သက်သက်ကို ခေါ်ပါသလား၊ ဝင်ရိုး သက်သက်ကို ခေါ်ပါသလား၊ လှည်းသံ သက်သက်ကိုပဲ ခေါ်ပါသလား၊ ပုံတောင်း သက်သက်ကိုပဲ ခေါ်ပါသလား၊ အအိမ်သက်သက်ကိုပဲ ခေါ်ပါသလား' စသည်ဖြင့် မြင်းရထားမှာပါရှိတဲ့ အစိတ်အပိုင်းတွေကို တစ်ခုချင်း တစ်ခုချင်း ဖော်ပြ၍ ရှင်နာဂသိန်မထေရ်မြတ်က မေးခွန်းထုတ်ပါတယ်။

မိလိန္ဒကလဲ 'ဘီးသက်သက်ကို ရထားမခေါ်ပါ၊ ဝင်ရိုးသက်သက်ကိုလဲ ရထားမခေါ်ပါ' စသည်ဖြင့် မေးတိုင်း မေးတိုင်း 'မဟုတ်ပါ' လို့ ဖြေကြားတယ်။

အဲဒီအခါ ရှင်နာဂသိန်မထေရ်မြတ်က 'ဒကာတော်မင်းကြီး၊ သင့်တို့ ဘာနှင့် လာသလဲလို့ ငါမေးတုန်းက ရထားနှင့်လာတယ်လို့ သင်ဖြေခဲ့တယ်။ အခုတော့လဲ ရထားမရှိဘူးလို့ချည်း သင်ဖြေနေတယ်။ သင်ဟာလဲ မင်းဖြစ်ပါလျက် မုသားစကား ပြောကြားလို့ တော်ပါ့မလား' ဟု ပြန်မေးပါတယ်။

အခြားပညာရှိတွေအပေါ်မှာ အနိုင်ယူလာခဲ့တဲ့ မိလိန္ဒဘုရင်ဟာ ဒီတစ်ခါ ဘာမျှ ပြန်မဖြေနိုင်တော့ဘူး။ ဒီတော့မှ ရှင်နာဂသိန်က အောက်ပါအတိုင်း ရှင်းလင်းပြောကြားတယ်။

'ဒကာတော်မင်းမြတ်၊ ရထားဆိုတာ ဘီးသက်သက်ကိုလဲ ခေါ်လို့မရဘူး၊ ဝင်ရိုးသက်သက်ကိုလဲ ခေါ်လို့မရဘူး၊ အစိတ်အပိုင်း တစ်ခုစီအနေနဲ့ ဘယ်အစိတ်အပိုင်းကိုမျှ 'ရထား' လို့ ခေါ်ရတာ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အစိတ်အပိုင်းတွေကို အားလုံး စုပေါင်းတပ်ဆင်လိုက်တဲ့အခါမှာတော့ 'ရထား' လို့ ခေါ်စရာ ဖြစ်လာပါတယ်။

ဒီလိုပါပဲ၊ နာဂသေနဆိုတာ ဆံပင်သက်သက်ကိုလဲ ခေါ်လို့မရဘူး၊ မွေးညင်းသက်သက်ကိုလဲ ခေါ်လို့ မရဘူး၊ ခြေသည်းလက်သည်းသက်သက်ကိုလဲ ခေါ်လို့မရဘူး။ ဤကိုယ်ကောင်မှာရှိတဲ့ အဖို့အစု ၃၂-ခုထဲက ဘယ်အစုသက်သက်ကိုမျှ နာဂသေနလို့ ခေါ်ရတာ မဟုတ်ဘူး။

ရူပက္ခန္ဓာသက်သက်ကိုလဲ နာဂသေနလို့ ခေါ်ရတာ မဟုတ်ဘူး၊ ဝေဒနာက္ခန္ဓာသက်သက်ကိုလဲ နာဂသေနလို့ ခေါ်ရတာမဟုတ်ဘူး၊ သညာက္ခန္ဓာသက်သက်ကိုလဲ နာဂသေနလို့ ခေါ်ရတာ မဟုတ်ဘူး။ သင်္ခါရက္ခန္ဓာသက်သက်ကိုလဲ နာဂသေနလို့ ခေါ်ရတာ မဟုတ်ဘူး၊ ဝိညာဏက္ခန္ဓာသက်သက်ကိုလဲ နာဂ သေနပဲ၊ သူရသေနပဲ စသည်ဖြင့် ခေါ်လို့ရတာ မဟုတ်ဘူး။

ဒီလို ခန္ဓာတစ်ပါးစီ တစ်ပါးစီကို 'နာဂသေနပဲ၊ ငါပဲ၊ သူပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲ' စသည်ဖြင့် ခေါ်လို့ မရပေမယ့် ခန္ဓာငါးပါး စုပေါင်းလိုက်တဲ့အခါ ခန္ဓာငါးပါး ထင်ရှားရှိလာတဲ့အခါမှာတော့ 'ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ' စသည်ဖြင့် ခေါ်ဝေါ်စရာ ဖြစ်လာတာပါပဲ။

ဒါပေမယ့် 'ဒီ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ' ဆိုတာတွေဟာ အနှေပြာမှန်မျှသာ ဖြစ်တယ်။ တရားသဘောနဲ့ကြည့်ရင် ရုပ်နာမ်ခန္ဓာကလွဲလို့ ဘာမျှရှိတာ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com


ဒီစကားကို ငါသာ ပြောတာမဟုတ်ဘူး။ မြတ်စွာဘုရားလက်ထက်က ဝဇီရာဘိက္ခုနီမကလဲ ဒီလိုပဲ ပြောကြားခဲ့ဖူးတယ်လို့ သာခကဆောင်ကာ ဒီတရားအစမှာ ဦးပဉ္စင်း ရွတ်ဆိုခဲ့တဲ့ 'ယထာဟိအင်္ဂသမ္ဘာရာ' စတဲ့ ဂါထာဖြင့် ရှင်းလင်းဟောကြားပါတယ်။

အဲဒီဟောကြားချက်ကို နည်းမှီပြီး ရှစ်လုံးဘွဲ့ စီထားတယ်။ ကဲ. . . ဆိုကြည့်ကြရအောင်။

ခန္ဓာငါးပါး. . . ထင်ရှားရှိလျှင်၊
ငါ သူတစ်ပါး. . . ထင်မှားမှုဝင်၊
ဉာဏ်ဖြင့်ကြည့်ရှု. . . ငါဟုမမြင်၊
သဘောမျှ၊ သိရ ယောဂီရှင်။ ။

အဲဒီအခါ မိလိန္ဒမင်းက 'အရှင်ဘုရားဖြေတာ သင့်လျော်ပါပေတယ်' လို့ ဝန်ခံစကား ပြောကြားခြင်းဖြင့် ပထမဆုံး စကားစစ်ပွဲမှာ မာနအလံလှဲတာ အရှုံးပေးလိုက်ရပါတယ်။

ကဲ. . စကားစစ်ပွဲကိုတော့ ဒီမျှနဲ့ပဲရပ်နားပြီး 'ခန္ဓာငါးပါးထင်ရှားရှိလာရင် ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမလို့ ခေါ်ဝေါ်စရာ ဖြစ်လာတယ်' ဆိုတဲ့ ရှင်နာဂသိန်ရဲ့စကားကို နည်းနည်း ဆက်ရှင်းကြဦးစို့။

## ငါးပါးခန္ဓာ သိစရာ

ခန္ဓာငါးပါး သရုပ်ကိုတော့ သိကြတာ များပါတယ်။ စောစောကလဲ ဖော်ပြခဲ့ပြီးပါပြီ။ ဒါပေမယ့် မမှတ်မိသေးသူများ မှတ်မိသွားအောင် ထပ်ပြီး ဖော်ပြပါဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က- (၁) ရူပက္ခန္ဓာ (၂) ဝေဒနာက္ခန္ဓာ (၃) သညာက္ခန္ဓာ (၄) သင်္ခါရက္ခန္ဓာ (၅) ဝိညာဏက္ခန္ဓာ တို့ ဖြစ်ကြပါတယ်။

ဒီနေရာမှာ 'ခန္ဓ' ဆိုတဲ့ ပါဠိဟာ မြန်မာလို 'အစု' လို့ အဓိပ္ပါယ်ရတယ်။ ဒါကြောင့် 'ရူပက္ခန္ဓာ = ရုပ်အစု၊ ဝေဒနာက္ခန္ဓာ = ဝေဒနာအစု၊ သညာက္ခန္ဓာ = သညာအစု၊ သင်္ခါရက္ခန္ဓာ = သင်္ခါရအစု၊ ဝိညာဏက္ခန္ဓာ = စိတ်အစု' လို့ ဆိုလိုပါတယ်။

ဒါပေမယ့် 'ရုပ်အစု၊ ဝေဒနာအစု' စသည်ဖြင့် ခေါ်တာဟာ ဆန်စပါးတွေ စုပုံနေသလို ရုပ်တွေ ဝေဒနာတွေ တကယ်စုပုံနေလို့ ခေါ်တာမျိုးတော့ မဟုတ်ပါဘူး။ ရုပ်တစ်ခုတည်း၊ ဝေဒနာတစ်ခုတည်းကပေမယ့် အတိတ်ရုပ်၊ အနာဂတ်ရုပ်၊ အတိတ်ဝေဒနာ၊ အနာဂတ်ဝေဒနာ စသည် ကွဲပြားတာကို ဉာဏ်ဖြင့် စုပေါင်းပြီး 'ရုပ်တစ်ခုတည်းကိုလဲ ရုပ်အစု၊ ဝေဒနာတစ်ခုတည်းကိုလဲ ဝေဒနာအစု' လို့ ခေါ်ရတယ်တဲ့။ ကျန်ခန္ဓာတွေလဲ နည်းတူပင် ဖြစ်ပါတယ်။

အဲဒီခန္ဓာငါးပါးဆိုတာ မြင်ဆဲ၊ ကြားဆဲ၊ နမ်းရှူဆဲ၊ စားသိဆဲ၊ ထိဆဲ၊ တွေးဆဲမှာ ထင်ရှားရှိတဲ့ ရုပ်နာမ်သဘောတရားတွေပါပဲ။ အခု မြင်ဆဲမှာ ခန္ဓာငါးပါးပါဝင်ပုံကို စတင်ဖော်ပြမယ်။

### ငါးပါးခန္ဓာ မြင်ဆဲမှာ

အဆင်းမျိုးစုံ ရူပါရုံက မျက်စိအကြည်မှာ လာပြီး ထိခိုက်တဲ့အခါကျတော့ မြင်သိစိတ်နဲ့ အပေါင်းပါ စေတသိက်တရားတွေ ဖြစ်ပေါ်လာကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ အဆင်းနဲ့ မျက်စိအကြည်က ရုပ်တရား၊ မြင်သိစိတ်နဲ့ အပေါင်းပါ စေတသိက်တွေကတော့ နာမ်တရားများ ဖြစ်ကြပါတယ်။ ဒါ့ကြောင့် မြင်ဆဲမှာ ရုပ်နဲ့နာမ်ဟာ တကယ် ထင်ရှားရှိပါတယ်။

အဲဒီ မြင်ဆဲရုပ်နာမ်တွေကို ခန္ဓာအနေနဲ့ပြောရရင် ငါးမျိုးရတယ်။ ဘယ်လိုလဲဆိုရင် -

(၁) အဆင်းနဲ့ မျက်စိအကြည်က ရူပက္ခန္ဓာ

(၂) မြင်လို့ ကောင်းမကောင်းနဲ့ မဆိုးမကောင်း ခံစားမှုက ဝေဒနာက္ခန္ဓာ

(၃) အဆင်းကို မှတ်သားမှုက သညာက္ခန္ဓာ

(၄) မြင်အောင် ကြောင့်ကြပြုမှု၊ နှလုံးသွင်းမှု စတဲ့ မြင်စိတ်နဲ့ တစ်ပါတည်း ဖြစ်ပေါ်လာတဲ့ ကျန်စေတသိက်သဘောတွေက သင်္ခါရက္ခန္ဓာ

(၅) မြင်သိစိတ်ကတော့ ဝိညာဏက္ခန္ဓာပါပဲ။

ဒါ့ကြောင့် မြင်ဆဲမှာ တကယ်ရှိတာ ဒီခန္ဓာငါးပါးမျှသာ ဖြစ်ပါတယ်။ ကဲ . . ကဲ . . မြင်ဆဲခန္ဓာတွေ မှတ်မိသွားအောင် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့။

### မြင်ဆဲခန္ဓာ ဆောင်ပုဒ်ကဗျာ

အဆင်းအာရုံ မျက်စိထိတော့၊ မြင်သိစိတ်ဓာတ် ပေါ်လာတယ်။
မြင်ဆဲရုပ်နာမ် ထိုတရားပင်၊ ခန္ဓာငါးပါး ဖြစ်ပါတယ်။
မျက်စိအကြည် အဆင်းရုပ်မှာ၊ ရူပက္ခန္ဓာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စကျွဲဝိညာဏ် မြင်သိစိတ်မှာ၊ ဝိညာဏကွန်ခ္ခာ ဖြစ်ပါတယ်။
မြင်စိတ်နှင့်ယှဉ် စေတသိက်များမှာ၊ ခန္ဓာသုံးပါး ရပါတယ်။
ဝေဒနက်, သညက်, သင်္ခါရက်တဲ့၊ စိတ်နှင့်ယှဉ်ဘက် ခန္ဓာကွယ်။
မြင်ဆဲခန္ဓာ သူတို့ပဲကွဲ၊ အသည်းစွဲအောင် မှတ်ကြကွယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

## မြင်ဆဲခဏ ရှုမှတ်ကြ

မြင်ဆဲမှာ ထင်ရှားရှိတဲ့ ရုပ်နာမ်ခန္ဓာတွေကို မပြတ်ရှုမှတ်ရတယ်။ မရှုမှတ်ရင် အဲဒီမြင်ဆဲ ရုပ်နာမ် ခန္ဓာတွေကို ငါပိုင်ထင်တဲ့ တဏှာစွဲလဲ ဝင်နိုင်တယ်။ ငါထင်တဲ့ မာနစွဲလဲ ဝင်နိုင်တယ်။ ငါကောင်ထင်တဲ့ ဒိဋ္ဌိစွဲလဲ ဝင်နိုင်တယ်။ မရှုမှတ်ရင် ဒီအစွဲ ၃-ခုထဲက တစ်ခုခုကတော့ ဝင်မှာပါပဲ။

အဲဒီ တဏှာ-မာန-ဒိဋ္ဌိ ဆိုတဲ့ တရားတွေဟာ သံသရာ ချဲ့ထွင်တတ်တဲ့ နယ်ချဲ့တရားတွေ ဖြစ်ကြ တယ်။ ဒီတရားတွေ မကင်းသေးသမျှ သတ္တဝါတွေဟာ သံသရာဝဋ်ဆင်းရဲမှ ဘယ်နည်းနှင့်မျှ မထွက်မြောက် နိုင်ကြပါဘူး။

ဒါကြောင့် မြင်ဆဲမှာ ဒီတဏှာစွဲ, မာနစွဲ, ဒိဋ္ဌိစွဲတွေ မဝင်ရအောင်၊ မြင်တိုင်း မြင်တိုင်း 'မြင်တယ်၊ မြင်တယ်' လို့ မပြတ်ရှုမှတ်ရပါတယ်။ ဒီလို မပြတ်ရှုမှတ်သွားလို့ မြင်ဆဲမှာရှိတဲ့ ရုပ်နာမ်ခန္ဓာတို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတွေကို သိမြင်သွားမယ်ဆိုရင် အစွဲတွေ ကင်းငြိမ်းသွားမယ်။ ❀

www.burmeseclassic.com

 www.burmeseclassic.com 

ဘယ်လိုလဲဆိုရင် မြင်ဆဲရုပ်နာမ်ခန္ဓာတို့ရဲ့ ပေါ်လာပြီးနောက် ပျောက်ပျောက်သွားလို့ မမြဲတဲ့သဘော ကို သိတာဟာ အနိစ္စသဘောကို သိတာဖြစ်တယ်။ ဒီလိုမှတ်ဆဲ ရုပ်နာမ်ခန္ဓာတို့ရဲ့ အနိစ္စသဘောကို သိရင် ရုပ်နာမ်ကို ငါကောင်ထင်တဲ့ မာနစွဲ ကင်းသွားမယ်တဲ့။

မြင်ဆဲရုပ်နာမ်ခန္ဓာတို့ရဲ့ အဟောင်းပျောက်သွားလိုက်၊ အသစ်ပေါ်လာလိုက်၊ အဟောင်း ပျောက် သွားလိုက်၊ အသစ်ပေါ်လာလိုက်နဲ့ အသစ် အဟောင်း ပြောင်းလဲ ဖြစ်ပျက်နေတာပဲလို့ သိတာဟာ မြင်ဆဲ ရုပ်နာမ်တို့ရဲ့ ဆင်းရဲတဲ့ ဒုက္ခသဘောကို သိတာဖြစ်တယ်။ ဒီလို မြင်ဆဲရုပ်နာမ်တို့ရဲ့ ဆင်းရဲသဘောကို မှတ်ဆဲမှာ သိမြင်ရင် ရုပ်နာမ်ကို ငါပိုင်ထင်တဲ့ တဏှာစွဲကင်းသွားမယ်တဲ့။

မြင်ဆဲရုပ်နာမ်ခန္ဓာတွေဟာ အကောင်အထည် ပုဂ္ဂိုလ်သတ္တဝါ၊ ငါ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဘာတစ်ခုမျှမဟုတ်ဘဲ သဘောတရား သက်သက်မျှသာ ဖြစ်တယ်။

ဒီ ရုပ်နာမ်တွေဟာ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီး ပျက်ချိန်ကျတော့ ပျက်သွားတာချည်း ပဲ။ ဒီလိုမဖြစ်အောင် မပျက်အောင် တားဆီးလို့ မရဘူးဆိုတာကို သိတာဟာ မြင်ဆဲ ရုပ်နာမ်တို့ရဲ့ အနတ္တ သဘောကို သိမြင်တာဖြစ်တယ်။

ဒီလို အနတ္တသဘောကို မှတ်ဆဲမှာ သိမြင်သွားရင် မြင်ဆဲရုပ်နာမ်ကို ငါကောင်၊ သူကောင် ငါ့သည် ထင်တဲ့ ဒိဋ္ဌိစွဲ ကင်းပြုတ်သွားမယ်တဲ့။

www.burmeseclassic.com

 www.burmeseclassic.com 

ဒါပေမယ့် ဒီလို မှတ်ခိုက်မှတ်ခိုက်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိစွဲတွေ ကင်းတယ်ဆိုတာကတော့ အမြဲတမ်း ကင်းတာမျိုး၊ အမြဲတမ်း ငြိမ်းတာမျိုးတော့ မဟုတ်သေးဘူး။ အမြဲတမ်း ကင်းငြိမ်းဖို့ကတော့ ဆိုင်ရာ မဂ်ဉာဏ်တွေ ဆိုက်ရောက်သည်အထိ ဆက်မှတ်သွားရပါစေယ်။

ဒီလို မပြတ် ဆက်မှတ်သွားလို့ ဝိပဿနာ ဉာဏ်စဉ်တွေ အဆင့်ဆင့်တက်ပြီး သောတာပတ္တိမဂ်ဉာဏ်ကိုရပါမှ ဒိဋ္ဌိစွဲ အမြစ်ပြတ်ချုပ်ငြိမ်းသွားပါတယ်။

တဏှာစွဲနဲ့ မာနစွဲကတော့ အရဟတ္တမဂ်ဉာဏ်အထိ ဆိုက်ရောက်အောင် ဆက်လက် ရှုမှတ်အားထုတ်နိုင်ပါမှ အကုန်အစင် အကြွင်းအကျန်မရှိ ကင်းပြတ်သွားမယ်တဲ့။

ကဲ . . ဟောခဲ့ပြီးတဲ့ သဘောတရားလေးတွေ မြန်မှတ်မိသွားအောင် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့။

## မြင်ဆဲမှတ်ရန် ဆောင်ပုဒ်ညွှန်

မြင်ဆဲခဏ္ဍာ မရှုမှတ်လို့၊ အစွဲသုံးရပ် ဝင်လာတယ်။
ငါကောင်း ငါ့ဟာ ငါထင်လွဲတော့၊ အစွဲသုံးရပ် ခေါ်ပါတယ်။
မြင်ဆဲစွဲရင် သံသာဝဋ်မှ၊ တကယ်လွတ်ဖို့ ဖြစ်ဘူးကွယ်။
ဒါကြောင့်ပဲကွယ် အစွဲပြတ်အောင်၊ နည်းမှန်မှတ်ဖို့ ဖော်ပြမယ်။

www.burmeseclassic.com

www.burmeseclassic.com



မြင်တဲ့အခါ မြင်တယ်မှတ်တော့၊ အစွဲသုံးရပ် ကင်းပါတယ်။
မမြတာမြင်ရင် မာနတာင်းသတဲ့၊ ဖွဲမာန်တင်းတင်း ရှုမှတ်ကွယ်။
ဆင်းရဲမြင်ရင် တဏှာကင်းသတဲ့၊ ဖွဲမာန်တင်းတင်း ရှုမှတ်ကွယ်။
သဘောမျှမြင်ရင် ဒိဋ္ဌိကင်းသတဲ့၊ ဖွဲမာန်တင်းတင်း ရှုမှတ်ကွယ်။
မှတ်ဆဲကင်းတာ ခဏကင်းမို့၊ အပြတ်ရှင်းဖို့ လိုသေးတယ်။
ဆိုင်ရာမဂ်ဉာဏ် ရောက်အောင်မှတ်မှ၊ အမြစ်ပြတ်အောင် ရှင်းနိုင်မယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

## ငါးပါးခန္ဓာ ကြားဆဲမှာ

အသံမျိုးစုံ သဒ္ဒါရုံက နားအကြည်ရုပ်မှာ လာပြီး ထိခိုက်တဲ့အခါကျတော့ ကြားသိစိတ်နဲ့ အပေါင်းပါ စေတသိက်တရားတွေ ဖြစ်ပေါ်လာကြပါတယ်။

အဲဒီမှာ အသံရယ်, နားအကြည်ရယ်, ကြားသိစိတ်နဲ့ ယှဉ်ဘက်စေတသိက်တွေရယ် ၃-မျိုးတို့အထဲမှာ အသံနဲ့ နားအကြည်က ရုပ်တရား ဖြစ်တယ်။ ကြားသိစိတ်နဲ့ အပေါင်းပါ စေတသိက်တွေကတော့ နာမ်တရားတွေ ဖြစ်ကြတယ်။

ဒါကြောင့် ကြားဆဲမှာ ရုပ်နာမ်နှစ်ပါး ထင်ရှားရှိပါတယ်။ အဲဒီ ကြားဆဲ ရုပ်နာမ်တွေကို ခန္ဓာအနေနဲ့ ပြောရင် ငါးပါးရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလဲဆိုရင်. . .

၁။ အသံနဲ့ နားအကြည်က ရူပက္ခန္ဓာ ဖြစ်ပါတယ်။

၂။ ကြားလို့ ကောင်း မကောင်းနဲ့ မဆိုးမကောင်း ခံစားမှု (စေတသိက်) သဘောက ဝေဒနာက္ခန္ဓာ ဖြစ်ပါတယ်။

၃။ အသံကို မှတ်သားမှု (စေတသိက်) သဘောကတော့ သညာက္ခန္ဓာ ဖြစ်ပါတယ်။

၄။ ကြားရအောင် ကြောင့်ကြပြုမှု၊ နှလုံးသွင်းမှု စတဲ့ ကြားစိတ်နဲ့ တစ်ပါတည်း ဖြစ်ပေါ်လာတဲ့ ကျန်စေတသိက်သဘောတွေကတော့ သင်္ခါရက္ခန္ဓာ ဖြစ်ပါတယ်။

၅။ ကြားသိစိတ်ကတော့ ဝိညာဏက္ခန္ဓာ ဖြစ်ပါတယ်။

ကြားဆဲမှာ တကယ်ရှိတာဟာ အခု ပြောခဲ့တဲ့ ခန္ဓာငါးပါးမျှသာ ဖြစ်ပါတယ်။

ကဲ. . တရားဆောင်ပုဒ် ဆိုကြဦးစို့။

## ကြားဆဲခန္ဓာ ဆောင်ပုဒ်ကဗျာ

အသံအာရုံ နားရုပ်ထိတော့၊ ကြားသိစိတ်မာတ် ပေါ်လာတယ်။
ကြားဆဲရုပ်နာမ် ထိုတရားပင်၊ ခန္ဓာငါးပါး ဖြစ်ပါတယ်။
သောတအကြည် အသံရုပ်မှာ၊ ရူပက္ခန္ဓာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သောတဝိညာဏ် ကြားသိစိတ်မှာ၊ ဝိညာဏက္ခန္ဓာ ဖြစ်ပါတယ်။
ကြားစိတ်နှင့်ယှဉ် စေတသိက်များမှာ၊ ခန္ဓာသုံးပါး ရပါတယ်။
ဝေဒနက်၊ သညက်၊ သင်္ခါရက်တဲ့၊ စိတ်နှင့်ယှဉ်ဘက် ခန္ဓာကွယ်။
ကြားဆဲရှိတာ သူတို့ပဲကွဲ့၊ အသည်းစွဲအောင် မှတ်ကြကွယ်။
မှတ်ကွယ် . . . မှတ်ကွယ်။

## ကြားဆဲခဏ ရှုမှတ်ကြ

ကြားဆဲမှာ ထင်ရှားရှိတဲ့ ရုပ်နာမ်ခန္ဓာတွေကို မပြတ်ရှုမှတ်ရပါတယ်။ မရှုမှတ်ရင် အဲဒီကြားဆဲ ရုပ်နာမ်ခန္ဓာတွေကို ငါပိုင်ထင်တဲ့ တဏှာစွဲ၊ ငါထင်တဲ့ မာနစွဲနဲ့ ငါကောင်ထင်တဲ့ ဒိဋ္ဌိစွဲ၊ ဒီအစွဲသုံးရပ် ဝင်လာပါတယ်။

ဒီလို ကြားဆဲမှာ ဝင်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ တရားတွေဟာလဲ သံသရာချဲ့ထွင်တတ်တဲ့ နယ်ချဲ့တရားတွေပါပဲ။ ဒီတရားတွေ မကင်းသေးသမျှ သတ္တဝါတွေဟာ သံသရာမှ မထွက်မြောက်နိုင်ကြပါဘူး။

ကြားဆဲမှာ ဒီအစွဲတွေ မဝင်ရအောင် ကြားတိုင်းကြားတိုင်း 'ကြားတယ် ကြားတယ်' လို့ မပြတ်ရှုမှတ်ရပါတယ်။ ဒီလို မပြတ်ရှုမှတ်သွားလို့ ကြားဆဲမှာ ထင်ရှားရှိတဲ့ ရုပ်နာမ်ခန္ဓာတို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတွေကို သိမြင်လာမယ်ဆိုရင် အစွဲတရားတွေ ကင်းငြိမ်းသွားမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလဲဆိုရင် ကြားဆဲရုပ်နာမ်ခန္ဓာတို့ရဲ့ ပေါ်လာပြီးနောက် ပျောက်ပျောက်သွားလို့ မမြဲတဲ့ သဘောကို သိတာဟာ အနိစ္စသဘောကိုသိတာ ဖြစ်တယ်။ ကြားဆဲရုပ်နာမ်တို့ရဲ့ မမြဲပုံကတော့ အသံတစ်ခု တည်းကို သတိထားကြည့်ရင်တောင် လွယ်လွယ်နဲ့ သိနိုင်ပါတယ်။

ဒီလို ကြားဆဲ ရုပ်နာမ်ခန္ဓာတို့ရဲ့ အနိစ္စသဘောကို ဉာဏ်ဖြင့် သိမြင်ရင် ရုပ်နာမ်ကို ငါထင်တဲ့ မာနစွဲ ကင်းသွားမယ်တဲ့။

ကြားဆဲ ရုပ်နာမ်ခန္ဓာတို့ရဲ့ 'အဟောင်းပျောက်သွားလိုက် အသစ်ပေါ်လာလိုက်၊ အဟောင်း ပျောက် သွားလိုက် အသစ်ပေါ်လာလိုက်' နဲ့ အသစ်အဟောင်း ပြောင်းလဲ ဖြစ်ပျက်နေတာကို ဉာဏ်ဖြင့် သိမြင်တာ ဟာ ကြားဆဲရုပ်နာမ်တို့ရဲ့ ဆင်းရဲတဲ့ဒုက္ခသဘောကိုသိတာ ဖြစ်တယ်။

ဒီလို ကြားဆဲရုပ်နာမ်တို့ရဲ့ ဆင်းရဲသဘောကို မှတ်ဆဲမှာ သိမြင်ရင် ရုပ်နာမ်ကို ငါပိုင်ထင်တဲ့ တဏှာ စွဲ ကင်းသွားမယ်တဲ့။

ကြားဆဲရုပ်နာမ်တွေဟာ အကောင်အထည်၊ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဘာတစ်ခုမျှမဟုတ်ဘဲ သဘောတရားသက်သက်မျှသာ ဖြစ်တယ်။

သူတို့ဟာ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီး ပျက်ချိန်ကျတော့ ပျက်သွားကြတာချည်းမပါပဲ။

ဒီလိုမဖြစ်အောင်၊ မပျက်အောင် တားဆီးလို့မရဘူး ဆိုတာကို သိတာဟာ ကြားဆဲရုပ်နာမ်တို့ရဲ့ အနတ္တသဘောကိုသိမြင်တာ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအနတ္တသဘောကို မှတ်ဆဲမှာ ဉာဏ်ဖြင့် သိမြင်လာရင် ကြားဆဲရုပ်နာမ်ကို ငါကောင်၊ သူကောင် စသည် ထင်တဲ့ ဒိဋ္ဌိစွဲ ကင်းပြုတ်သွားမယ်တဲ့။

ဒါပေမယ့် ဒီလို ကြားတိုင်းကြားတိုင်း 'ကြားတယ်၊ ကြားတယ်' လို့ မှတ်ခိုက်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိ စွဲတွေ ကင်းတယ်ဆိုတာကတော့ အမြဲတမ်းကင်းတာမျိုး၊ အကြွင်းမဲ့ ငြိမ်းတာမျိုးတော့ မဟုတ်သေးဘူး။ အမြဲတမ်း ကင်းငြိမ်းဖို့ကတော့ ဆိုင်ရာဆိုင်ရာ မဂ်ဉာဏ်တွေ ဆိုက်ရောက်တဲ့အထိ မပြတ်ရှုမှတ်သွားပါမှ ဆိုင်ရာဆိုင်ရာ မဂ်ဉာဏ်တွေက ဆိုင်ရာဆိုင်ရာ အစွဲတွေကို အပြတ်ရှင်းသွားမယ်တဲ့။

ကဲ. . ဟောခဲ့ပြီးတဲ့ သဘောတရားတွေကို ပြန်မှတ်မိသွားအောင် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့။

### ကြားဆဲမှတ်ရန် ဆောင်ပုဒ်ညွှန်

ကြားဆဲခန္ဓာ မရှုမှတ်လို့၊ အစွဲသုံးရပ် ဝင်လာတယ်။
ငါကောင်, ငါ့ဟာ ငါထင်လွဲတော့၊ အစွဲသုံးရပ် ခေါ်ပါတယ်။
ကြားဆဲစွဲလဲ သံသာဝဋ်မှ၊ တကယ်လွတ်ဖို့ ဖြစ်ဘူးကွယ်။
ဒါကြောင့်ပဲကွယ် အစွဲပြတ်အောင်၊ နည်းမှန်မှတ်ဖို့ ဖော်ပြမယ်။
ကြားတဲ့အခါ ကြားတယ်မှတ်တော့၊ အစွဲသုံးရပ် ကင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မမြဲတာမြင်ရင် မာနကင်းသတဲ့၊ ဇွဲမာန်တင်းတင်း ရှုမှတ်ကွယ်။
ဆင်းရဲမြင်ရင် တဏှာကင်းသတဲ့၊ ဇွဲမာန်တင်းတင်း ရှုမှတ်ကွယ်။
သဘောမျှမြင်ရင် ဒိဋ္ဌိကင်းသတဲ့၊ ဇွဲမာန်တင်းတင်း ရှုမှတ်ကွယ်။
မှတ်ဆဲကင်းတာ ခဏကင်းမို့၊ အပြတ်ရှင်းဖို့ လိုသေးတယ်။
ဆိုင်ရာမဂ်ဉာဏ် ရောက်အောင်မှတ်မှ၊ အမြစ်ပြတ်အောင် ရှင်းနိုင်မယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

## နမ်းရှုဆဲမှာ ငါးခန္ဓာ

အနံ့မျိုးစုံ ဂန္ဓာရုံက နှာခေါင်းအကြည်ရုပ်မှာလာပြီး ထိခိုက်တဲ့အခါကျတော့ ဃာနဝိညာဏ် (ခေါ်) နံသိစိတ်နဲ့ အပေါင်းပါ စေတသိက်တွေ ဖြစ်ပေါ်လာကြပါတယ်။

အဲဒီမှာ အနံ့နဲ့ နှာခေါင်းအကြည်က ရုပ်တရားဖြစ်တယ်။ နံသိစိတ်နဲ့ အပေါင်းပါစေတသိက်တွေကတော့ နာမ်တရားတွေ ဖြစ်ကြတယ်။ ဒါကြောင့် နမ်းရှုဆဲမှာလဲ နာမ်နဲ့ ရုပ်ဟာ တကယ် ထင်ရှားရှိပါတယ်။

နမ်းရှုဆဲရုပ်နာမ်ကို ခန္ဓာအနေနဲ့ပြောရင် ငါးပါးရတယ်။ သူတို့က ဘယ်လိုလဲဆိုရင်. . .

(၁) အနံ့နဲ့ နှာခေါင်းအကြည်ရုပ်က ရူပက္ခန္ဓာ။
(၂) နမ်းရှုလို့ ကောင်း၊ မကောင်းနဲ့ မဆိုးမကောင်း ခံစားမှုက ဝေဒနာက္ခန္ဓာ။

www.burmeseclassic.com

www.burmeseclassic.com



(၃) အနံ့ကို မှတ်သားမှုက သညာက္ခန္ဓာ။

(၄) အနံ့ရအောင် ကြောင့်ကြပြုမှု၊ နှလုံးသွင်းမှု စတဲ့ နံ့သိစိတ်နဲ့ တစ်ပါတည်း ဖြစ်ပေါ် လာတဲ့ ကျန်စေတသိက် သင်္ခါရက္ခန္ဓာ။

(၅) အနံ့မျိုးစုံကိုသိတဲ့ နံ့သိစိတ်ကတော့ ဝိညာဏက္ခန္ဓာ ဖြစ်တယ်။

ဒါကြောင့် နမ်းရှူဆဲမှာ တကယ်ရှိတာဟာလဲ ဒီခန္ဓာငါးပါးမျှသာ ဖြစ်ပါတယ်။ အဲဒီခန္ဓာတွေအကြောင်း မှတ်မိသွားအောင် ဆောင်ပုဒ်ကဗျာ ဆိုကြဦးစို့။

## နံ့ဆဲခန္ဓာ ဆောင်ပုဒ်ကဗျာ

အနံ့အာရုံ နှာရှုပ်ထိတော့၊ နံ့သိစိတ်ဓာတ် ပေါ်လာတယ်။
နံ့ဆဲရုပ်နာမ် ထိုတရားပင်၊ ခန္ဓာငါးပါး ဖြစ်ပါတယ်။
နှာခေါင်းအကြည် အနံ့ရုပ်မှာ၊ ရူပက္ခန္ဓာ ဖြစ်ပါတယ်။
ဃာနဝိညာဏ် နံ့သိစိတ်မှာ၊ ဝိညာဏက္ခန္ဓာ ဖြစ်ပါတယ်။
နံ့သိစိတ်ယှဉ် စေတသိက်များမှာ၊ ခန္ဓာသုံးပါး ရပါတယ်။
ဝေဒနက်၊ သညက်၊ သင်္ခါရက်တဲ့၊ စိတ်နှင့်ယှဉ်ဘက် ခန္ဓာကွယ်။
နံ့ဆဲခန္ဓာ သူတို့ပဲကွဲ့၊ အသည်းစွဲအောင် မှတ်ကြကွယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

www.burmeseclassic.com

 www.burmeseclassic.com 

## နံ့ဆဲခဏ ရှုမှတ်ကြ

နမ်းရှုဆဲမှာ ထင်ရှားရှိတဲ့ ရုပ်၊ နာမ်၊ ခန္ဓာတွေကို မပြတ်ရှုမှတ်ရပါတယ်။ မရှုမှတ်ရင် အဲဒီ နမ်းရှုဆဲ ရုပ်၊ နာမ်၊ ခန္ဓာတွေကို ငါပိုင်ထင်တဲ့ တဏှာစွဲ၊ ငါထင်တဲ့ မာနစွဲနဲ့ ငါကောင်ထင်တဲ့ ဒိဋ္ဌိစွဲ၊ ဒီအစွဲသုံးရပ် ဝင်လာပါတယ်။ ဒီလို နမ်းရှုဆဲမှာဝင်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ တရားတွေဟာလဲ သံသရာချဲ့ထွင်တတ်တဲ့ နယ်ချဲ့တရားတွေ ဖြစ်တယ်။ ဒီတရားတွေ မကင်းသေးသမျှ သတ္တဝါတွေဟာ သံသရာမှ မထွက်မြောက်နိုင်ကြပါဘူး။

ဒါကြောင့် နမ်းရှုဆဲမှာ ဒီအစွဲတွေ မဝင်ရအောင် နံ့တိုင်း၊ မွှေးတိုင်း 'နံ့တယ်၊ မွှေးတယ်' စသည်ဖြင့် မပြတ်ရှုမှတ်သွားရပါတယ်။ ဒီလို ရှုမှတ်သွားလို့ နမ်းရှုဆဲမှာ ထင်ရှားရှိတဲ့ ရုပ်နာမ်ခန္ဓာတို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေကို သိမြင်လာရင် အစွဲတွေ ကင်းငြိမ်းသွားမယ်။

ဘယ်လိုလဲဆိုရင် နမ်းရှုဆဲ ရုပ်နာမ်ခန္ဓာတို့ရဲ့ ပေါ်လာပြီးနောက် ပျောက်ပျောက်သွားလို့ မမြဲတဲ့ သဘောကိုသိတာဟာ အနိစ္စသဘောကို သိတာဖြစ်တယ်။ ဒီလို နမ်းရှုဆဲ ရုပ် နာမ် ခန္ဓာတို့ရဲ့ အနိစ္စသဘောကို ဉာဏ်ဖြင့် သိမြင်ရင် နံ့ဆဲရုပ်နာမ်ကို ငါထင်တဲ့မာနစွဲ ကင်းသွားမယ်တဲ့။

နမ်းရှုဆဲရုပ်နာမ်ခန္ဓာတို့ရဲ့ အဟောင်းပျောက်သွားလိုက် အသစ်ပေါ်လာလိုက်၊ အဟောင်းပျောက်သွားလိုက် အသစ်ပေါ်လာလိုက်နဲ့ အသစ်အဟောင်း ပြောင်းလဲဖြစ်ပျက်နေတာကို သိတာဟာ နမ်းရှုဆဲ ရုပ်နာမ်တို့ရဲ့ ဆင်းရဲတဲ့ဒုက္ခသဘောကိုသိတာ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို နမ်းရှူဆဲ ရုပ်နာမ်တို့ရဲ့ ဆင်းရဲသဘောကို မှတ်ဆဲမှာ ဉာဏ်ဖြင့် သိမြင်ရင် နမ်းရှူဆဲ ရုပ်နာမ်ကို ငါပိုင်ထင်တဲ့ တဏှာစွဲ ကင်းသွားမယ်တဲ့။

နမ်းရှူဆဲ ရုပ်နာမ်ခန္ဓာတွေဟာ အကောင်အထည် ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဘာတစ်ခုမျှ မဟုတ်ဘဲ သဘောတရားသက်သက်မျှသာ ဖြစ်ပါတယ်။

ဒီသဘောတရားတွေဟာ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီး ပျက်ချိန်ကျတော့ ပျက်သွားကြတာချည်းပါပဲ။ ဒီလိုမဖြစ်အောင်၊ မပျက်အောင် တားဆီးလို့ မရဘူးဆိုတာကို သိတာဟာ နမ်းရှူဆဲ ရုပ်နာမ်တို့ရဲ့ အနတ္တသဘောကို သိမြင်တာ ဖြစ်တယ်။

ဒီလို အနတ္တသဘောကို မှတ်ဆဲမှာ ဉာဏ်ဖြင့် သိမြင်လာရင် နမ်းရှူဆဲ ရုပ်နာမ်ကို ငါကောင် သူကောင် စသည် ထင်တဲ့ ဒိဋ္ဌိစွဲ ကင်းပြုတ်သွားမယ်တဲ့။

ဒါပေမယ့် ဒီလို နမ်းရှူတိုင်း နမ်းရှူတိုင်း 'နံတယ်၊ မွှေးတယ်' စသည်ဖြင့် ရှုမှတ်ခိုက်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိစွဲတွေ ကင်းတယ်ဆိုတာကတော့ အမြဲတမ်း ကင်းတာမျိုး၊ အကြွင်းမဲ့ ငြိမ်းတာမျိုးတော့ မဟုတ်သေးဘူး။ အမြဲတမ်း ကင်းငြိမ်းဖို့ကတော့ ဆိုင်ရာဆိုင်ရာ မဂ်ဉာဏ်တွေ ဆိုက်ရောက်တဲ့အထိ ဆက်မှတ်သွားပါမှ ဆိုင်ရာမဂ်ဉာဏ်တွေက ဆိုင်ရာအစွဲတွေကို အပြတ်ရှင်းသွားမယ်တဲ့။

ကဲ. . . ဟောခဲ့ပြီးတဲ့ သဘောတရားတွေကို ပြန်မှတ်မိသွားအောင် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့။

www.burmeseclassic.com

www.burmeseclassic.com


## နံ့ဆဲမှတ်ရန် ဆောင်ပုဒ်ညွှန်

နံ့ဆဲခန္ဓာ မရှုမှတ်လို့၊ အစွဲသုံးရပ် ဝင်လာတယ်။
ငါကောင် ငါ့ဟာ ငါထင့်လွဲတော့၊ အစွဲသုံးရပ် ခေါ်ပါတယ်။
နံ့ဆဲစွဲလဲ သံသာဝင်မှု၊ တကယ်လွတ်ဖို့ ဖြစ်ဘူးကွယ်။
ဒါကြောင့်ပဲကွယ် အစွဲပြတ်အောင်၊ နည်းမှန်မှတ်ဖို့ ဖော်ပြမယ်။
နံ့တဲ့အခါ နံ့တယ်မှတ်တော့၊ အစွဲသုံးရပ် ကင်းပါတယ်။
မပြတ်မြင်ရင် မာနကင်းသတဲ့၊ ဇွဲမာန်တင်းတင်း ရှုမှတ်ကွယ်။
ဆင်းရဲမြင်ရင် တဏှာကင်းသတဲ့၊ ဇွဲမာန်တင်းတင်း ရှုမှတ်ကွယ်။
သဘောမျှမြင်ရင် ဒိဋ္ဌိကင်းသတဲ့၊ ဇွဲမာန်တင်းတင်း ရှုမှတ်ကွယ်။
မှတ်ဆဲကင်းတာ ခဏကင်းမို့၊ အပြတ်ရှင်းဖို့ လိုသေးတယ်။
ဆိုင်ရာမဂ်ဉာဏ် ရောက်အောင်မှတ်မှ၊ အမြစ်ပြတ်အောင် ရှင်းနိုင်မယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

## ငါးပါးခန္ဓာ စားဆဲမှာ

အရသာအမျိုးမျိုးတွေက လျှာအကြည်ရုပ်မှာ လာပြီးထိခိုက်တဲ့အခါကျတော့ ဇိဝှာဝိညာဏ်လို့ခေါ်တဲ့ အရသာသိစိတ် (သို့မဟုတ်) စားသိစိတ်နှင့် အပေါင်းပါ စေတသိက်တရားတွေ ဖြစ်ပေါ်လာကြပါတယ်။

www.burmeseclassic.com

 www.burmeseclassic.com 

အဲဒီမှာ အရသာမျိုးစုံနဲ့ လျှာအကြည်က ရုပ်တရားတဲ့။ အရသာသိစိတ်နဲ့ အပေါင်းပါ စေတသိက်တွေက နာမ်တရားတွေပါပဲ။ ဒါ့ကြောင့် စားဆဲမှာလည်း ရုပ်နဲ့နာမ်ဟာ တကယ်ထင်ရှား ရှိပါတယ်။ အဲဒီ စားဆဲ ရုပ်နာမ်တွေကို ခန္ဓာအနေနဲ့ပြောရင် ငါးပါးရပါတယ်။

ဘယ်လိုလဲဆိုရင်. . .

၁။ အရသာမျိုးစုံနဲ့ လျှာအကြည်က ရူပက္ခန္ဓာ။

၂။ စားလို့ ကောင်း၊ မကောင်းနဲ့ မဆိုးမကောင်း **ခံစားမှု** (စေတသိက်) သဘောက ဝေဒနာက္ခန္ဓာ။

၃။ အချိုအငန်စတဲ့ အရသာကို မှတ်သားမှု (စေတသိက်) သဘောက သညာက္ခန္ဓာ။

၄။ စားရအောင် ကြောင့်ကြပြုမှု၊ နှလုံးသွင်းမှုစတဲ့ **စားသိစိတ်နဲ့ တစ်ပါတည်း** ဖြစ်ပေါ်လာတဲ့ ကျန်စေတသိက်သဘောတွေကတော့ **သင်္ခါရက္ခန္ဓာ**။

၅။ အရသာသိစိတ် သို့မဟုတ် စားသိစိတ်ကတော့ ဝိညာဏက္ခန္ဓာ - တဲ့။

ဒါ့ကြောင့် **စားဆဲမှာ** တကယ်ထင်ရှား ရှိတာဟာ ဒီခန္ဓာငါးပါးမျှသာ ဖြစ်ပါတယ်။ အဲဒါတွေကို မှတ်မိသွားအောင် ဆောင်ပုဒ်ဆိုကြဦးစို့။

www.burmeseclassic.com

www.burmeseclassic.com


## စားဆဲခန္ဓာ ဆောင်ပုဒ်ကဗျာ

ရသာအာရုံ၊ လျှာရုပ်ထိတော့၊ ရသာသိစိတ် ပေါ်လာတယ်။
စားဆဲရုပ်နာမ် ထိုတရားပင်၊ ခန္ဓာငါးပါး ဖြစ်ပါတယ်။
လျှာရုပ်အကြည် အရသာများမှာ၊ ရူပက္ခန္ဓာ ဖြစ်ပါတယ်။
ဇိဝှာဝိညာဏ် စားသိစိတ်မှာ၊ ဝိညာဏက္ခန္ဓာ ဖြစ်ပါတယ်။
စားသိစိတ်ယှဉ် စေတသိက်များမှာ၊ ခန္ဓာသုံးပါး ရပါတယ်။
ဝေဒနက်၊ သညက်၊ သင်္ခါရက်တဲ့၊ စိတ်နှင့်ယှဉ်ဘက် ခန္ဓာကွယ်။
စားဆဲခန္ဓာ သူတို့ပဲကွဲ့၊ အသည်းစွဲအောင် မှတ်ကြကွယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

## စားဆဲခဏ ရှုမှတ်ကြ

စားဆဲမှာ ထင်ရှားရှိတဲ့ ရုပ်၊ နာမ်၊ ခန္ဓာတွေကို မပြတ် ရှုမှတ်ရပါတယ်။ မရှုမှတ်ရင် အဲဒီ စားဆဲရုပ်နာမ်တွေကို ငါပိုင်ထင်တဲ့ တဏှာစွဲလဲ ဝင်နိုင်တယ်။ ငါထင်တဲ့ မာနစွဲလဲ ဝင်နိုင်တယ်။ ငါကောင်ထင်တဲ့ ဒိဋ္ဌိစွဲလဲ ဝင်နိုင်တယ်။ အဲဒီ အစွဲသုံးခုအနက် တစ်ခုခုကတော့ မရှုမှတ်ရင် ဝင်မှာပဲ။

www.burmeseclassic.com

 www.burmeseclassic.com 

ဒီ စားဆဲမှာ ဝင်လာတဲ့တဏှာ၊ မာန၊ ဒိဋ္ဌိတွေဟာလဲ သံသရာချဲ့ထွင်တတ်တဲ့ နယ်ချဲ့တရားတွေပဲ ဖြစ်တယ်။ ဒီလိုစားဆဲမှာ ဝင်တဲ့အစွဲတွေ မကောင်းသေးသမျှ သတ္တဝါတွေဟာ သံသရာမှ မထွက်မြောက်နိုင်ကြပါဘူး။

ဒါကြောင့် စားဆဲမှာ ဒီအစွဲတွေ မဝင်ရအောင် စားတိုင်း၊ ဝါးတိုင်း၊ ချိုတိုင်း၊ ဆိမ့်တိုင်း၊ မျိုတိုင်း၊ 'စားတယ်၊ ဝါးတယ်၊ ချိုတယ်၊ ဆိမ့်တယ်၊ မျိုတယ်' စသည်ဖြင့် မပြတ်ရှုမှတ်သွားရပါတယ်။

ဒီလိုရှုမှတ်သွားလို့ စားဆဲမှာ ထင်ရှားရှိတဲ့ ရုပ်နာမ်ခန္ဓာတို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေကို သိမြင်လာရင် အစွဲတွေ ကင်းငြိမ်းသွားမယ်။

ဘယ်လိုလဲဆိုရင် စားဆဲ ရုပ်နာမ်ခန္ဓာတို့ရဲ့ ပေါ်လာပြီးနောက် ပျောက်ပျောက်သွားလို့ မမြဲတဲ့သဘောကို သိတာဟာ အနိစ္စသဘောကိုသိတာ ဖြစ်တယ်။ ဒီလို စားဆဲ ရုပ်နာမ်တို့ရဲ့ အနိစ္စသဘောကို ဉာဏ်ဖြင့်သိရင် ရုပ်နာမ်ကို ငါထင်တဲ့မာနစွဲ ကင်းသွားမယ်တဲ့။

စားဆဲ ရုပ်၊ နာမ်၊ ခန္ဓာတို့ရဲ့ အဟောင်းပျောက်သွားလိုက် အသစ်ပေါ်လာလိုက်၊ အဟောင်းပျောက်သွားလိုက် အသစ်ပေါ်လာလိုက်နဲ့ အသစ်အဟောင်း ပြောင်းလဲဖြစ်ပျက်နေတာကို သိတာဟာ စားဆဲရုပ်နာမ်တို့ရဲ့ ဆင်းရဲတဲ့ ဒုက္ခသဘောကိုသိတာ ဖြစ်တယ်။

ဒီလို စားဆဲရုပ်နာမ်တို့ရဲ့ ဆင်းရဲသဘောကို မှတ်ဆဲမှာ ဉာဏ်ဖြင့် သိမြင်ရင် ရုပ်နာမ်ကို ငါ့ဉစ်ထင်တဲ့ တဏှာစွဲ ကင်းသွားမယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



စားဆဲရုပ်နာမ်တွေဟာ အကောင်အထည်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဘာတစ်ခုမျှမဟုတ်ဘဲ သဘောတရား သက်သက်မျှသာ ဖြစ်ပါတယ်။

ဒီသဘောတရားတွေဟာ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီး ပျက်ချိန်ကျတော့ ပျက်သွားကြတာချည်းပါပဲ။ ဒီလိုမဖြစ်အောင် မပျက်အောင် တားဆီးလို့မရဘူးဆိုတာကို သိတာဟာ စားဆဲရုပ်နာမ်တို့ရဲ့ အနတ္တသဘောကိုသိမြင်တာ ဖြစ်တယ်။

ဒီလို အနတ္တသဘောကို ရှုမှတ်ဆဲမှာ ဉာဏ်ဖြင့် သိမြင်လာရင် စားဆဲရုပ်နာမ်တို ငါကောင် သူကောင် စသည်ထင်တဲ့ ဒိဋ္ဌိစွဲ ကင်းပြတ်သွားမယ်တဲ့။

ဒါပေမယ့် ဒီလို စားတိုင်း၊ ဝါးတိုင်း၊ မျိုတိုင်း 'စားတယ်၊ ဝါးတယ်' စသည်ဖြင့် ရှုမှတ်ခိုက်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိစွဲတွေ ကင်းငြိမ်းတယ်ဆိုတာကတော့ အမြဲတမ်း ကင်းတာမျိုး၊ အကြွင်းမဲ့ ငြိမ်းတာမျိုးတော့ မဟုတ်သေးဘူး၊ အမြဲတမ်း ကင်းငြိမ်းဖို့ကတော့ ဆိုင်ရာမဂ်ဉာဏ်တွေ ဆိုက်ရောက်တဲ့အထိ မပြတ် ဆက်မှတ်သွားပါမှ ဆိုင်ရာ မဂ်ဉာဏ်တွေက ဆိုင်ရာအစွဲတွေကို အပြတ်ရှင်းသွားမယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကဲ. . ဟောခဲ့ပြီးတဲ့ သဘောတရားလေးတွေ ပြန်မှတ်မိသွားအောင် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့။

## စားဆဲရှုရန် ဆောင်ပုဒ်ညွှန်

စားဆဲခဏ္ဍာ မရှုမှတ်လို့၊ အစွဲသုံးရပ် ဝင်လာတယ်။
ငါကောင်း, ငါ့ဟာ ငါထင်လွဲတော့၊ အစွဲသုံးရပ် ခေါ်ပါတယ်။
စားဆဲစွဲလဲ သံသာဝဋ်မှ၊ တကယ်လွတ်ဖို့ ဖြစ်ဘူးကွယ်။
ဒါကြောင့်ပဲကွယ် အစွဲပြတ်အောင်၊ နည်းမှန်မှတ်ဖို့ ဖော်ပြမယ်။
စားတဲ့အခါ စားတယ်မှတ်တော့၊ အစွဲသုံးရပ် ကင်းပါတယ်။
မမြဲတာမြင်ရင် မာနကင်းသတဲ့၊ ဇွဲမာန်တင်းတင်း ရှုမှတ်ကွယ်။
ဆင်းရဲမြင်ရင် တဏှာကင်းသတဲ့၊ ဇွဲမာန်တင်းတင်း ရှုမှတ်ကွယ်။
သဘောမျှမြင်ရင် ဒိဋ္ဌိကင်းသတဲ့၊ ဇွဲမာန်တင်းတင်း ရှုမှတ်ကွယ်။
မှတ်ဆဲကင်းတာ ခဏကင်းမို့၊ အပြတ်ရှင်းဖို့ လိုသေးတယ်။
ဆိုင်ရာမဂ်ဉာဏ် ရောက်အောင်မှတ်မှ၊ အမြစ်ပြတ်အောင် ရှင်းနိုင်မယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



## ငါးပါးခန္ဓာ ထိဆဲမှာ

အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံက ကိုယ်အကြည်မှာလာပြီး ထိခိုက်တဲ့အခါကျတော့ ကာယဝိညာဏ် ခေါ် ထိသိစိတ်နဲ့ အပေါင်းပါ စေတသိက်တွေ ဖြစ်ပေါ်လာကြတယ်။ အဲဒီမှာ တွေ့ထိအာရုံနဲ့ ကိုယ်အကြည်က ရုပ်တရားဖြစ်တယ်။ ထိသိစိတ်နှင့် အပေါင်းပါ စေတသိက်တွေကတော့ နာမ်တရားတွေပါပဲ။

ဒါကြောင့် ထိဆဲမှာ ရုပ်နှင့်နာမ်ဟာ တကယ်ထင်ရှား ရှိပါတယ်။ အဲဒီ ရုပ်နာမ်တွေကိုပဲ ခန္ဓာအနေနဲ့ ပြောရင် ငါးပါးဖြစ်ပါတယ်။

ဘယ်လိုလဲဆိုရင် . . .

၁။ တွေ့ထိအာရုံနဲ့ ကိုယ်အကြည်ရုပ်က ရူပက္ခန္ဓာ။

၂။ တွေ့ထိလို့ ကောင်း၊ မကောင်း ခံစားမှု (စေတသိက်) သဘောက ဝေဒနာက္ခန္ဓာ။

၃။ တွေ့ထိရတာကို မှတ်သားမှုသဘောက သညာက္ခန္ဓာ။

၄။ တွေ့ထိရအောင် ကြောင့်ကြပြုမှု၊ နှလုံးသွင်းမှု စတဲ့ ထိသိစိတ်နှင့် တစ်ပါတည်း ဖြစ်ပေါ်လာတဲ့ ကျန်စေတသိက်သဘောတွေက သင်္ခါရက္ခန္ဓာ။

၅။ ထိသိစိတ်ကတော့ ဝိညာဏက္ခန္ဓာ - တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အခုဖော်ပြလိုက်တာကတော့ ထိဆဲခန္ဓာတွေကို ရောပြီး ဖော်ပြလိုက်ခြင်းပါပဲ။ တွေ့ထိအာရုံက (၁) ပျော့မှုမာမှု ပထဝီရုပ်ရယ်၊ (၂) ပူမှုအေးမှု တေဇောရုပ်ရယ်၊ (၃) လှုပ်ရှားတွန်းကန်ထောက်ခံမှု ဝါယောရုပ်ရယ်လို့ ၃-မျိုး ရှိတယ်။ ဒါကြောင့် တွေ့ထိရုပ် ၃-မျိုးအရ ခွဲခြားပြီး နည်းနည်းထပ်ပြောဖို့ လိုသေးတယ်။

ပျော့မှု၊ မာမှု တွေ့ထိရုပ်က ကိုယ်အကြည်မှာ လာထိခိုက်တဲ့အခါ ပျော့မှန်းမာမှန်း သိတဲ့ 'ပျော့သိ၊ မာသိစိတ်' သို့မဟုတ် ထိသိစိတ်နှင့် အပေါင်းပါ စေတသိက်တွေ ဖြစ်ပေါ်လာတယ်။

အဲဒီမှာ ပျော့မှုမာမှုသဘောနဲ့ သူတို့ရဲ့ ထိခိုက်ရာ ကိုယ်အကြည်ရုပ်ဟာ ရူပက္ခန္ဓာ ဖြစ်တယ်။ ထိလို့ ကောင်းမကောင်း ခံစားမှုသဘောက ဝေဒနာက္ခန္ဓာ ဖြစ်တယ်။ ပျော့တာပဲ၊ မာတာပဲ စသည်ဖြင့် မှတ်သားမှု သဘောက သညာက္ခန္ဓာဖြစ်တယ်။ ထိရအောင် ကြောင့်ကြပြုမှု၊ နှလုံးသွင်းမှု စတဲ့ သဘောတွေကတော့ သင်္ခါရက္ခန္ဓာ ဖြစ်တယ်။ ပျော့သိစိတ်၊ မာသိစိတ်က ဝိညာဏက္ခန္ဓာ ဖြစ်တယ်။

ပူဆဲမှာလဲ အပူအအေးနဲ့ သူတို့ရဲ့ ထိခိုက်ရာ ကိုယ်အကြည်က ရုပ်တရားပဲ။ ပူသိစိတ်၊ အေးသိစိတ်နှင့် အပေါင်းပါ စေတသိက်တွေကတော့ နာမ်တရားပဲ။ ဒီ ပူဆဲ ရုပ်နာမ်တွေကိုလဲ ခန္ဓာအနေနဲ့ ပြောရရင် ါးပဲ ဖြစ်တယ်။ ငါးပါးဖြစ်ပုံကတော့ နည်းမှန်ပြီး သိသာပြီဖြစ်လို့ မဖော်ပြတော့ဘူး။

'သွားတာ၊ ရပ်တာ၊ လှည့်တာ၊ ကွေးတာ၊ ဆန့်တာ၊ ထိုင်တာ၊ အိပ်တာ၊ ဖောင်းတာ၊ ပိန်တာ' တွေဟာ လှုပ်ရှားတွန်းကန် ထောက်ခံမှု ဝါယောရုပ်တွေပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သွားမှန်း သိတဲ့စိတ်၊ ရပ်မှန်း သိတဲ့စိတ်၊ လှည့်မှန်း သိတဲ့စိတ်၊ ကွေးမှန်း သိတဲ့စိတ်၊ ဆန့်မှန်းသိတဲ့စိတ်၊ ထိုင်မှန်း သိတဲ့စိတ်၊ ဖောင်းမှန်း သိတဲ့စိတ်၊ ပိန်မှန်း သိတဲ့စိတ်' ဒီစိတ်တွေနှင့် အပေါင်းပါ စေတသိက်တွေကတော့ နာမ်တရားဖြစ်တယ်။

ဒါကြောင့် 'သွားဆဲ၊ ရပ်ဆဲ၊ လှည့်ဆဲ၊ ကွေးဆဲ၊ ဆန့်ဆဲ၊ ထိုင်ဆဲ၊ အိပ်ဆဲ၊ ဖောင်းဆဲ၊ ပိန်ဆဲ' တွေမှာ ရုပ်နာမ် ၂-ပါး၊ ခန္ဓာငါးပါး သဘောတရားတွေ ပါဝင်နေပါတယ်။

လွယ်လွယ်ပြောရရင် ကိုယ်အမူအရာ လှုပ်ရှားတိုင်း လှုပ်ရှားတိုင်း ကြီးတာပဲဖြစ်ဖြစ်၊ သေးတာပဲဖြစ်ဖြစ် ရုပ်နာမ် ၂-ပါး ခန္ဓာငါးပါးတွေ ပါဝင်ကြပါတယ်။

ကဲ . . ထိဆဲခန္ဓာတွေကို မှတ်မိသွားအောင် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့။

### ထိဆဲခန္ဓာ ဆောင်ပုဒ်ကဗျာ

တွေ့ထိအာရုံ ကိုယ်ရုပ်ထိတော့၊ ထိသိစိတ်ဓာတ် ပေါ်လာတယ်။
ထိဆဲရုပ်နာမ် ထိုတရားပင်၊ ခန္ဓာငါးပါး ဖြစ်ပါတယ်။
ကာယအကြည် တွေ့ထိရုပ်မှာ၊ ရူပက္ခန္ဓာ ဖြစ်ပါတယ်။
ကာယဝိညာဏ် ထိသိစိတ်မှာ၊ ဝိညာဏက္ခန္ဓာ ဖြစ်ပါတယ်။
ထိသိစိတ်ယှဉ် စေတသိက်များမှာ၊ ခန္ဓာသုံးပါး ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနက်, သညက်, သင်္ခါရက်တဲ့၊ စိတ်နှင့်ယှဉ်ဘက် ခန္ဓာကွယ်။
ထိဆဲခန္ဓာ သူတို့ပဲကွဲ၊ အသည်းစွဲအောင် မှတ်ကြကွယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

**ထိဆဲခဏ ရှုမှတ်ကြ**

ထိဆဲမှာ ထင်ရှားရှိတဲ့ ရုပ်၊ နာမ်၊ ခန္ဓာတွေကို မပြတ်ရှုမှတ်ရပါတယ်။ မရှုမှတ်ရင် အဲဒီ ထိဆဲရုပ်၊ နာမ်၊ ခန္ဓာတွေကို ငါပိုင်ထင်တဲ့ တဏှာစွဲ၊ ငါထင်တဲ့ မာနစွဲနဲ့ ငါကောင်ထင်တဲ့ ဒိဋ္ဌိစွဲ၊ ဒီအစွဲသုံးရပ်ထဲက တစ်ခုခုတော့ ဝင်တာပါပဲ။

ဒီလို ထိဆဲမှာ ဝင်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိတွေဟာလဲ သံသရာချဲ့ထွင်တတ်တဲ့ နယ်ချဲ့တရားတွေပါပဲ။ ဒီတရားတွေ မကင်းသေးသမျှ သတ္တဝါတွေဟာ သံသရာမှ မထွက်မြောက်နိုင်ကြပါဘူး။

ထိဆဲမှာ ဒီလိုအစွဲတွေ မဝင်ရအောင် ပျော့ရင် ပျော့တယ်၊ မာရင် မာတယ်၊ ပူရင် ပူတယ်၊ အေးရင် အေးတယ် စသည်ဖြင့် မှတ်ရတယ်။

သွားတိုင်း၊ ရပ်တိုင်း၊ ထိုင်တိုင်း၊ အိပ်တိုင်း၊ လှည့်တိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ ဖောင်းတိုင်း၊ ပိန်တိုင်း 'သွားတယ်၊ ရပ်တယ်၊ လှည့်တယ်၊ ဖောင်းတယ်၊ ပိန်တယ်' စသည်ဖြင့် မပြတ်ရှုမှတ်ရတယ်။

ဒီလို မပြတ်ရှုမှတ်သွားလို့ ထိဆဲ ရုပ်၊ နာမ်၊ ခန္ဓာတို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေကို သိမြင်လာရင် အစွဲတွေ ကင်းငြိမ်းသွားမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလဲဆိုရင် ထိဆဲရုပ်၊ နာမ်၊ ခန္ဓာတို့ရဲ့ ပေါ်လာပြီးနောက် ပျောက်ပျောက်သွားလို့ မမြဲတဲ့ သဘောကို သိတာဟာ အနိစ္စသဘောကို သိတာဖြစ်တယ်။

ဒီလို ထိဆဲရုပ်၊ နာမ်၊ ခန္ဓာတို့ရဲ့ အနိစ္စသဘောကို ဉာဏ်ဖြင့်သိရင် ထိဆဲရုပ်၊ နာမ်ကို ငါကောင် ထင်တဲ့ မာနစွဲ ကင်းသွားမယ်တဲ့။

ထိဆဲရုပ်၊ နာမ်တို့ရဲ့ အဟောင်းပျောက်သွားလိုက် အသစ်ပေါ်လာလိုက်၊ အဟောင်းပျောက်သွား လိုက် အသစ်ပေါ်လာလိုက်နဲ့ အသစ်အဟောင်း ပြောင်းလဲဖြစ်ပျက်နေတာကို သိတာဟာ ထိဆဲရုပ်၊ နာမ် တို့ရဲ့ ဆင်းရဲတဲ့ ဒုက္ခသဘောကိုသိတာ ဖြစ်တယ်။

ဒီလို ထိဆဲရုပ်၊ နာမ်တို့ရဲ့ ဆင်းရဲသဘောကို မှတ်ဆဲမှာ ဉာဏ်ဖြင့် သိမြင်ရင် ရုပ်၊ နာမ်ကို ငါပိုင် ထင်တဲ့ တဏှာစွဲ ကင်းသွားမယ်တဲ့။

ထိဆဲ ရုပ်၊ နာမ်တွေဟာ အကောင်အထည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဘာတစ်ခုမျှမဟုတ်ဘဲ သဘောတရားသက်သက်မျှသာ ဖြစ်ပါတယ်။

ဒီ ရုပ်၊ နာမ်သဘောတရားတွေဟာ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီး ပျက်ချိန်ကျတော့ ပျက်သွားကြတာချည်းပါပဲ။ ဒီလိုမဖြစ်အောင်၊ မပျက်အောင် တားဆီးလို့မရဘူးဆိုတာကို သိတာဟာ ထိဆဲ ရုပ်၊ နာမ်တို့ရဲ့ အနတ္တသဘောကိုသိမြင်တာ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com


ဒီလို အနတ္တသဘောကို ရှုမှတ်ဆဲမှာ ဉာဏ်ဖြင့် သိမြင်ရင် ထိဆဲရုပ်နာမ်ကို 'ငါကောင်၊ သူကောင်' စသည် ထင်တဲ့ ဒိဋ္ဌိစွဲ ကင်းပြတ်သွားမယ်တဲ့။

ဒါပေမယ့် ဒီလို 'သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ဖောင်းတယ်၊ ပိန်တယ်' စသည်ဖြင့် ရှုမှတ်ခိုက်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိစွဲတွေ ကင်းငြိမ်းတယ် ဆိုတာကတော့ အမြဲတမ်း ကင်းငြိမ်းတာမျိုး၊ အကြွင်းမဲ့ ကင်းငြိမ်းတာမျိုးတော့ မဟုတ်သေးဘူး။ အမြဲတမ်း ကင်းငြိမ်းဖို့ကတော့ ဆိုင်ရာမဂ်ဉာဏ်တွေ ဆိုက်ရောက်သည်အထိ ဆက်လက်ရှုမှတ်သွားရပါတယ်။ ဒါမှလဲ ဆိုင်ရာမဂ်ဉာဏ်တွေက ဆိုင်ရာ အစွဲတွေကို အပြတ် ရှင်းသွားမယ်တဲ့။

ကဲ. . ဟောခဲ့ပြီးတဲ့ သဘောတရားလေးတွေ ပြန်မှတ်မိသွားအောင် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့။

### ထိဆဲမှတ်ရန် ဆောင်ပုဒ်သွန်

ထိဆဲခန္ဓာ မရှုမှတ်လို့၊ အစွဲသုံးရပ် ဝင်လာတယ်။
ငါကောင် ငါဟာ ငါထင်လွဲတော့၊ အစွဲသုံးရပ် ခေါ်ပါတယ်။
ထိဆဲစွဲလဲ သံသာဝဋ်မှ၊ တကယ်လွတ်ဖို့ ဖြစ်ဘူးကွယ်။
ဒါကြောင့်ပဲကွယ် အစွဲပြတ်အောင်၊ နည်းမှန်မှတ်ဖို့ ဖော်ပြမယ်။
ထိတဲ့အခါ ထိတယ်မှတ်တော့၊ အစွဲသုံးရပ် ကင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပိန်တဲ့အခါ ပိန်တယ်မှတ်တော့၊ အစွဲသုံးရပ် ကင်းပါတယ်။
မမြဲတာမြင်ရင် မာနကင်းသတဲ့၊ ဖွဲမာန်တင်းတင်း ရှုမှတ်ကွယ်။
ဆင်းရဲမြင်ရင် တဏှာကင်းသတဲ့၊ ဖွဲမာန်တင်းတင်း ရှုမှတ်ကွယ်။
သဘောမျှမြင်ရင် ဒိဋ္ဌိကင်းသတဲ့၊ ဖွဲမာန်တင်းတင်း ရှုမှတ်ကွယ်။
မှတ်ဆဲကင်းတာ ခဏကင်းမို့၊ အပြတ်ရှင်းဖို့ လိုသေးတယ်။
ဆိုင်ရာမဂ်ဉာဏ် ရောက်အောင်မှတ်မှ၊ အမြစ်ပြတ်အောင် ရှင်းနိုင်မယ်။
မှတ်ကွယ် . . . မှတ်ကွယ်။

## ငါးပါးခန္ဓာ တွေးဆဲမှာ

တွေးစရာမျိုးစုံ ဓမ္မာရုံက မနောအကြည်ခေါ် လူတွေအိပ်ပျော်တဲ့အခါမှာ ဖြစ်တဲ့ စိတ်မျိုး (ဘဝင်စိတ်) ကို လာပြီး ထိခိုက်တဲ့အခါကျတော့ မနောဝိညာဏ်ခေါ် တွေးသိစိတ်နှင့် အပေါင်းပါ စေတသိက်တွေ ဖြစ်ပေါ်လာကြတယ်။

ဒီနေရာမှာ ဓမ္မာရုံက (၁) ပသာဒရုပ် ၅-ခု၊ (၂) သုခုမရုပ်က ၁၆-ခု၊ (၃) စိတ်က ၈၉-ခု၊ (၄) စေတသိက်က ၅၂-ခု၊ (၅) နိဗ္ဗာန် (၆) ပညတ်ရယ်လို့ ၆-မျိုးရှိတယ်။ ဒါပေမယ့် အဲဒီ ၆-မျိုးထဲက နိဗ္ဗာန်နဲ့ ပညတ်ကိုတော့ ခန္ဓာအဖြစ် ရေတွက်လို့ မရဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် တွေးဆဲမှာ ပသာဒရုပ်၊ သုခုမရုပ်နဲ့ တွေးစိတ်ရဲ့မှီရာ (ဟာဒယဝတ္ထု) ရုပ်တို့ကတော့ ရူပက္ခန္ဓာဖြစ်တယ်။ တွေးလို့ ကောင်း၊ မကောင်းနှင့် မဆိုးမကောင်းခံစားမှုက ဝေဒနာက္ခန္ဓာဖြစ်တယ်။

တွေးစရာကို မှတ်သားမှုသဘောက သညာက္ခန္ဓာ ဖြစ်တယ်။

တွေးဖြစ်အောင် ကြောင့်ကြပြုမှု၊ နှလုံးသွင်းမှုတို့ကတော့ သင်္ခါရက္ခန္ဓာ ဖြစ်တယ်။

တွေးသိစိတ်ရယ်၊ မနောအကြည်ခေါ် ဘဝင်စိတ်ရယ် ဒီနှစ်မျိုးတွဲကတော့ ဝိညာဏက္ခန္ဓာ ဖြစ်တယ်။ တကယ်လို့ တွေးစရာ အာရုံက စိတ်မွာရုံဖြစ်ရင်လဲ ဝိညာဏက္ခန္ဓာထဲပဲ ထည့်သွင်းရပါတယ်။

ဒါကြောင့် တွေးဆဲမှာ တကယ်ရှိတာဟာ ဒီရုပ်၊ နာမ်၊ ခန္ဓာတွေသာ ဖြစ်ကြပါတယ်။

ကဲ . . တွေးဆဲ (လောကီ) ခန္ဓာတွေကို မှတ်မိသွားအောင် ဆောင်ပုဒ်ဆိုကြဦးစို့။

**တွေးဆဲခန္ဓာ ဆောင်ပုဒ်ကဗျာ**

တွေးစရာအာရုံ မနောအကြည်ထိတော့၊ တွေးသိစိတ်ခါတ် ပေါ်လာတယ်။
တွေးဆဲရုပ်နာမ် ထိုတရားပင်၊ ခန္ဓာငါးပါး ဖြစ်ပါတယ်။
ရုပ်ဓမ္မာရုံ နှလုံးရုပ်မှာ၊ ရူပက္ခန္ဓာ ဖြစ်ပါတယ်။
တွေးစိတ်ဘဝင် နှစ်မျိုးတွဲမှာ၊ ဝိညာဏက္ခန္ဓာ ဖြစ်ပါတယ်။
သူတို့နှင့်ယှဉ် စေတသိက်များမှာ၊ ခန္ဓာသုံးပါး ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနက်, သညက်, သင်္ခါရက်တဲ့၊ စိတ်နဲ့ယှဉ်ဘက် ခန္ဓာကွယ်။
တွေးဆဲရှိတာ သူတို့ပဲကွဲ၊ အသည်းစွဲအောင် မှတ်ကြကွယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

[ဤနေရာ၌ ဝိပဿနာရှုရမည့် ခန္ဓာများအကြောင်းကိုသာ ဦးတည်ပြောနေခြင်းဖြစ်၍ မဂ်စိတ်ဖိုလ်စိတ်တည်းဟူသော စိတ်မွှာရုံကို ဝိညာဏက္ခန္ဓာထဲ ထည့်သွင်းပြီး မှတ်ယူထားပါ။ သဘောတရား အကြမ်းဖျင်း သိသာရုံလောက်သာ ဆောင်ပုဒ်စီထားသဖြင့် ကျန်စိတ်မွှာရုံများကိုလဲ ဆောင်ပုဒ်မစီဘဲ ခြွင်းချန်ထားပါသည်။]

## တွေးဆဲခဏ ရှုမှတ်ကြ

တွေးဆဲမှာ ထင်ရှားရှိတဲ့ လောကီရုပ်နာမ်ခန္ဓာတွေကို မပြတ်ရှုမှတ်ရပါတယ်။ မရှုမှတ်ရင် အဲဒီလောကီ ရုပ်နာမ်တွေကို ငါပိုင်ထင်တဲ့ တဏှာစွဲ၊ ငါထင်တဲ့ မာနစွဲနဲ့ ငါကောင်ထင်တဲ့ ဒိဋ္ဌိစွဲတွေ ဝင်လာတတ်ကြပါတယ်။

ဒီလို တွေးဆဲမှာ ဝင်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိတရားတွေဟာလဲ သံသရာ ချဲ့ထွင်တတ်တဲ့ နယ်ချဲ့တရားတွေပဲ ဖြစ်ကြတယ်။ သတ္တဝါတွေဟာ ဒီအစွဲတရားတွေ မကင်းသေးသမျှ သံသရာဝဋ်မှ မထွက်မြောက်နိုင်ကြပါဘူး။

www.burmeseclassic.com

ဒါကြောင့် တွေးဆဲမှာ ဒိတ္ထိ၊ မာန၊ ဒိဋ္ဌိတွေမဝင်ရအောင် တွေးတိုင်း၊ ကြံတိုင်း 'တွေးတယ်၊ ကြံတယ်' စသည်ဖြင့် မပြတ်ရှုမှတ်ရပါတယ်။ ဒီလိုရှုမှတ်သွားလို့ တွေးဆဲ ရုပ်၊ နာမ်၊ ခန္ဓာတို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေကို သိမြင်လာရင် အစွဲတွေ ကင်းငြိမ်းသွားမယ်တဲ့။

ဘယ်လိုလဲဆိုရင် တွေးဆဲ ရုပ်၊ နာမ်၊ ခန္ဓာတို့ရဲ့ ပေါ်လာပြီးနောက် ပျောက်ပျက်သွားတာကို သိတာဟာ အနိစ္စသဘောကိုသိတာ ဖြစ်တယ်။ ဒီလို တွေးဆဲ ရုပ်၊ နာမ်၊ ခန္ဓာတို့ရဲ့ အနိစ္စသဘောကို သိရင် ရုပ်နာမ်ကို ငါထင်တဲ့ မာနစွဲ ကင်းသွားမယ်တဲ့။

၄တွေးဆဲ ရုပ်၊ နာမ်၊ ခန္ဓာတို့ရဲ့ အဟောင်းပျောက်သွားလိုက် အသစ်ပေါ်လာလိုက်၊ အဟောင်းပျောက်သွားလိုက်၊ အသစ်ပေါ်လာလိုက်နဲ့ အသစ်အဟောင်း ပြောင်းလဲဖြစ်ပျက်နေတာကို သိတာဟာ တွေးဆဲ ရုပ်၊ နာမ်တို့ရဲ့ ဆင်းရဲတဲ့ ဒုက္ခသဘောကိုသိတာ ဖြစ်တယ်။ တွေးဆဲ ရုပ်နာမ်တို့ရဲ့ ဆင်းရဲသဘောကို မှတ်ဆဲမှာ သိမြင်ရင် ရုပ်နာမ်ကို ငါပိုင်ထင်တဲ့ တဏှာစွဲ ကင်းသွားမယ်တဲ့။

တွေးဆဲ ရုပ်၊ နာမ်တွေဟာ အကောင်အထည်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဘာတစ်ခုမျှမဟုတ်ဘဲ သဘောတရားသက်သက်မျှသာ ဖြစ်ပါတယ်။

ဒီသဘော ရုပ်၊ နာမ်တွေဟာ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီး ပျက်ချိန်ကျတော့ ပျက်သွားကြတာချည်းပါပဲ။ ဒီလိုမဖြစ်အောင် မပျက်အောင် တားဆီးလို့မရဘူးဆိုတာကို သိတာဟာ တွေးဆဲ ရုပ်နာမ်တို့ရဲ့ အနတ္တသဘောကိုသိမြင်တာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို အနတ္တသဘောကို ရှုမှတ်ဆဲမှာ ဉာဏ်ဖြင့်သိမြင်ရင် တွေးဆဲရုပ်၊ နာမ်ကို ငါကောင် သူကောင် စသည် ထင်တဲ့ ဒိဋ္ဌိစွဲ ကင်းပြတ်သွားမယ်တဲ့။

ဒါပေမယ့် ဒီလိုတွေးတိုင်း၊ ကြံတိုင်း၊ စိတ်ကူးတိုင်း၊ စဉ်းစားတိုင်း 'တွေးတယ်၊ ကြံတယ်၊ စိတ်ကူးတယ်' စသည်ဖြင့် ရှုမှတ်ခိုက်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိစွဲတွေ ကင်းငြိမ်းတယ် ဆိုတာကတော့ အမြဲတမ်း ကင်းငြိမ်းတာမျိုး မဟုတ်သေးဘူး။ ရှုမှတ်ရင် ငြိမ်းတယ်၊ မရှုမှတ်ရင် မငြိမ်းဘူးတဲ့။

အမြဲတမ်း ကင်းငြိမ်းဖို့ကတော့ ဆိုင်ရာဆိုင်ရာမဂ်ဉာဏ်တွေ ဆိုက်ရောက်သည်အထိ ဆက်လက်ရှုမှတ်သွားရပါတယ်။

ဒီလို ဆက်လက်ရှုမှတ်သွားလို့ ရုပ်၊ နာမ်၊ ခန္ဓာတို့ရဲ့ ဖြစ်ပျက်မှု ချုပ်ဆုံးရာ နိဗ္ဗာန်ကို သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိမြင်ဆိုက်ရောက် မျက်မှောက်ပြုသွားမယ်ဆိုရင် သောတာပတ္တိမဂ်ဉာဏ်က ဒိဋ္ဌိစွဲကို အပြတ်ရှင်းသွားမယ်တဲ့။

တဏှာစွဲနဲ့ မာနစွဲကတော့ အရဟတ္တမဂ်ဉာဏ်အထိ ဆိုက်ရောက်အောင် ဆက်လက်ရှုမှတ် အားထုတ်နိုင်ပါမှ အကုန်အစင် အကြွင်းအကျန်မရှိ ကင်းပြတ်သွားမယ်တဲ့။

ကဲ . . ဟောခဲ့ပြီးတဲ့ သဘောတရားတွေ ပြန်မှတ်မိသွားအောင် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့။

www.burmeseclassic.com

www.burmeseclassic.com

## တွေးဆဲမှတ်ရန် ဆောင်ပုဒ်ညွှန်

တွေးဆဲခန္ဓာ မရှုမှတ်လို့၊ အစွဲသုံးရပ် ဝင်လာတယ်။
ငါကောင် ငါ့ဟာ ငါထင်လွဲတော့၊ အစွဲသုံးရပ် ခေါ်ပါတယ်။
တွေးဆဲစွဲလဲ သံသာဝဋ်မှ၊ တကယ်လွတ်ဖို့ ဖြစ်ဘူးကွယ်။
ဒါကြောင့်ပဲကွယ် အစွဲပြတ်အောင်၊ နည်းမှန်မှတ်ဖို့ ဖော်ပြမယ်။
တွေးတဲ့အခါ တွေးတယ်မှတ်တော့၊ အစွဲသုံးရပ် ကင်းပါတယ်။
မမြဲတာမြင်ရင် မာနကင်းသတဲ့၊ ဇွဲမာန်တင်းတင်း ရှုမှတ်ကွယ်။
ဆင်းရဲမြင်ရင် တဏှာကင်းသတဲ့၊ ဇွဲမာန်တင်းတင်း ရှုမှတ်ကွယ်။
သဘောမျှမြင်ရင် ဒိဋ္ဌိကင်းသတဲ့၊ ဇွဲမာန်တင်းတင်း ရှုမှတ်ကွယ်။
မှတ်ဆဲကင်းတာ ခဏကင်းမို့၊ အပြတ်ရှင်းဖို့ လိုသေးတယ်။
ဆိုင်ရာမဂ်ဉာဏ် ရောက်အောင်မှတ်မှ၊ အမြစ်ပြတ်အောင် ရှင်းနိုင်မယ်။
မှတ်ကွယ်. . . မှတ်ကွယ်။

ကဲ. . 'ခန္ဓာငါးပါး ထင်ရှားရှိရင် ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ စသည်ဖြင့် ခေါ်ဝေါ်စရာ ဖြစ်လာတော့တာပဲ' ဆိုတဲ့ ရှင်နာဂသိန်မထေရ်မြတ်ရဲ့ စကားနဲ့ပတ်သက်ပြီး ရှင်းလင်း ဟောကြားလာလိုက်တာ အတော်လေးတောင် ရှည်သွားပြီ။ ဟောစရာလည်း စုံသလောက် ရှိသွားပါပြီ။ ဒါကြောင့် တရားနိဂုံး အသုံးသတ်ကြစို့ရဲ့။

www.burmeseclassic.com



## နိဂုံးဆုညွှန်း အမှမ်းစကား

ဤသို့ 'စကားစစ်ပွဲ' ခေါ် ခန္ဓာငါးပါး ရုပ်နာမ်တရားတော်ကို ရှိသေစွာ နာကြားကြသော ဓမ္မသဝန ကုသိုလ်ကံ စေတနာကြောင့် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ။

ကိုယ်တွင်းပူဆာ ကိလေသာရန်သူ အဆိုးအယုတ်တို့ကိုလဲ ဝိပဿနာဉာဏ် မဂ်ဉာဏ် တည်းဟူသော လက်နက်များတို့ဖြင့် အမျိုးပြုတ်အောင် ထိုးခုတ်ပယ်သတ်နိုင်ကြပြီးလျှင် ဘယ်တော့မှ ပြန်လည် မဆုံးရှုံး နိုင်သည့် အရဟတ္တဖိုလ်တည်းဟူသော အောင်ဆု အောင်ပန်းကုံးကို ကိုယ်စီကိုယ်င ပန်ဆင်နိုင်ကြပါစေလို့ ညွှန်းဆုပြုတဲ့ နိဂုံးဂါထာရွတ်ပြီး ဒီ တရားပွဲ ရပ်နားကြဦးစို့။

BURMESE CLASSIC

ဣမိနာ ပုညကမ္မေန၊ သုခိတာ ဟောထ သာဓဝေါ။
ဇေဂုစ္ဆိယေ ပဟန္တွာန၊ ပိဠန္ဓထ ဇယံ ဝရံ။

သာဓဝေါ၊ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ တုံမေ့၊ သင် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။ ဣမိနာပုညကမ္မေန၊ ဤသို့ စကားစစ်ပွဲခေါ် ခန္ဓာငါးပါး ရုပ်နာမ်တရားတော်ကို ရှိသေစွာ ကြားနာရသော ဓမ္မသဝန ကုသိုလ်ကံ စေတနာကြောင့်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာခြင်း ရှိကြကုန်သည်။ ဟောထ၊ စင်စစ်မသွေ ဖြစ်ကြပါစေကုန်သတည်း။ ဇေဂုစ္ဆိယေ၊ အရိယာတို့၏

www.burmeseclassic.com

www.burmeseclassic.com


ဉာဏ်အမြင်တွင် အမှန်တကယ်ပင် စက်ဆုပ်ရွံရှာဖွယ် ဖြစ်ကုန်သော။ ကိလေသော၊ ကိုယ်တွင်းပူဆာ ကိလေသာ ရန်သူအဆိုးအယုတ်တို့ကို။ ပဟာန္တာန၊ ဝိပဿနာဉာဏ် မဂ်ဉာဏ်တည်းဟူသော လက်နက်မားတို့ဖြင့် အမျိုးပြုတ်အောင် ထိုးခုတ်ပယ်သတ်သွားနိုင်ကြကုန်၍။ ဇယံ ဝရံ ဘယ်တော့မှ ပြန်လည်မဆုံးရှုံးနိုင်သည့် အရဟတ္တဖိုလ်တည်းဟူသော အောင်ဆု အောင်ပန်းကုံးကို။ ပိဋ္ဌန္ဓထ၊ အမြဲတစေ ကိုယ်စီကိုယ်ငှ ပန်ဆင် နိုင်ကြပါစေကုန်သတည်း။

BURMESE CLASSIC

သာဓု . . . သာဓု . . . သာဓု။

## နိဂုံးအနေ ဆုမွန်ခြွေ

တရားနာကြား . . . ကျင့်ပွားသူတွေ၊
ဘေးရန်ခပ်သိမ်း . . . ကင်းငြိမ်းပါစေ၊
သာသနာရေး . . . အားပေးနိုင်စေ၊
နိဗ္ဗာန်နန်း . . . စံမြန်းနိုင်ပါစေ။ ။

www.burmeseclassic.com

 www.burmeseclassic.com 

ဤသို့ 'အမြတ်ဆုံးစစ်သည်နှင့် စကားစစ်ပွဲ' တရားတော်များကို ရှိသေစွာ နာကြားကြရသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့ကြောင့် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

မြတ်စွာဘုရားရဲ့ သာသနာတော်မြတ်ကြီးကိုလဲ မြင့်သည်ထက်မြင့်၊ တင့်သည်ထက် တင့်အောင် ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟ နှစ်ပါးတို့ဖြင့် ချီးမြှောက်ထောက်ပံ့နိုင်ကြပါစေ။

'မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ တွေးတိုင်း' ဒီလိုအာရုံနှင့် ဒွါရဆုံတွေ့တိုင်း တကယ် ထင်ရှားရှိတဲ့ သဘော ရုပ်၊ နာမ်၊ ခန္ဓာတွေကို မပြတ် ရှုမှတ်ပွားများခြင်းဖြင့် ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့် တက်ပြီးလျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို သိမြင်ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။ ။

သာဓု. . . သာဓု. . . သာဓု။

သာသနာသက္ကရာဇ် ၂၅၂၇-ခုနှစ်၊
ကောဇာသက္ကရာဇ် ၁၃၄၅-ခု၊ ကဆုန်လဆန်း (၂) ရက်၊
သောကြာနေ့ (၂၇. ၄. ၈၃) နေ့မှာ ဤစာမူ ရေးပြီးသည်။

မြွန်တန်ဆာ အရှင်သုန္ဒရ

www.burmeseclassic.com

www.burmeseclassic.com

မဟာစည်နိုင်ငံခြားသာသနာပြုဓမ္မကထိက

**ပြွန်တန်ဆာ အရှင်သုန္ဒရ (ဓမ္မာစရိယ - ဘီအေ)**

ရေးသားသော စာအုပ်များ

၁။ ဒုစရိုက်အပြစ်ဘေး ကင်းလွတ်ရေးတရားတော်

၂။ ကံနှင့်လူသား ပုံပြတရားတော်

၃။ လူ့ကျင့်ဝတ် ပုံပြတရားတော်

၄။ ဒိဋ္ဌိ-တဏှာ ပယ်ခွာရေးတရားတော်

၅။ အမြတ်ဆုံးစစ်သည်နှင့် စကားစစ်ပွဲ တရားတော်

၆။ ကုသိုလ်ပန်း ပုံပြတရားတော်

ပင်ရင်းဖြန့်ချိရေး

**သီရိရတနာစာပေတိုက်**

၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com